International Bar Association Human Rights Institute



# ဦးကိုနီအား လုပ်ကြံသတ်ဖြတ်မှု-

## IBAHRI စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာချက်သည် မြန်မာနိုင်ငံတွင် တရားမျှတသော စစ်ဆေးစီရင်ခြင်းဆိုင်ရာ အမှုထားစရာကိစ္စရပ်များကို အသားပေးဖော်ပြပါသည်

နိုင်ငံတကာ ရှေ့နေအသင်း၏ လူ့အခွင့်အရေး အဖွဲ့အစည်းထံမှ အစီရင်ခံစာ

# ကျေးဇူးတင်လွှာ

နိုင်ငံတကာ ရှေ့နေအသင်း၏ လူ့အခွင့်အရေး အဖွဲ့အစည်း (IBAHRI) သည် ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

အထူးသဖြင့် Kari Ann Rotkin အား သူမ၏ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာချက်နှင့် အစီရင်ခံစာ ပြင်ဆင်မှုအတွက် ကျွန်တော်တို့ ကျေးဇူးတင်ရှိပါသည်။ ကျွန်တော်တို့၏ ကနဦး စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာသူ Georgia Drake အပြင် စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာချက်များတွင် ပံ့ပိုးကူညီကြသည့် Catherine Cooper နှင့် Laura Milne တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။ ထို့အပြင်၊ ဘာသာပြန်ဆိုမှု အကူအညီပေးခဲ့သည့် Charity Nwe Nwe Lwin နှင့် Charity Nwe Nwe Lin မအားလပ်ချိန်တွင် ဝင်ရောက်ကူညီပေးခဲ့သည့် L Khun Ring Pan နှင့် Myat Tun Thein တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာ ရေးသားမှု၊ ပုံဖော်ခြင်းနှင့် ထုတ်ဝေခြင်းအား IBAHRI ဒုတိယ ဒါရိုက်တာ Muluka Miti-Drummond၊ ဒါရိုက်တာ Baroness Helena Kennedy QC နှင့် ယခင် IBAHRI ဒါရိုက်တာ Phillip Tahmindjis AM တို့က ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။

IBAHRI အနေဖြင့် သုတေသန ဆောင်ရွက်ခြင်းနှင့် ဤအစီရင်ခံစာကို တည်းဖြတ်ခြင်းတွင် ကူညီခဲ့ကြသည့် Valeriia Hershkovych၊ Daniel Vollmer နှင့် Anja Bossow တို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

# မာတိကာ


**အစီရင်ခံစာ အနှစ်ချုပ်** 4

**I. ခြုံငုံသုံးသပ်ချက်** 8

**II. နောက်ခံအကြောင်းရင်း** 10

A. မိတ်ဆက် 10

B. မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် နောက်ခံသမိုင်းကြောင်း 11

C. မြန်မာနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ် 13

D. မြန်မာနိုင်ငံ၏ သက်ဆိုင်ရာ နိုင်ငံတကာနှင့် နိုင်ငံတော် တာဝန်ဝတ္တရားများ 15

**III. စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာချက်** 18

A. လေ့လာချက် နည်းပညာ 18

B. တရားခံအား တရားစွဲဆိုမှုများ 20

C. ပြစ်မှု 21

**IV. တွေ့ရှိချက်များ – တရားမျှတသော စစ်ဆေးစီရင်ခြင်းနှင့် တရားနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းဆိုင်ရာ အမှုထားစရာကိစ္စရပ်များ** 23

A. အခြေခံလွတ်လပ်ခွင့်များနှင့် စိတ်ကူးပေါက်သလို ထိန်းသိမ်းထားခြင်းမရှိရ – တာဝန်ရှိသော အာဏာပိုင်မရောက်မီ တရားခံကို ခေါ်ဆောင်လာရန် ပျက်ကွက်ခြင်း 23

B. ညှဉ်းပန်းနှိပ်စက်မှု၊ လူမဆန်မှုနှင့် သိက္ခာကျစေသော ဆက်ဆံပြောဆိုမှုကို တားမြစ်ခြင်း – ဆိုးရွားသော ဆက်ဆံမှုမြောက်သည့် ရဲများ၏ ညှဉ်းပန်းနှိပ်စက်မှု နှင့် ယင်းကဲ့သို့သော နည်းလမ်းဖြင့် ရရှိထားသော ထွက်ဆိုချက်များကို ဖယ်ရှားရန် မအောင်မြင်ခြင်း 26

C. တရားမစီရင်မီ အပြစ်ကင်းသည်ဟု ယူဆခြင်းနှင့် ဆိတ်ငြိမ်နေပိုင်ခွင့် 28

D. ထုချေခြင်းအတွက် လိုအပ်သော အာမခံချက်များ လုပ်ပိုင်ခွင့် – ထိရောက်သော တင်ပြဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ သက်သေနှင့် အမှုထားစရာကိစ္စများအတွက် တန်းတူညီသော အခွင့်အလမ်းပေးရန် ပျက်ကွက်ခြင်း 29

E. အခွင့်အာဏာရှိပြီး လွတ်လပ်ကာ မျက်နှာမလိုက်သော ခုံအဖွဲ့ – တရားသူကြီးများ၏ အာရုံမစိုက်မှုနှင့် ကျင့်ထုံးဆိုင်ရာ ကွဲလွဲချက်များ 34

F. မဖြစ်မနေလုပ်ရသော သေမိန့်ကို အသုံးပြုခြင်း 37

**V. တွေ့ရှိချက်များ – အပြုသဘောဆောင်သော ရှုထောင့်များ** 39

A. လွန်ကဲသော နှောင့်နှေးမှုမရှိဘဲ ကြိုးပမ်းခွင့် – တရားရုံးဆောင်ရွက်ချက်များ/လွန်ကဲသော နှောင့်နှေးမှုများ၏ ကာလ 39

B. အများပြည်သူ ကြားနာပိုင်ခွင့် – တရားခွင်သို့ အများပြည်သူ ဝင်ရောက်ခွင့် 40

**VI. နိဂုံး** 42

**VII. ထောက်ခံချက်များ** 43

**နောက်ဆက်တွဲ 1- တရားခံ** 46

ကြည်လင်း 46

အောင်ဝင်းဇော် 46

ဇေယျာဖြိုး 46

အောင်ဝင်းထွန်း 46

အောင်ဝင်းခိုင် 46

**နောက်ဆက်တွဲ 2- လေ့လာချက် ရက်စွဲများအပါအဝင် ဖြစ်မှုကြာချိန်** 47

**နောက်ဆက်တွဲ 3- တောင်းဆိုချက်များနှင့် အစည်းအဝေး ရက်စွဲများ** 51

# အစီရင်ခံစာ အနှစ်ချုပ်

2017 ခုနှစ်၊ ဇန်နဝါရီလ 29 ရက်နေ့တွင်၊ ဦးကိုနီနှင့် ဦးနေဝင်းတို့အား သေနတ်သမားက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပစ်သတ်ခဲ့ပါသည်။ ဦးကိုနီသည် အသက် 63 နှစ်အရွယ်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာရှေ့နေနှင့် အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီ၏ အဆင့်မြင့် တရားဥပဒေ အကြံပေးဖြစ်ပြီး မြန်မာနိုင်ငံ၏ တပ်မတော်က မူကြမ်းရေးဆွဲထားသော ဖွဲ့စည်းပုံကို ပြင်ဆင်ရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အတွက်နိုင်ငံတော် အကြံပေး ရာထူးကို ရေးဆွဲပေးရန် ကြိုးပမ်းမှုကြောင့် လူသိများသူဖြစ်ပါသည်။[1]သူသည် ဗုဒ္ဓဘာသာ ကိုးကွယ်သူများသော နိုင်ငံတွင် မူဆလင်ဘာသာဝင်ဖြစ်ပြီး 2015 အထွေထွေ ရွေးကောက်ပွဲအတွင်း မူဆလင် ကိုယ်စားလှယ်လောင်းများကို အရွေးခံစေရန် NLD ၏ ပျက်ကွက်မှုအား လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့သူလည်း ဖြစ်ပါသည်။[2]

အင်ဒိုနီးရှား ခရီးစဉ်ကနေ ပြန်လာပြီးနောက် သူ့မြေးလေးကို ချီထားစဉ် ကြည်လင်းက အနီးကပ်ပစ်ပြီး လုပ်ကြံသတ်ဖြတ်သွားခဲ့ခြင်းဖြစ်ပါသည်။ ယင်းနေ့တွင် လေဆိပ်၌ ရှိနေခဲ့သည့် ဦးနေဝင်းက ကြည်လင်း၏ ထွက်ပြေးမှုကိုတားဆီးရန် အုတ်နီခဲဖြင့်ပစ်ပြီး လိုက်ဖမ်းရန် ကြိုးပမ်းနေစဉ် သေနတ်ဖြင့် အပစ်ခံရကာသေဆုံးသွားခဲ့ပါသည်။[3] သူကတော့ ကလေးငယ်သုံးဦး၏ ဖခင် ဖြစ်ပါသည်။

လူသတ်မှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ကြည်လင်း၊ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းနှင့် အောင်ဝင်းခိုင်ဆိုသည့် လူငါးဦးအား တရားစွဲခဲ့ပါသည်။ ဖမ်းမမိသေးဘဲ လွတ်မြောက်နေဆဲဖြစ်သည့် အောင်ဝင်းခိုင်က လွဲပြီး ကျန်လူအားလုံးသည် ရန်ကုန်တိုင်းဒေသကြီးရှိ မြောက်ပိုင်းခရိုင်တရားရုံး၏ အထူးခုံအဖွဲ့တွင် 2019 ခုနှစ် ဖော်ဖေါ်ဝါရီလ 15 ရက်၌ စီရင်ချက်ချမှတ်ခံခဲ့ရပါသည်။

2017 ခုနှစ် ဇွန်လ 16 ရက်မှ 2019 ခုနှစ် ဖေဖော်ဝါရီလ 15 အထိ စစ်ဆေးစီရင်ခြင်း ဆောင်ရွက်မှုများကို စောင့်ကြည့်ရန် နိုင်ငံတကာ စစ်ဆေးစီရင်ခြင်း စောင့်ကြည့်လေ့လာသူ တစ်ဦးက ကူညီဆောင်ရွက်ပေးသည့် မျှတသော စစ်ဆေးစီရင်ခြင်း အာမခံချက်များ၏ ချိုးဖောက်ထိပါးမှု အလားအလာအတွက် နိုင်ငံတကာ ရှေ့နေအသင်း၏ လူ့အခွင့်အရေး အဖွဲ့အစည်း (IBAHRI) က စိုးရိမ်ခဲ့ပါသည်။ 1998 အထွေထွေညီလာခံတွင် သဘောတူလက်ခံခဲ့သည့် ကမ္ဘာတစ်ဝှမ်းလုံးက အသိအမှတ်ပြုသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို တိုက်တွန်းအားပေးပြီး ကာကွယ်ရန် လူတစ်ဦးချင်း၊ အဖွဲ့များနှင့် လူ့အဖွဲ့အစည်း အစိတ်အပိုင်းများဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဆိုင်ရာ ကုလသမဂ္ဂ၏ ပိုဒ်ခွဲ 9(ခ) တွင် စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာချက်လုပ်ပိုင်ခွင့်ကို ပံ့ပိုးပေးထားပါသည်။ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လေ့လာသူများကို စေလွှတ်ခြင်း ကျင့်ထုံးအား ကောင်းစွာသက်သေထူထားပြီး နိုင်ငံတကာအသင်းအဖွဲ့အတွင်း လက်ခံထားပါသည်။ အခြား နိုင်ငံတကာ၊ နိုင်ငံတော်နှင့် ဒေသဆိုင်ရာ တရားရေးရာအဖွဲ့အစည်းများနှင့်အတူ IBAHRI သည် ပြစ်မှုအချို့တွင် စစ်ဆေးစီရင်ခြင်းအား လေ့လာရန် ကိုယ်စားလှယ်များ စေလွှတ်ခြင်း အလေ့အထကို စတင်ချမှတ်ခဲ့သည်။ စစ်ဆေးစီရင်ခြင်း လေ့လာသူတစ်ဦး တက်ရောက်ခြင်းသည် တရားရုံးအား မျှတစွာ တရားစီရင်ကြောင်း၊ တရားရုံးက လုပ်ငန်းတာဝန်ကို မှန်ကန်စွာ လုပ်ဆောင်ခြင်းနှင့် မျှတသော စစ်ဆေးစီရင်ခွင့်အား အာမခံကြောင်း သေချာစေရန် ကူညီပေးပါသည်။

ခုံအဖွဲ့သည် ကြည်လင်းအား ဦးကိုနီကို ကြိုတင်ကြံရွယ်၍ လုပ်ကြံပစ်ခတ်မှုအတွက် ရာဇသတ်ကြီး ပုဒ်မ 302(1)(ခ)[4] ကို ချိုးဖောက်ကြောင်းနှင့် ဦးနေဝင်းကို သေစေမှုအတွက် ပုဒ်မ 302(2)[5] ကို ချိုးဖောက်ကြောင်း စီရင်ချက်ချမှတ်ခဲ့သည်။ ၎င်းမှာ သေမိန့်ချခံရပြီး ဦးနေဝင်းကို သေစေမှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် 20 ချမှတ်ခံခဲ့ရပါသည်။ လက်နက်ဥပဒေ၏ ပုဒ်မ 19(ဃ) နှင့် (စ) နှင့်အညီ တရားမဝင် လိုင်စင်မဲ့ လက်နက် ကိုင်ဆောင်မှုနှင့် သယ်ယူမှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ကိုပါ ကျခံရပါသည်။ ကြည်လင်းနှင့် အဓိက ပူးပေါင်းကြံစည်သူ ဖြစ်နိုင်သည့် အောင်ဝင်းဇော်သည်လည်း သေဒဏ်ချမှတ်ခံခဲ့ရသည်။

1 Hannah Beech၊ 'The Murder of an Honorable Lawyer in Myanmar' ကို ကြည့်ပါ The New Yorker (New York၊ 2017 ခုနှစ် မတ်လ 7 ရက်)www.newyorker.com/news/news-desk/the-murder-of-an-honorable-lawyer-in-myanmar ဝင်ကြည့်ရက် 2019 ခုနှစ် မတ်လ 13 ရက်၊ Bertil Lintner၊ 'No Justice for Slain Myanmar Lawyer U Ko Ni' (The Irrawaddy၊ 2017 ခုနှစ် ဇွန်လ 17 ရက်) www.irrawaddy.com/opinion/guestcolumn/nojustice-slain-myanmar-lawyer-ko-ni.html ဝင်ကြည့်ရက် 2019 ခုနှစ် မေလ 13 ရက်နေ့။

2 Hanna Hindstrom၊ 'NLD Blocked Muslim Candidates to Appease Ma Ba Tha- Party Member' ကို ကြည့်ပါ (The Irrawaddy၊ 31 August 2015) www.irrawaddy.com/election/news/nld-blocked-muslim-candidates-to-appease-ma-ba-tha-party-member ဝင်ကြည့်ရက် 2019 ခုနှစ် မေလ 13 ရက်နေ့။

3 ထွန်းထွန်း၊ 'Taxi Driver U Nay Win၊ a True Citizen' ကို ကြည့်ပါ (ဧရာဝတီ၊ 2017 ခုနှစ် ဇန်နဝါရီလ 31 ရက်) www.irrawaddy.com/features/taxi-driver-u-nay-win-a-true-citizen.html ဝင်ကြည့်ရက် 2019 ခုနှစ် မေလ 13 ရက်နေ့။

4 S 302(1)(ခ) အရ သေဒဏ်ချမှတ်ခံရခြင်းနှင့်အတူ ကြိုတင်ကြံရွယ်၍ လူသတ်မှု ကျူးလွန်သော ပြစ်မှုမြောက်ပါသည်။ ရာဇသတ်ကြီးဥပဒေ [အိန္ဒိယ အက်ဥပဒေ XLV၊ 1860] (2016 တွင် ပြင်ဆက်ချက်အရ)။

5 S 302(2) အရ လူသတ်မှု ကျူးလွန်သော ပြစ်မှုမြောက်ပါသည်။

ပုဒ်မ 302(1)(ခ) အရ ဦးကိုနီအား လုပ်ကြံသတ်ဖြတ်မှု။ ပုဒ်မ 201[6]အရ သက်သေခံကို ပျောက်ကွယ်စေခြင်းနှင့် သက်သေကို မှားယွင်းစေခြင်းအတွက် ခုံအဖွဲ့သည် ဇေယျာဖြိုးအား ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ထောင်ဒဏ် ငါးနှစ် စီရင်ချက်ချခဲ့ပါသည်။ပုဒ်မ 201 သည် ဇေယျာဖြိုးအား မူလ စွဲချက်တင်မှု၏ တစ်စိတ်တစ်ပိုင်း မဟုတ်ခဲ့ပါ။ အောင်ဝင်းထွန်းသည် အောင်ဝင်းဇော်၏ ထွက်ပြေးရန် ကြိုးပမ်းမှုတွင် ပုန်းအောင်းခွင့်ပေး၍ သူ၏ ပါဝင်မှုအတွက် ပုဒ်မ 212[7] အရ ထောင်ဒဏ်သုံးနှစ် ချမှတ်ခံရသည်။ မြောက်ပိုင်းခရိုင်တရားရုံးက ကြိုးကိုင်ခြယ်လှယ်သူဟု ယူဆခံရသည့် အောင်ဝင်းခိုင်ကို ဖမ်းမိရန်မှာ ခက်ခဲလွန်းသည်ဟု ဆုံးဖြတ်ခဲ့သည်။[8] IBAHRI က စစ်ဆေးစီရင်ခြင်းသည် မြန်မာနိုင်ငံက စစ်ဆေးမှုအများစုထက်တော့ ပိုကောင်းသည်ဟု အသိအမှတ်ပြုခဲ့သည်။ သို့သော်၊ ၎င်းသည် တရားမျှတသော စစ်ဆေးစီရင်ခြင်းအတွက် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီသည်ဟု မဆိုလိုပါ။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအောက်တွင် အမြတ်တနိုးထိန်းသိမ်းထားသောကြောင့် စွပ်စွဲခံရသူများထံ အလားတူ အခွင့်အရေးများကို လေးစားသမှုဖြင့်ပေးသည့် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်လည်း မကိုက်ညီပါ။ အထူးသဖြင့်၊ IBAHRI တွေ့ရှိချက်များမှာ

- တရားခံကို ဆက်လက်ထိန်းသိမ်းထားခြင်းအတွက် ဥပဒေက သတ်မှတ်ထားသည့် ကျင့်ထုံးများကို လိုက်နာရန် ရဲဌာန၏ ပျက်ကွက်မှုနှင့် အာမခံချက်ပေးနိုင်သော ကျူးလွန်မှုအတွက် စွပ်စွဲခံရသူများကို ဆက်လက်ထိန်းသိန်းခြင်းက ၎င်းတို့၏ လွတ်လပ်ခွင့်ကို ချိုးဖောက်ကြောင်း၊
- ထိန်းသိမ်းခံထားရသည့် စွပ်စွဲခံရသူအား ဝန်ခံလာရန် တိုက်တွန်းပေးခြင်းဖြင့် မှားယွင်းစွာ ဆက်ဆံမှု၊ သက်သေအချို့ထံမှ လက်ခံရရှိသည့် ဖိအားပေးထားသည့် ထွက်ဆိုချက်နှင့် အဆိုပါ နည်းလမ်းဖြင့် ရရှိထားသော ထွက်ဆိုချက် သို့မဟုတ် သက်သေအထောက်အထားကို ဖယ်ရှားရန် ပျက်ကွက်ခြင်းသည် လူသားဂုဏ်သိက္ခာနှင့် နှိပ်စက်ခံရမှု၊ ရက်စက်မှု၊ လူသားမဆန်မှုနှင့် ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှုတို့အား မည်မည်ရရ ချိုးဖောက်မှုဖြစ်ကြောင်း၊
- ထွက်ဆိုမှုမပြုမီ မြန်မာနိုင်ငံဥပဒေအရ တရားခံတစ်ဦးစီအတွက် ပြည့်စုံသော သတိပေးချက် ထုတ်ပေးရန် ပျက်ကွက်ခြင်းသည် ဆိတ်ငြိမ်နေပိုင်ခွင့် ပါဝင်သော ၎င်းတို့၏ အပြစ်ကင်းသည်ဟု ယူဆခံရပိုင်ခွင့်ကို ထိခိုက်ကြောင်း၊
- အကျဉ်းကျသည့် အစောပိုင်းရက်များအတွင်း တရားရေးရာ ကိုယ်စားလှယ်ရယူခွင့်မရှိခြင်း၊ ရှေ့နေများအတွက် တန်းတူညီမှုမရှိသော သက်သေအထောက်အထား ရပိုင်ခွင့်နှင့် တရားခံရှေ့နေအား ခြိမ်းခြောက်မှုများသည် ထုချေမှုအတွက် လိုအပ်သော အာမခံပိုင်ခွင့်များ ထိခိုက်ကြောင်း၊
- အထူးခုံအဖွဲ့တွင် အရည်အချင်းရှိသူမှ အမြဲရှိမနေဘဲ အချို့သောအဖြစ်အပျက်များတွင် တရားခွင်ကိုထိန်းချုပ်၍မရနိုင်ခြင်း၊ မျက်မြင်သက်သေ သက်သေခံမှုကိုစီမံအုပ်ချုပ်ခြင်း သို့မဟုတ် မကောင်းသောဆက်ဆံမှု သို့မဟုတ် အကျပ်ကိုင်မှုမှတစ်ဆင့် ရရှိထားသော သက်သေကို ပယ်ဖျက်ခြင်း၊
- အထူးတရားရုံးသည် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးများ၏ ထွက်ဆိုချက်အတွက် မသင့်လျော်သည့် လိုက်လျောမှုများကို ပြသခဲ့ခြင်းကြောင့် လွတ်လပ်ပြီး မျက်နှာမလိုက်သည့် အခွင့်အာဏာရှိသော ခုံအဖွဲ့၏ တရားရုံးတွင် ကြားနာစစ်ဆေးခွင့်ကို ထိခိုက်ပြီး
- ကြည်လင်းနှင့် အောင်ဝင်းဇော်တို့အား သေဒဏ်ချမှတ်ခြင်းသည် ၎င်းတို့၏ အသက်ရှင်သန်ခွင့်ကို ချိုးဖောက်ရာ ရောက်ပါသည်။

၎င်းမှာ စစ်ဆေးစီရင်ခြင်း တစ်ခုတည်းသာ ဖြစ်သော်လည်း၊ ဤအမှုကို လေ့လာချက်သည် မြန်မာနိုင်အတွင်း စစ်ဆေးစီရင်ခြင်းမပြုမီ ယေဘုယျတရားမျှတမှုနှင့် တရားရုံး စုံစမ်းစစ်ဆေးခြင်းများနှင့် ပတ်သက်၍ စိုးရိမ်မှုကို တိုးလာစေခဲ့သည်။ ဤအမှုမှ သိလိုက်ရသည့် ရှင်းလင်းထင်ရှားသောအချက်မှာ ရာဇဝတ်ရေးရာ တရားဥပဒေ စနစ်နှင့် စနစ်၏ ကိုယ်စားလှယ်များဖြစ်သည့် ရဲ၊ တရားလိုဘက်၊ ရှေ့နေများနှင့် တရားသူကြီးများအားလုံးတို့သည် မျှတသောတရားစီရင်ခွင့်များကို ကာကွယ်ခြင်းအား သေချာစေသင့်ကြောင်း ဖြစ်ပါသည်။

---

6 S 201 သည် ပြစ်မှု ကျူးလွန်ထားပြီးဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းပြချက်ရှိပြီး သို့မဟုတ် သိနားလည်မှုဖြင့် သို့မဟုတ် တရားဝင် ပြစ်ဒဏ်ချမှတ်မှုမှ ကျူးလွန်သူကို စစ်ဆေးရန် ရည်ရွယ်ချက်ဖြင့် သို့မဟုတ် တစ်ဦးတစ်ယောက် ယုံကြည် သို့မဟုတ် သိထားသည်မှာ မှားယွင်းသည်ဆိုသည့် ယုံကြည်မှုဖြင့် သက်သေပျောက်ကွယ်စေရန် ကြိုးပမ်းမှုကို ဖြစ်စေပါသည်။ တစ်ဦးတစ်ယောက် သိရှိသော သို့မဟုတ် ယုံကြည်သော ပြစ်မှုက သေဒဏ် ချမှတ်ရနိုင်ပါက ပြစ်မှုအား ခုနစ်နှစ်အထိ ထပ်တိုးနိုင်သည့် ထောင်ဒဏ် ချမှတ်နိုင်ပါသည်။

7 S 212 သည် တစ်ဦးတစ်ယောက် သိရှိသော လူတစ်ဦးအား ခိုအောင်းခွင့်ပေးရန် သို့မဟုတ် ဖုံးကွယ်ခြင်း ပြစ်မှုဖြစ်စေသည် သို့မဟုတ် တရားဥပဒေဆိုင်ရာ ပြစ်ဒဏ်ချမှတ်မှုမှ ကျူးလွန်သူအား စစ်ဆေးရန် ရည်ရွယ်ချက်ဖြင့် ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် အကြောင်းရင်းရှိသည်။ ထိုလူအား ဆယ်နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ပါသည် (ပြစ်မှုအား သေဒဏ်ချမှတ်လိုက်ပါက)။

8 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ ဖွန်လ 23 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

ဤကဏ္ဍအတွက်၊ IBAHRI သည် အောက်ပါ အကြံပြုချက်များ ပြုလုပ်ထားပါသည်-

**နိုင်ငံတော် ရှေ့နေချုပ်ရုံးနှင့် လွှတ်တော် (မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်) အနေဖြင့်လုပ်ဆောင်သင့်သည်မှာ**

- မဖြစ်မနေချမှတ်ရသော အမြင့်မားဆုံးသော ပြစ်ဒဏ် အပါအဝင် ဥပဒေအားလုံးမှ သေဒဏ်ကို ဖယ်ရှားရပါမည်၊
- အပြစ်ကင်းသည်ဟု ယူဆခံရပိုင်ခွင့်နှင့် အခြား မျှတသော စမ်းသပ်စစ်ဆေးခွင့်များကို အတည်ပြုပေးသည့် သီးခြားပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်းရန် ဖွဲ့စည်းပုံနှင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးကို ပြင်ဆင်ရမည်၊ ၎င်းတွင် စစ်ဆေးစီရင်စဉ်အတွင်း တိတ်ဆိတ်နေခွင့်နှင့် တရားခံ၏ ဆိတ်ငြိမ်မှုမှ ဖြစ်လာသည့် ပြောင်းပြန်ယူဆချက်တစ်စုံတစ်ရာကို တားမြစ်ခြင်းတို့ ပါဝင်သင့်ပါသည်။
- အများပြည်သူနှင့် နိုင်ငံရေး ရပိုင်ခွင့်များအတွက် နိုင်ငံတကာ ကတိကဝတ်နှင့် ညှဉ်းပန်းနှိပ်စက်မှုမပြုရေး ကတိကဝတ် အပါအဝင် မြန်မာနိုင်ငံက မပါဝင်သေးသည့် နိုင်ငံအချင်းချင်း သဘောတူစာချုပ်များကို လက်မှတ်ထိုး၊ အတည်ပြုပြီး အကောင်အထည်ဖော် လုပ်ဆောင်သွားရန်နှင့် ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ နှစ်မျိုးလုံးကို သတ်မှတ်ထားကြောင်း သေချာလုပ်ဆောင်ရပါမည်၊ ထို့အပြင်
- နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်များကို ထိခိုက်သောအခါ ထိခိုက်နစ်နာသူများ၏ အမြင်များ နှင့် စိုးရိမ်ရမှုများကို ထည့်သွင်းစဉ်းစားခြင်း အပါအဝင် 'တာဝန်များကို တရားမျှတစွာ၊ စဉ်ဆက်မပြတ် ထိရောက်မြန်ဆန်စွာ လုပ်ဆောင်ခြင်း' ဆိုသည့် ၎င်းတို့၏ တာဝန်ကို ဥပဒေအရာရှိများက သတိပြုမိကြောင်း သေချာလုပ်ဆောင်ရပါမည်။

**မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပါဝင်သော ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လုပ်ဆောင်သင့်သည်မှာ**

- ရန်ကုန်မြို့ရှိ အောင်သပြေ စစ်ဆေးမေးမြန်းရေးစင်တာတွင် မရေရာသော၊ နိုင်ထက်စီးနင်းပြုသော စိစစ်မေးမြန်းမှုများကို ပြုလုပ်ခြင်း အား ရပ်တန့်ရန်၊
- ဖြောင့်ချက်ပေးရန် တရားရုံးသို့ ခေါ်ဆောင်လာသည့်လူတိုင်းသည် ဆန္ဒအလျောက် ထိုသို့ပြုလုပ်နေခြင်းဖြစ်ပြီး ၎င်း၏ အကျိုးဆက် များကို အပြည့်အဝ သိနားလည်ကြောင်း သေချာစေရန်၊
- ရဲနှင့် အကျဉ်းထောင် အာဏာပိုင်အားလုံးသည် နိုင်ငံတကာနှင့် အမျိုးသား လူ့အခွင့်အရေး စံနှုန်းများအပြင် ယင်းတို့အား လေးစား လိုက်နာပြီး ကာကွယ်သွားရမည့် ၎င်းတို့၏တာဝန်ဝတ္တရားကို လေးစားလိုက်နာမှုနှင့်ပတ်သက်ပြီး သိနားလည်ကြောင်းသေချာစေရန်၊
- နိုင်ထက်စီးနင်းမပြုသော စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်သည့်ပုံစံနှင့် ပတ်သက်၍ သင့်လျော်သော သင်တန်းများ ပို့ချရန်၊ လုံလောက် ပြီး သင့်လျော်သောလမ်းညွှန်ချက်များမရှိပါက၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်သူများ၏အထောက်အပံ့နှင့် အကြံဉာဏ် နှင့်အတူ ဖန်တီးရန် သို့မဟုတ် ပြင်ဆင်ရန်၊
- စွပ်စွဲခံရသည့် လူများအား ၎င်းတို့ ဖမ်းဆီးခံရပြီးနောက် ပထမဆုံးအခွင့်အလမ်းတွင် ရှေ့နေများနှင့် ၎င်းတို့၏ မိသားစုများနှင့် ချက်ချင်း၊ လျှို့ဝှက် တွေ့ဆုံခွင့်ပြုရန်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အခြားလိုအပ်သော အကူအညီများ အပါအဝင် လျှို့ဝှက် ရယူခွင့်များ ဆက်လက်ခွင့်ပြုရန်၊ အပြင်
- ရဲနှင့် အကျဉ်းထောင် အရာရှိများက စွပ်စွဲထားသည့် အမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ် ရန်နှင့် ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်ဟု သိထားသူများက စည်းကမ်းဥပဒေအရနှင့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲမှုများဖြင့် တာဝန်ယူကြောင်း သေချာစေရန်တို့ဖြစ်သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေဖြင့် လုပ်ဆောင်သင့်သည်မှာ-**

- တစ်ဦးတစ်ယောက်အား အပြစ်ကျူးလွန်ကြောင်းထွက်ဆိုခြင်း မပြုပိုင်ခွင့်အား ကာကွယ်ခြင်း ဖြစ်စေသည့် သင့်လျော်ပြီး သက်ဆိုင် သော တရားဥပဒေ အသွင်ပြောင်းလဲမှုကို ဆိုင်းငံ့ခြင်း၊ ၎င်းတို့ကိုယ်တိုင် ထွက်ဆိုကြသည့် တရားခံအားလုံးအတွက် သင့်လျော်ပြီး ပြည့်စုံလုံလောက်သည့် သတိပေးချက်များ ထုတ်ပေးရန်နည်းလမ်းအတွက် တရားသူကြီးများကို လေ့ကျင့်ပေးရန်၊
- တရားသူကြီးများသည် နိုင်ငံတော် တရားရုံးချုပ် 2017 တရားရေးရာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့်အညီပြုမူကြောင်း သေချာ စေရန်၊
- စစ်ဆေးစီရင်မှုများကို လွန်လွန်ကဲကဲ နောက်ကျခြင်း မရှိစေရန်အလို့ငှာ ပုံမှန်အကြောင်းရင်းဖြင့် အစီအစဉ်တကျ ကြားနာစစ်ဆေးမှု များကို ပြုလုပ်ကြောင်းသေချာစေရန်၊

- တရားရုံးတွင် အတင်းအဓမ္မလုပ်ဝန်ခံစေခြင်း၊ မှားယွင်းသော ထွက်ဆိုမှု ပြုလုပ်စေခြင်း ပြဿနာများနှင့် လက်မခံနိုင်သော သို့မဟုတ် မှန်ကန်စွာ ရယူမထားသော သက်သေများကို ဖယ်ချန်ခြင်း အပါအဝင် လေ့ကျင့်မှုနှင့် အပြန်အလှန် ဆွေးနွေးမှုဖြင့် တရားသူကြီးများအား တရားရုံး စီမံခန့်ခွဲမှု လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့်အာဏာပေးရန်၊

- တရားသူကြီးများသည် အပြည့်အစုံထားရှိပြီး တရားခံ၊ သက်သေ သို့မဟုတ် အခြား လူတစ်ဦးချင်းက အရာရှိများကို တိုက်ရိုက် အမှုဖွင့်ပြီး တရားရုံး စစ်ဆေးခြင်းများအတွင်း လာရောက်ရာတွင် ၎င်းတို့၏ အထက်လူကြီးထံ ပြဿနာကို တိုင်ကြားခြင်းကြောင့် ၎င်းတို့အား ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် နာကျင်စေခြင်းအတွက် ရဲများတွင် တာဝန်ရှိကြောင်းသေချာစေရန်၊

- ဥပဒေအရ ခွင့်ပြုထားသည့်ပမာဏကို ဖော်ပြသော ပြေစာနှင့်အတူ တောင်းဆိုမှုပြုလုပ်ပြီးနောက် 24 နာရီအတွင်း အပြစ်မရှိကြောင်း ပြောသည့် သက်သေအားလုံးနှင့် ရဲအရာရှိများအတွက် ပြုလုပ်ပေးသည့် ထွက်ဆိုချက်များ အပါအဝင် အမှုဖိုင်တစ်ခုလုံးအတွက် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများက တန်းတူညီသော အကြံဉာဏ်ရယူခွင့်ပေးကြောင်း သေချာစေရန်တို့ ဖြစ်သည်။

**ရှေ့နေများအသင်း၊ မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း (ILAM) နှင့် နိုင်ငံရှိ အခြားသောရှေ့နေများအသင်းများအနေဖြင့် လုပ်ဆောင်သင့်သည်မှာ-**

- တာဝန်ရှိသူများကို တရားစီရင်မှုသို့ ခေါ်ဆောင်လာကြောင်း သေချာစေသည့်ထင်မြင်ချက်ဖြင့် သက်ဆိုင်ရာအာဏာပိုင် ရောက်မလာမီ တရားဥပဒေပညာရှင်၏ လုပ်ဆောင်ချက်များကို ကြိမ်းဝါးခြင်းများ၊ ခြိမ်းခြောက်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်း သို့မဟုတ် မမှန်ကန်သော အဟန့်အတားများဖြစ်စေသည့်အမှုများကို ထည့်သွင်းစဉ်းစားပေးခြင်းအပါအဝင် နိုင်ငံရှိ ရှေ့နေများကို ပံ့ပိုးပေးကြောင်း သေချာစေရမည်၊

- ပြစ်မှုဆိုင်ရာ တရားစွဲခြင်းများ ပြုလုပ်စဉ် ရှေ့နေများအနေဖြင့် ၎င်းတို့၏ အမှုသည်များ၏ ရပိုင်ခွင့်များကို ချိုးဖောက်ခြင်းအား ဖော်ထုတ်ပြီး စောဒကတက်ရန် လုပ်ပိုင်ခွင့်ရှိကြောင်းနှင့် ချိုးဖောက်မှုများ ဖြစ်ပေါ်ချိန်တွင် စောဒကတက်ကြောင်း သေချာစေမည်၊

- ရှေ့နေများသည် သက်မွေးဝမ်းကျောင်းအတွက် ကျင့်ဝတ်စံနှုန်းများနှင့်အညီ ပြုမူရန် လိုအပ်ကြောင်း သတိပြုမိစေရန်တို့ ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍၊ နိုင်ငံတကာနှင့် ပြည်တွင်း ရှေ့နေများအပြင် ရှေ့နေများနှင့် ဆက်စပ်သော အဖွဲ့အစည်းများနှင့်အတူ ကျယ်ပြန့်သော ဆွေးနွေးမှုတို့ဖြင့် ILAM က ဖန်တီးရေးသားထားသည့် ကျင့်ဝတ်စည်းမျဉ်းများအား ဤကျင့်ဝတ်စံနှုန်းများကို အခြေခံ နားလည်မှုအဖြစ် အသုံးချနိုင်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတကာ အဖွဲ့အစည်း၊ ဒေသဆိုင်ရာ ပြည်သူ့အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် ဆောင်ရွက်ရန်မှာ-**

- လက်တွေ့ကျသော ဖြေရှင်းနည်းများကို စူးစမ်းရှာဖွေခြင်းနှင့် တစ်ဦးချင်းအား ၎င်းတို့၏ သင့်လျော်သော အခန်းကဏ္ဍများတွင် လုပ်ပိုင်ခွင့်အာဏာပေးခြင်းအပေါ် အသားပေး၍ တရားခံရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများနှင့် ရဲအရာရှိများအား တရားမျှတသော စစ်ဆေးစီရင်ခွင့်များအတွက် လေ့ကျင့်ပေးရန်၊ တရားစီရင်မှု ကဏ္ဍ ဆောင်ရွက်သူအားလုံးပါဝင်သည့် လေ့ကျင့်မှုသည် ရိုးသားသော ဆွေးနွေးမှုအတွက် အခွင့်အလမ်းများ ဖြစ်စေပြီး ညှိနှိုင်းထားသည့် သတင်းပေးခြင်းကို သေချာစေပါသည်၊

- နိုင်ထက်စီးနင်းမပြုသော စုံစမ်းစစ်ဆေးခြင်း နည်းလမ်းများကို အသုံးပြုရာတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကူအညီနှင့် ရဲဌာန လုပ်ထုံးလုပ်နည်းများတွင် ကူညီပေးရန်နှင့်

- နိုင်ငံတွင်းရှိ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှု စနစ်၏ တိုးတက်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အကူအညီပေးရန်တို့ ဖြစ်သည်။

# I. မြုံငုံသုံးသပ်ချက်

ကြည်လင်းနှင့် အောင်ဝင်းဇော်တို့သည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ 302(1)(ခ) နှင့် 34 တို့နှင့်အညီ ဦးကိုနီအား ကြိုတင်ကြံရွယ်ထားသော လူသတ်မှု ကျူးလွန်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲဆိုခံခဲ့ရပြီး စီရင်ချက်ချမှတ်ခံခဲ့ရသည်။[9] ဇေယျာဖြိုးသည် အစောပိုင်း၌ အလားတူ ပုဒ်မဖြင့် တရားစွဲဆိုခံခဲ့ရသော်လည်း တရားရုံးချုပ်ဟောင်းသည် 2018 ခုနှစ် ဖွန်လ 18 ရက်နေ့တွင် ပုဒ်မ 302(1)(ခ) နှင့် 109 နှင့်အညီ ကြိုတင်ကြံရွယ်သော လူသတ်မှုအား အားပေးကူညီမှုဖြင့် တရားစွဲဆိုမှုကို ပြင်ဆင်ခဲ့သည်။[10] ၎င်းအား တရားစီရင်မှုလမ်းကြောင်း သွေဖည်စေမှုအတွက် ပုဒ်မ 201 ကို ချိုးဖောက်မှုအတွက်သာ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။[11] ကြည်လင်းသည် ဦးနေဝင်းအား သေစေမှုအတွက် ပုဒ်မ 302(2) အပြင် တရားမဝင် လက်နက် ယူဆောင်ခြင်းနှင့် လက်ဝယ်ပြုခြင်းအတွက် ပုဒ်မ 19(ဃ) နှင့် (စ) တို့ဖြင့်လည်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။[12] အောင်ဝင်းထွန်းသည် သူ၏ ညီဖြစ်သူ အောင်ဝင်းဇော် ရှောင်တိမ်းနိုင်စေရန် ဘားအံသို့ ပို့ဆောင်ပေးခြင်းကြောင့် ပုဒ်မ 212 နှင့်အညီ တရားစွဲခံခဲ့ရပြီး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။[13]

| | |
|---|---|
| **လူသတ်မှု ရက်စွဲများ** | 2017 ခုနှစ်၊ ဇန်နဝါရီလ 29 ရက်နေ့ |
| **တရားခံ** | ကြည်လင်း (ဖိုးထူးအဖြစ်လည်း သိထားသည်)<br>အောင်ဝင်းဇော်<br>အောင်ဝင်းထွန်း<br>ဇေယျာဖြိုး<br>အောင်ဝင်းခိုင်၊ လွတ်နေဆဲ |
| **ဖမ်းဆီးရက်များ** | 2017ခုနှစ်၊ဇန်နဝါရီလ 29 ရက်နေ့တွင် ကြည်လင်း<br>2017 ခုနှစ်၊ဇန်နဝါရီလ30 ရက်နေ့တွင် အောင်ဝင်းဇော်<br>2017 ခုနှစ်၊ဇန်နဝါရီလ30 ရက်နေ့တွင် အောင်ဝင်းထွန်း<br>2017 ခုနှစ်၊ဖေဖော်ဝါရီလ3 ရက်နေ့တွင် ဇေယျာဖြိုး<br>အောင်ဝင်းခိုင် - ဖမ်းမမိသေး |
| **အမှုနံပါတ်** | အမှုနံပါတ် 45/2017 ဒုရဲမှူး မိုးနိုင်နှင့် ကြည်လင်း (ဖိုးထူး) အပါအဝင် တရားခံလေးဦး<br>လက်နက်အက်ဥပဒေ တရားစွဲဆိုချက်နှင့်အညီ ကြည်လင်းနှင့် အောင်ဝင်းဇော်တို့အားအတွက် အမှုနံပါတ် 46/2017 |
| **အာမခံဖြင့်လွတ်သည့်ရက်** | 2018ခုနှစ်၊ဖေဖော်ဝါရီလ 22 ရက်နေ့ တွင် အောင်ဝင်းဇော် တစ်ဦးတည်းသာ |
| **ဆိုင်းငံ့ရလဒ်အတွင်း အကျဉ်းချသည့်ရက်** | ကြည်လင်း- 747<br>အောင်ဝင်းဇော်- 746<br>ဇေယျာဖြိုး- 742<br>အောင်ဝင်းထွန်း- အာမခံဖြင့်မလွတ်ခင် 388 ရက် |
| **တရားရုံး** | မြောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ (အင်းစိန်တရားရုံးဟုလည်း သိကြသည့်) |
| **တရားစွဲဆိုချက်များ** | လက်နက်များကို တရားမဝင် သယ်ယူခြင်းနှင့် လက်ဝယ်ပြုခြင်းအတွက် ကြည်လင်းအား လက်နက်အက်ဥပဒေ 19(ဃ) နှင့် (စ) နှင့် ဦးကိုနီအား ကြိုတင်ကြံရွယ်ထားသော သေစေမှု ကျူးလွန်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုအတွက် ကြည်လင်းနှင့် အောင်ဝင်းဇော်အား ရာဇသတ်ကြီးဥပဒေ 302(1)(ခ) နှင့် 34 ကြိုတင်ကြံရွယ်ထားသော လူသေစေမှုအတွက် ဇေယျာဖြိုးအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ 302(1)(ခ) နှင့် 109 နေဝင်းကို သေစေမှုအတွက် ကြည်လင်းအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ 302(2)<br>ရာဇဝတ်မှုကျူးလွန်သူ (ညီဖြစ်သူ အောင်ဝင်းဇော်) အား ခိုအောင်းခွင့်ပေးခြင်းအတွက် အောင်ဝင်းထွန်းအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ 212 |

9 အထက်ပါ n 4 ရှိ ပုဒ်မ 302(1)(ခ) ကို ကြည့်ပါ။ ပုဒ်မ 34 က ဖော်ပြသည်မှာ- 'ယေဘုယျ ရည်ရွယ်ချက်အားလုံး ဖြည့်စွမ်းမှုအတွက် ရာဇဝတ်မှုဆိုင်ရာ အက်ဥပဒေအား လူများစွာက ဆောင်ရွက်ချိန်တွင်၊ ယင်းလူပုဂ္ဂိုလ်တစ်ဦးစီသည် ယင်းကျူးလွန်မှုအား တစ်ဦးတည်း ကျူးလွန်ဘိသကဲ့သို့ အဆိုပါ အပြုအမူအတွက် တာဝန်ရှိပါသည်။'

10 ပုဒ်မ 109 အရ လူတစ်ဦးက ကျူးလွန်မှုကို အားပေးပြီး ပြစ်မှုကို ကျူးလွန်ပါက၊ အားပေးသူသည် အကြောင်းရင်းဖြစ်စေသည့် ပြစ်မှုကြောင့် ဖြစ်လာသည့် အပြစ်ပေးမှုကိုအတွက် ပြစ်ဒဏ်ချမှတ်ခံရပါမည် (ဤတွင် ပုဒ်မ 302(1)(ခ))။

11 အထက်ပါ n 6 ရှိ ပုဒ်မ 201 ကို ကြည့်ပါ။

12 အထက်ပါ n 5 ရှိ ပုဒ်မ 302(2) ကို ကြည့်ပါ။ ပုဒ်မ 19(ဃ) အရ 'ပုဒ်မ 10 တွင် ထုတ်ပြန်ထားသည့် စည်းမျဉ်း သို့မဟုတ် ပြဋ္ဌာန်းချက်အား ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြင့် လက်နက်များ၊ ခဲယမ်းများ သို့မဟုတ် စစ်ဘက်ဆိုင်ရာ သိမ်းဆည်းမှုများကို သယ်ယူခြင်း' သည် တရားမဝင်ဖြစ်ဖြစ်ပြီး (စ) အရ ပုဒ်မ 14 သို့မဟုတ် ပုဒ်မ 15 ၏ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြင့် လက်နက်များ၊ ခဲယမ်းများ သို့မဟုတ် စစ်ဘက်ဆိုင်ရာ သိမ်းဆည်းမှုများကို လက်ဝယ်ပြုခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းမှာ ပြစ်မှု မြောက်ပါသည်။ နှစ်ခုလုံးအရ ထောင်ဒဏ် သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရနိုင်ပါသည်။ လက်နက်လိုင်စင်နှင့် ပတ်သက်၍ ပုဒ် 14 နှင့် 15 ကို ကြည့်ပါ။

13 အထက်ပါ n 7 ရှိ ပုဒ်မ 212 ကို ကြည့်ပါ။

| | |
|---|---|
| **တရားစွဲဆိုချက်များ (အဆက်)** | ကြည်လင်းသည် လူသတ်မှု မပြုမီ ရက်သတ္တပတ်အနည်းငယ်အတွင်း ထိုင်း-မြန်မာ နယ်စပ်ကို တရားမဝင် ဖြတ်ကျော်ခြင်းနှင့် 1947 မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အရေးပေါ် ပြဋ္ဌာန်းချက် အက်ဥပဒေ၏ ပုဒ်မ 13(1) အား ချိုးဖောက်ခြင်းအတွက် စစ်ဆေးစီရင်စဉ် ထောင်ဒဏ် တစ်နှစ် ချမှတ်ခံထားရပါသည်။[14]<br>ဇေယျာဖြိုး၏ ကုမ္ပဏီကို ရှာဖွေစဉ် တွေ့ရှိခဲ့သည့် ပစ္စည်းများကြောင့်၊ ၎င်းအား ရာဇသတ်ကြီးဥပဒေ [15] ၏ ပုဒ်မ 468 နှင့် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ 67 ကို ချိုးဖောက်ခြင်းဖြင့် တရားစွဲဆိုခံခဲ့ရသည်။[16] အဆိုပါ တရားစွဲဆိုချက်များကို ဆုံးဖြတ်ရန် သီးခြား တရားရုံးများက တရားစွဲခြင်းများကို ပြုလုပ်ခဲ့သည်။ |
| **လွှဲပြောင်းရက်နှင့် အငြိမ်းစားယူခြင်းအပါအဝင် တရားသူကြီးများ** | ရန်ကုန် မြောက်ပိုင်းခရိုင် တရားသူကြီ ဦးတင်ထွေး (ဥက္ကဌ)<br>ရန်ကုန် အရှေ့ပိုင်းခရိုင် တရားသူကြီး ဦးဇော်ထူး (အဖွဲ့ဝင်)<br>မြောက်ပိုင်း ဒုတိယ ခရိုင်တရားသူကြီး ဦးအုန်းနိုင် (အဖွဲ့ဝင်)<br>2018 ခုနှစ်၊ဇန်နဝါရီလ 12 ရက်နေ့အရ၊ ရန်ကုန် အရှေ့ပိုင်း ခရိုင်တရားသူကြီး ဦးခင်မောင်မောင်သည် ကယားပြည်နယ်၌ တာဝန်ထမ်းဆောင်ရန် ရာထူးတိုးခံခဲ့ရသည့် ဦးဇော်ထူးနေရာတွင် ဝင်ရောက်ခဲ့သည်<br>2018 ခုနှစ်၊မတ်လ 8 ရက်နေ့အရ၊ ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး တရားသူကြီး ဦးမြင့်ဟန်သည် အငြိမ်းစားယူသွားသည့် ဦးတင်ထွေးနေရာသို့ ဝင်လာခဲ့သည် |
| **ဥပဒေအရာရှိ** | ဒုတိယ ခရိုင် ဥပဒေအရာရှိ ဦးအောင်နိုင်ဦး၊ လက်ထောက် ဥပဒေအရာရှိ ဦးကြည်မောင်နှင့် လက်ထောက် ဦးနိုင်မြတ် |
| **တရားလိုရှေ့နေများ** | ဦးနေလက ကိုယ်စားပြုသည့် ဦးကိုနီ၏ မိသားစု၊ ရောဘတ်ဆန်းအောင်နှင့် ဒေါ်ခင်မိုးမိုးတို့က ကိုယ်စားပြုသည့် ဦးကိုနီ၏ မိသားစုဝင်ဖြစ်သည့် ဦးခင်မောင်ဌေးနှင့် ဦးမင်းမင်းဇော် |
| **တရားခံရှေ့နေများ** | ကြည်လင်းအတွက် ဦးကျော်ကျော်ထိုက်<br>အောင်ဝင်းဇော်နှင့် အောင်ဝင်းထွန်းအတွက် ဦးညွန့်ရွှေနှင့် အောင်ခိုင်<br>ဇေယျာဖြိုးအတွက် ဒေါ်ပပဝင်း |
| **စုံစမ်းရေးအဆင့်၏ ပထမရက်** | 2017 ခုနှစ်၊မတ်လ 16 ရက်နေ့အောင်ဝင်းခိုင်ကို ဖမ်းမိရန် စုံစမ်းစစ်ဆေးခြင်းပြုလုပ်ခြင်းနှင့် ဆက်စပ်၍ |
| **ထိရောက်သော တရားစွဲခြင်းများအတွက် ပထမရက်** | 2017 ခုနှစ်၊ ဇွန်လ 23 ရက်နေ့ |
| **IBAHRI လေ့လာမှု၏ ပထမရက်** | 2017 ခုနှစ်၊ ဇွန်လ 16 ရက်နေ့ |
| **တရားစွဲဆိုချက်များ အတည်ပြုသည့်ရက်** | 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 9 ရက်နေ့ |
| **ပြန်လည်စိစစ်ရေး အသနားခံစာ တင်သည့်ရက်** | 2018 ခုနှစ်၊ မတ်လ 16 ရက်နေ့ |
| **ပြန်လည်စိစစ်ရေး အသနားခံစာအတွက် တရားရုံးချုပ်ပောင်းက ဆုံးဖြတ်ချက်ချသည့်ရက်** | 2018ခုနှစ်၊ဇွန်လ18 ရက်နေ့၊ အောင်ဝင်းဇော်အား လက်နက်အက်ဥပဒေအတွက် တရားစွဲဆိုချက်များကို ဖယ်ထုတ်ခြင်းနှင့် တရားခံ (ရာဇသတ်ကြီးဥပဒေ ပုဒ်မများ 302(1)(ခ) နှင့် 109) အား ကူညီခြင်းနှင့် ခိုအောင်းခွင့်ပေးခြင်းအတွက် လူသတ်မှု (ရာဇသတ်ကြီးဥပဒေ 302(1)(ခ) နှင့် 34) ကျူးလွန်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုအတွက် ဇေယျာဖြိုးအား တရားစွဲဆိုချက်များကို ပြင်ဆင်ခြင်း |
| **ကြားနာထားသည့် သက်သေအားလုံးကို ပြန်ခေါ်သည့် ရက်စွဲ** | 2018ခုနှစ်၊မတ်လ 15 ရက်နေ့၊ 2018ခုနှစ်၊မတ်လ 22 ရက်နေ့ ကြားနာစစ်ဆေးချိန်တွင် ကြေညာထားသည့်အတိုင်း |
| **နောက်ဆုံး သက်သေကြားနာသည့် ရက်စွဲ** | 2019 ခုနှစ်၊ ဇန်နဝါရီလ 18 ရက်နေ့ |
| **တစ်ပတ်လျှင်နှစ်ကြိမ် ကြားနာစစ်ဆေးမှု စတင်သည့်ရက်စွဲ** | 2018 ခုနှစ်၊ ဇန်နဝါရီလ 19 ရက်နေ့ |
| **ထွက်ဆိုကြသည့် တရားလိုသက်သေ အရေအတွက်** | 72 |
| **ထွက်ဆိုကြသူများဟု ပြန်လည်ခေါ်ယူခံရသည့် တရားလိုသက်သေ အရေအတွက်** | 27 |
| **ထွက်ဆိုကြသည့် တရားခံသက်သေ အရေအတွက်** | 40 |
| **ကြားနာစစ်ဆေးမှု အကြိမ်ရေ** | 104 |
| **IBAHRI ၏ ကြားနာစစ်ဆေးမှု အကြိမ်ရေ** | 68 |
| **ဂျူရီအဖွဲ့၏ အဆုံးအဖြတ် ရက်စွဲများ** | 2019 ခုနှစ်၊ ဖေဖော်ဝါရီလ 15 ရက်နေ့ |
| **စီရင်ချက်များ** | ကြည်လင်းသည် ပုဒ်မ 302(1)(ခ) နှင့်အညီ သေဒဏ်ချမှတ်ခံရပြီး ပုဒ်မ 302(2) နှင့်အညီ ဦးနေဝင်းအား သေစေမှုအတွက် ထောင်ဒဏ် အနှစ် 20 အပြင် လက်နက်ဥပဒေ၏ ပုဒ်မ 19(ဃ) နှင့် (စ) နှင့်အညီ တရားမဝင် လိုင်စင်မဲ့ လက်နက် ကိုင်ဆောင်မှုနှင့် သယ်ယူမှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ကိုပါ ကျခံရပါသည်<br>အောင်ဝင်းဇော်သည် 302(1)(ခ) နှင့်အညီ ဦးကိုနီအား လုပ်ကြံသတ်ဖြတ်မှုအတွက် သေဒဏ်ချမှတ်ခံရပြီး<br>ဇေယျာဖြိုးသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ 201 အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခံခဲ့ရသည်<br>အောင်ဝင်းထွန်းသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ 212 အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခံခဲ့ရသည် |

14 ပုဒ်မ 13(1) အရ တရားဝင် လုပ်ထုံးလုပ်နည်းများကို မလိုက်နာဘဲ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခြင်း သို့မဟုတ် ဝင်ရောက်ခြင်းသည် တရားမဝင်ဘဲ ငါးနှစ်အထိ ထောင်ဒဏ်ကျခံရပါမည်။

15 ဇေယျာဖြိုးသည် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား တစ်ခုထက်ပိုပြီး လက်ဝယ်ရှိသည်ကို တွေ့ရှိထားပါသည်။ ပုဒ်မ 468 က ဖော်ပြသည်မှာ- 'စာရွက်စာတမ်းအတုများကို မသမာသောနည်းလမ်းဖြင့် သုံးရန် ရည်ရွယ်ချက်ဖြင့် လိမ်လည်အတုပြုမှုကို ကျူးလွန်သူတိုင်းသည် သုံးနှစ်အထိ တိုးနိုင်သည့် အချိန်ကာလ ဖော်ပြချက်အရ ထောင်ဒဏ်ချမှတ်ခံရနိုင်သည့်အပြင် ဒဏ်ငွေပါ ကောက်ခံရနိုင်ပါသည်။'

16 ဇေယျာဖြိုးသည် တရားမဝင်သော ဆက်သွယ်ရေး ကိရိယာများကိုလည်း လက်ဝယ်ပြုကြောင်း တွေ့ရှိရသည်။ လိုင်စင်မရှိဘဲ လိုင်စင်လိုအပ်သည့် တားမြစ်ကိရိယာများကို လက်ဝယ်ပိုင်ဆိုင်သူ သို့မဟုတ် အသုံးပြုသူတိုင်းသည် တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံး ကျခံရနိုင်သည်။

# II. နောက်ခံအကြောင်းရင်း

## A. မိတ်ဆက်

2017 ခုနှစ်၊ဇန်နဝါရီလ 29 ရက်နေ့ည 1700 နာရီခန့်တွင်၊ တရားလွှတ်တော်ရှေ့နေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ အကြီးတန်း တရားဥပဒေအကြံပေးဖြစ်သည့် ဦးကိုနီသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ရောက်ရှိဂိတ်တစ် အပြင်ဘက်တွင် သေနတ်ဖြင့် အပစ်ခံရ၍ သေဆုံးသွားခဲ့ပါသည်။ လေဆိပ်တွင်ရှိနေခဲ့သည့် ဦးနေဝင်းသည် သေနတ်သမားကို တားဆီးရန် ကြိုးပမ်းချိန်တွင် သေနတ်ဖြင့် ပစ်သတ်ခံရပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပဆေးရုံတွင် နာရီများစွာကြာပြီးနောက် သေဆုံးသွားခဲ့ပါသည်။ ရဲဌာန အဖွဲ့ဝင်များနှင့်အတူ ဦးနေဝင်းနှင့် အခြား အငှားယာဉ်မောင်းများ၏ ကြိုးပမ်းမှုကြောင့်၊ ကြည်လင်းအား သေနတ်သမားအဖြစ် ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းနေ့တွင်ပင် လေဆိပ်၌ ဖမ်းမိခဲ့ပါသည်။

ကြည်လင်းသည် လူသတ်မှုတွင် မန္တလေးရှိ အိုးဘိုအကျဉ်းထောင်တွင် ထောင်အတူကျဖူးသူဖြစ်ပြီး ယခင် တပ်မတော်အရာရှိတစ်ဦးဖြစ်သည့် အောင်ဝင်းဇော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု ထွက်ဆိုခဲ့သည်။ မြန်မာ့ရဲတပ်ဖွဲ့သည် 2017ခုနှစ်၊ဇန်နဝါရီလ30 ရက်နေ့တွင် ဘားအံသို့ ခရီးသွားနေခဲ့သည့် အောင်ဝင်းဇော်နှင့် ညီဖြစ်သူ အောင်ဝင်းထွန်းတို့ကို ဖမ်းဆီးခဲ့သည်။ စုံစမ်းစစ်ဆေးခြင်းများအရ 2017ခုနှစ်၊ဖေဖော်ဝါရီလ 3 ရက်နေ့တွင် တပ်မတော် ဗိုလ်ကြီးဟောင်းနှင့် တပ်မတော်၏ ဗဟို သတင်းထောက်လှမ်းရေးဌာန၏ နည်းပြဖြစ်သည့် ဇေယျာဖြိုးကို ဖမ်းဆီးရန် စတင်ခဲ့သည်။ ဇေယျာဖြိုးသည် အောင်ဝင်းဇော်၏ ညီဖြစ်သူ အောင်ဝင်းခိုင်နှင့် အောင်ဝင်းထွန်းတို့နှင့်အတူ စစ်တက္ကသိုလ်ကို အတူတကွ တက်ရောက်ခဲ့သောကြောင့် ၎င်းတို့နှင့် ရင်းနှီးသူဖြစ်ပြီး ဇေယျာဖြိုးသည် အောင်ဝင်းခိုင်အား စီးပွားရေးလုပ်ငန်းစလုပ်ရာတွင် ကူညီပေးခဲ့သူလည်းဖြစ်သည်။ အောင်ဝင်းဇော်သည် သူ၏ ညီဖြစ်သူ အောင်ဝင်းခိုင်သည် ဦးကိုနီကို လုပ်ကြံသတ်ဖြတ်ရန် စိတ်ကူးအား သူ့ကို ပြောလာကြောင်း ဝန်ခံထွက်ဆိုခဲ့သော်လည်း အောင်ဝင်းခိုင်ကို ဖမ်းမမိသေးပါ။ မသိသာသော နေရာတစ်ချို့ဆီသာ ဖမ်းဝရမ်း စေလွှတ်ခြင်းနှင့် လူသတ်မှုဖြစ်ပြီးနောက် ရက်သတ္တပတ်များစွာကြာသည့်တိုင် နိုင်ငံတကာ ရဲတပ်ဖွဲ့သို့ အသိပေးရန် ပျက်ကွက်ခြင်းတို့ အပါအဝင် အမှုမှန်ပေါ်ပေါက်ရေး ဆန္ဒမပြင်းထန်မှုနှင့် မှန်ကန်သော စုံစမ်းစစ်ဆေးခြင်း မရှိခြင်းကြောင့် ဤသို့ ဖြစ်ရခြင်းဟု လူများစွာက ယုံကြည်ပါသည်။[17] 2017ခုနှစ်၊ဇွန်လ 23 ရက်နေ့တွင်၊ မြောက်ပိုင်းခရိုင်တရားရုံး၏ အထူးတရားရုံးက ထိုလူအား ဖမ်းမိရန်မှာ ခက်ခဲလွန်းသောကြောင့် သူမပါဘဲ တရားစီရင်မှုများကို ဆက်လုပ်သွားရန် ကြေညာခဲ့ပါသည်။

တရားခံလေးဦးအား 2017 ခုနှစ်၊မတ်လအစောပိုင်းတွင် ရန်ကုန်မြို့၏ မြောက်ပိုင်းခရိုင်တရားရုံးသို့ ခေါ်ဆောင်သွားခဲ့သည်။ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ ပုဒ်မ 23(ခ) အရ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားသူကြီးချုပ်သည် အထူးတရားရုံးတွင် တရားစီရင်မှုများကို လုပ်ဆောင်သွားရန် တရားသူကြီးသုံးဦးအထိ တာဝန်ပေးထားပါသည်။[18]စစ်ဆေးစီရင်မှု ပြီးဆုံး၍ နှစ်နှစ်ကျော်တွင်သာ တရားသူကြီးတစ်ဦးတည်း ဆက်လက်ကျန်ရှိရပါမည်။ မူလ ဥက္ကဋ္ဌ၊ ဦးတင်ထွေးသည် အငြိမ်းစားယူခဲ့ပြီး ဒုတိယအဖွဲ့ဝင်သည် 2018 အစောပိုင်းတွင် ကယားပြည်နယ်သို့ ရာထူးတိုးခံခဲ့ရသည်။

တရားခံများကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ခေါ်ဆိုပြီးနောက် တစ်ပတ်အကြာတွင် စုံစမ်းမေးမြန်းမှု စတင်ခဲ့ပြီး စုံစမ်းစစ်ဆေးရေး အရာရှိခေါင်းဆောင်၊ လေဆိပ်ရှိ သက်သေများ၊ လေဆိပ်၏ ပတ်လမ်းပိတ်ရုပ်သံစနစ် (CCTV) ဗီဒီယိုအတွက် တာဝန်ရှိသော နည်းပညာဆိုင်ရာ အော်ပရေတာများ၊ တရားခံများ၏ အိမ်အားလုံးကို ရှာဖွေရာတွင် ပါဝင်ခဲ့သည့် အစိုးရအရာရှိများနှင့် ဇေယျာဖြိုး၏ ဝန်ထမ်းများအပါအဝင် တရားလို သက်သေ 72 ဦး ပါဝင်ခဲ့သည်။ တရားစီရင်ခြင်းများ စတင်ပြီးနောက် တစ်နှစ်နီးပါးအကြာ 2018ခုနှစ်၊ဖေဖော်ဝါရီလ 9ရက်နေ့တွင် တရားခံအားလုံးအပေါ် တရားစွဲဆိုချက်အားလုံးအား တရားရုံးက အတည်ပြုပေးခဲ့သည်။ ယင်းအခြေအနေတွင် အောင်ဝင်းထွန်း၏ ရှေ့နေသည် အာမခံဖြင့် လွှတ်ပေးရန် တောင်းဆိုခဲ့သည် – လေ့လာသူများ၏ သိနားလည်မှုအရ ၎င်းမှာ အမှုတစ်ခုလုံးတွင် တင်သွင်းခဲ့သည့် တစ်ခုတည်းသော အာမခံဖြင့်လွှတ်ပေးခွင့်ဖြစ်သည်။ မြောက်ပိုင်းခရိုင်တရားရုံးက ၎င်းကို အတည်ပြုပေးခဲ့သည်။

---

17 ဥပမာ၊ Smith/Wesson လက်နက်ကို ပိုင်းခြားစိတ်ဖြာခဲ့သည့် သက်သေသည် နိုင်ငံတကာ ရဲတပ်ဖွဲ့သို့ လက်နက်အမှတ်စဉ်နံပါတ်ကို ပေးပို့ရန်မှာ သူ့အလုပ်မဟုတ်ဟုဆိုပြီး ပေးပို့ခြင်း မပြုခဲ့ပါ။ IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ဒီဇင်ဘာလ 15 ရက်နှင့် 2018ခုနှစ်၊ဇန်နဝါရီလ 19 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။

18 ဤပြဌာန်းချက်က တရားရုံးချုပ်သည် တရားလူကြီး တစ်ဦးအထက် ပါဝင်သည့် တရားရုံးဖြင့် ခရိုင်တရားရုံးများ၏ အရေးကြီးအမှုကိစ္စများကို စစ်ဆေးဆုံးဖြတ်ရန် ညွှန်ကြားနိုင်သည်ဟု ဖော်ပြပါသည်။ 2017 ခုနှစ်၊မတ်လ 14 ရက်ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့် 44/2017 ကို ကြည့်ပါ။

2018 ခုနှစ်၊မတ်လ 16 ရက်နေ့တွင် တရားရုံးချုပ်ဟောင်း၌ ဖွင့်ဆိုခဲ့သည့် ပြန်လည်စိစစ်ရေး အသနားခံစာများပါ အတည်ပြုထားသည့် တရားစွဲဆိုချက်များကို နှစ်ဖက်လုံးက မသင့်ကြောင်း ထောက်ပြခဲ့သည်၊[19] သို့သော် ၎င်းတို့အား 2018ခုနှစ်၊ဇွန်လ18 ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ဖြင့် ထိရောက်စွာ ထိန်းချုပ်ထားခဲ့သည်။ တရားသူကြီး အောင်နိုင်၏ ဆုံးဖြတ်ချက်ဖြင့် တရားရုံးချုပ်ဟောင်းသည် တရားခံများကို နောက်ထပ် တရားစွဲဆိုချက်များ ပြုလုပ်ရန် ပယ်ချခဲ့ပြီး သိသာသော ပြင်ဆင်ချက်နှစ်ခုသာ ပြုလုပ်ခဲ့သည်- ယင်းပြင်ဆင်ချက်များက အောင်ဝင်းဇော်အား လက်နက်အက်ဥပဒေပုဒ်မ 19(ဃ) နှင့် (စ) အတွက် တရားစွဲဆိုချက်များကို ဖယ်ထုတ်ခြင်းနှင့် တရားခံ (ရာဇသတ်ကြီးဥပဒေ ပုဒ်မများ 302(1)(ခ) နှင့် 109) အား ကူညီခြင်းနှင့် ခိုအောင်းခွင့်ပေးခြင်းအတွက် လူသတ်မှု (ရာဇသတ်ကြီးဥပဒေ 302(1)(ခ) နှင့် 34) ကျူးလွန်ရန် လျို့ဝှက်ပူးပေါင်းကြံစည်မှုအတွက် ဇေယျာဖြိုးအား တရားစွဲဆိုချက်များကို ပြင်ဆင်ခြင်းတို့ ဖြစ်သည်။

တရားခံအဖြစ် လုံးဝ ထွက်ဆိုခဲ့ပြီး တရားသူကြီးများအဖွဲ့ကသာ မေးခွန်းမေးခဲ့သည့် ကြည်လင်းမှလွဲ၍ တရားခံအားလုံးသည် ထွက်ဆိုခဲ့ကြပြီး ပြန်လှန်စစ်ဆေးမေးမြန်းခြင်းကို နာခံခဲ့ရသည်။ တရားခံရှေ့နေသည် တရားလိုဘက် သက်သေ 27 ဦးကို ပြန်လည်ခေါ်ယူပြီး[20] သက်သေ 50 ခန့်အား အမည်ဖော်ပြခဲ့သည်၊ ၎င်းတို့အနက်လူများစွာက တရားရုံးသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့သည်။

နှစ်နှစ်ကျော်ကြာပြီးနောက်၊ ခုံအဖွဲ့သည် တရားခံအားလုံးအား စီရင်ချက်ချမှတ်ခဲ့သည်၊ ယင်းတို့မှာ ကြည်လင်းနှင့် အောင်ဝင်းဇော်အား ဦးကိုနီကို ကြိုတင်ကြံရွယ်၍ သတ်ဖြတ်မှုအတွက် သေဒဏ်၊သက်သေအထောက်အထားကို မမှန်မကန်လုပ်ခြင်းနှင့်[21] ဖျက်ဆီးခြင်းအတွက် ဇေယျာဖြိုးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်နှင့် ညီဖြစ်သူ အောင်ဝင်းဇော်ကို ခိုအောင်းခွင့်ပေးခြင်းကြောင့် အောင်ဝင်းထွန်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ်တို့ ဖြစ်သည်။ စီရင်ချက်အားလုံးအတွက် အချိန်ကာလကို မှတ်တမ်းတင်ခဲ့သည်။

## B. မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံဟု ဖွဲ့စည်းတည်ထောင်ထားသည့် နယ်မြေကို အစဉ်အဆက်ဘုရင်များက 1824၊ 1852 နှင့် 1885 တွင် ဖြစ်ခဲ့သည့် အင်္ဂလိပ်-မြန်မာစစ်ပွဲများ မတိုင်မီအထိ အုပ်ချုပ်ခဲ့ကြပြီး ယင်းစစ်ပွဲများပြီးနောက်တွင် ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်ရောက်ခဲ့ရပြီး ယင်းနောက်တွင် ဗမာပြည်ကို သိမ်းဆည်းထားသည့် အင်္ဂလိပ်တို့ကြောင့် အိန္ဒိယနိုင်ငံ၏ ကိုလိုနီ အုပ်ချုပ်မှုနိုင်ငံ ဖြစ်ခဲ့ရသည်။ အင်္ဂလိပ်တို့သည် ယနေ့အချိန်ထိ ကြီးကြီးမားမား ပြောင်းလဲခြင်းမရှိသေးသည့် ရာဇသတ်ကြီးဥပဒေနှင့် ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဒ်ဥပဒေ အပါအဝင် မြန်မာနိုင်ငံကို အုပ်ချုပ်ရန် အိန္ဒိယနိုင်ငံတွင် အသုံးပြုခဲ့သည့် ကိုလိုနီကိုဒ်ဥပဒေများကို ယူဆောင်အသုံးပြုခဲ့သည်။[22] မြန်မာနိုင်ငံတွင် 1948 ခုနှစ် ဇန်နဝါရီလ 4 ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ယင်းနောက်ပိုင်းကာလသည် တရားစီရင်ရေးအတွက် အမြင့်ဆုံးအချိန်ဖြစ်ခဲ့ပြီး တရားသူကြီးများက ၎င်းတို့၏ လွတ်လပ်မှုကို ကျင့်သုံးပြီး ယင်းအချိန်တွင် စီမံခန့်ခွဲရေး အက်ဥပဒေအချို့ကို တရားမဝင်ဟု ကြေညာခဲ့သည်။[23]

၎င်းသည် တပ်မတော်က နိုင်ငံတော်ကို 1962 ခုနှစ်တွင် အာဏာမသိမ်းခင် 14 နှစ်သာ ကြာခဲ့ပြီး တရားစီရင်ရေး လွတ်လပ်ခွင့်နှင့် တရားဥပဒေ ပညာရေး၏ အရည်အသွေးတွင် သိသာသော ရည်ရွယ်ချက်ရှိသည့် ကျဆင်းမှု ဖြစ်စေခဲ့သည်။ တပ်မတော်သည် သင့်လျော်သော လေ့ကျင့်မှု သို့မဟုတ် အရည်အချင်း မရှိသည့် တရားရေးရာ ရာထူးများကဲ့သို့ အသွင်ဆောင်သည့် ပါတီဝင်များနှင့်အတူ တရားလွှတ်တော်ချုပ်နှင့် အခြား တရားရုံးချုပ်များကို ဖယ်ရှားခဲ့သည်။[24] 1974 ဖွဲ့စည်းပုံသည် တရားရေးရာ လွတ်လပ်မှု ကင်းမဲ့စေရန် ချမှတ်ထားခြင်းဖြစ်သည်။ 1963 မှ 1996 အထိ၊

---

19 ပြန်လည်စိစစ်ရေး အသနားခံစာ သုံးစောင်ကို တင်သွင်းခဲ့သည်- ၎င်း၏ အမှုသည်များအတွက် တရားစွဲဆိုချက်များကို လျှော့ချရန် ကြိုးပမ်းနေသည့် ကြည်လင်းနှင့် ဇေယျာဖြိုးအတွက် တရားခံအကြံပေး နှစ်ဦးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် အမှတ် 23/2014၊ နယုန်လဆန်း 7 ရက်၊ 1376၊ ME၊ 4 ရက် ဇွန်လ 2014) ၏ ss 3(ခ)(1)–(18) နှင့် 41၊ 49(င) နှင့် 54 အရ တရားခံအားလုံးကို တရားစွဲဆိုချက်များ ထပ်တိုးရန်နှင့် အောင်ဝင်းထွန်းအတွက် အာမခံဖြင့်ထုတ်ပေးရန် ကြိုးပမ်းနေသည့် တရားလိုများ၏ အကြံပေးတစ်ဦး။ Ss 3(ခ)(1)–(18) သည် အကြမ်းဖက်သည့် အပြုအမူအမျိုးမျိုးကို အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ S 41 အရ အကြမ်းဖက်မှုကို ထောက်ပံ့သည့်လုပ်ရပ်များသည် ရာဇဝတ်မှုမြောက်ပြီး s 49(င) သည် အများပြည်သူ လေကြောင်း ခရီးသွားလာမှုအတွက် အသုံးပြုသည့် လေဆိပ်အား အကြမ်းဖက်မှုအတွက် အသုံးပြုခြင်းဆိုင်ရာ ပြစ်မှုသည် အနိမ့်ဆုံး ထောင်ဒဏ် ဆယ်နှစ်မှ အမြင့်ဆုံး ထောင်ဒဏ်တစ်သက်တစ်ကျွန်းအထိ ကျသင့်စေသည် သို့မဟုတ် သေမိန့် ကျသင့်စေပြီး s 54 သည် s 49 အရ ပြစ်မှုများ ကျူးလွန်စဉ် လူတစ်ဦး သို့မဟုတ် လူအများကို သေစေမှု သို့မဟုတ် ပြင်းထန်သော နာကျင်မှုဖြစ်စေခြင်းဟု ဆိုပါသည်။

20 တရားခံသည် ထုချေရန် သို့မဟုတ် အပြစ်မရှိကြောင်း အသနားခံရန် ငြင်းဆိုပါက ပြန်လှန်စစ်ဆေးခြင်းအတွက် တရားလိုသက်သေကို ပြန်လည်ခေါ်ဆိုပိုင်ခွင့် တရားခံတွင် ရှိသည်။ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဒ်ဥပဒေ [အိန္ဒိယအက်ဥပဒေ V၊ 1898] (2016 တွင် ပြင်ဆင်ထားသည့်အတိုင်း)၊ s 256(1) ကို ကြည့်ပါ။

21 ဖော်ပြထားသည့်အတိုင်း၊ ကြည်လင်းသည်လည်း ဦးနေဝင်းကို သေစေမှုကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်အနှစ် 20 ကျခံရပြီး လက်နက်အက်ဥပဒေကို ချိုးဖောက်ခြင်းအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် ကျခံခဲ့ရသည်။

22 အများပြည်သူကျင့်ထုံးဆိုင်ရာ ကိုဒ်ဥပဒေ [အိန္ဒိယ အက်ဥပဒေ V၊ 1908] (2014 တွင် ပြင်ဆင်ထားသည့်အတိုင်း)၊ ရာဇသတ်ကြီးဥပဒေ [အိန္ဒိယ အက်ဥပဒေ XLV၊ 1860] (2016 တွင် ပြင်ဆင်ထားသည့်အတိုင်း)၊ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဒ်ဥပဒေ [အိန္ဒိယ အက်ဥပဒေ V၊ 1898] (2016 တွင် ပြင်ဆင်ထားသည့်အတိုင်း) ကို ကြည့်ပါ၊ ဥပမာ၊ အများပြည်သူကျင့်ထုံးဆိုင်ရာ ကိုဒ်ဥပဒေ (ပြင်ဆင်ချက်) 1956 အက်ဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာဥပဒေ ပြင်ဆင်ထားသော ဥပဒေ (1963)၊ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဒ်ဥပဒေ ပြင်ဆင်ထားသော ဥပဒေ (1973)၊ အများပြည်သူကျင့်ထုံးဆိုင်ရာ ကိုဒ်ဥပဒေကို ပြင်ဆင်ထားသည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် 29/2014)၊ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ထားသည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် 6/2016)၊ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဒ်ဥပဒေကို ပြင်ဆင်နေသည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် 16/2016) ကိုလည်း ကြည့်ပါ။

23 မြင့်ဇံ၊ 'မြန်မာနိုင်ငံရှိ တရားရေး လွတ်လပ်ခွင့်- အတိတ်သို့ နောက်ကျမရှိတက်ပါ'၊ (2000) 5(1) အာရှပစိဖိတ်ဥပဒေနှင့် မူဝါဒဂျာနယ် 16 ('မြန်မာနိုင်ငံရှိ တရားရေး လွတ်လပ်ခွင့်')။

24 *Ibid* 20။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး၌ တက္ကသိုလ် ဥပဒေဌာနတစ်ခုသာရှိခဲ့သည်။[25]1974–1975 ဆန္ဒပြပွဲများ အပြီးတွင်၊ တက္ကသိုလ်များသည် ကျောင်းသားများ တစ်နှစ်အတွင်း ရက်ပေါင်းများစွာတွင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာ တွေ့ဆုံနိုင်စေရန် ကျောင်းသားများ စုရုံးခြင်းအား တားဆီးနိုင်စေဖို့ အဝေးသင်ပညာရေး သင်ရိုးများကို ဖြည့်ဆည်းပေးခဲ့သည်။[26]စာမေးပွဲမေးခွန်းများကို အဆုံးစွန်ထိ တွေးတော၍ ဖြေဆိုခြင်းအစား အလွတ်ကျက်၍ ဖြေဆိုခြင်းကို တိုက်တွန်းအားပေးခဲ့သည်။[27]1970 စုနှစ်များအတွင်း ဥပဒေ သင်ရိုးများကို မြန်မာဘာသာဖြင့် သင်ကြားခဲ့ပြီး တရားရုံးများက မြန်မာဘာသာကိုသာ ဆက်လက်အသုံးပြုလင့်ကစား အစိုးရက သင်ရိုးညွှန်းတမ်းများကို 1990 ခုနှစ်များတွင် အင်္ဂလိပ်ဘာသာသို့ ရုတ်ခြည်းပြောင်းလဲခဲ့သည်။[28]IBAHRI ၏ 2012 အစီရင်ခံစာ၊ မြန်မာနိုင်ငံ၏ ဥပဒေစိုးမိုးရေး တွင် ဖော်ပြထားသည့်အတိုင်း-စိန်ခေါ်မှုများနှင့် အလားအလာများ၊ 'မြန်မာနိုင်ငံ၏ တရားဥပဒေ အလုပ်အကိုင်သည် တမင်သက်သက် အောက်ခြေကလိုက်စားနေသောကြောင့် လုံလောက်မှု မရှိပါ' ရှေ့နေများသည် ၎င်းတို့၏ အမှုသည်များကို ထိရောက်စွာ ကိုယ်စားပြုပေးခြင်းကြောင့် နှောင့်ယှက်မှုနှင့် ပြစ်ဒဏ်များ ချမှတ်ခံရပါသည်။[29]

အစဉ်အဆက် ဆိုရှယ်လစ်နှင့် တပ်မတော် အစိုးရစနစ်နောက်ပိုင်းတွင်၊ ဆိုင်ကလုန်းမုန်တိုင်း နာဂစ် ဖြစ်ခဲ့သော်လည်း ဖွဲ့စည်းပုံအသစ်အား 2008 ခုနှစ် မေလတွင် အတည်ပြုခဲ့သည်။ ၎င်းက အဓိကသော ဝန်ကြီးရုံး ထိန်းချုပ်မှုနှင့် အားဖြင့် တပ်မတော်၏ အာဏာကို ခိုင်မာစွာ အမြစ်တွယ်စေခဲ့ပြီး ယခုအခါ သတင်းဆိုးဖြင့် ကျော်ကြားသော တရားဥပဒေစိုးမိုးရေကို 25 ရာခိုင်နှုန်း ထိန်းချုပ်ရင်း ဗီတိုအာဏာ ရရှိစေခဲ့ပါသည်။[30] သို့သော်၊ ဖွဲ့စည်းပုံသည်[30] အစိုးရအဖွဲ့သုံးဖွဲ့ကြား အာဏာများကို ခွဲဝေပေးပြီး တရားစီရင်ရေး လွတ်လပ်ခွင့်ကို အလေးပေးပြီး အပိုဒ် IIC တွင် ဆွေးနွေးတင်ပြထားသည့်အတိုင်း မျှတသော တရားစီရင်ခွင့်များနှင့် ဆက်စပ်သည်များ အပါအဝင် အခြေခံရပိုင်ခွင့်များ၏ အရေအတွက်တစ်ခုအထိ ပံ့ပိုးပေးသည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လက်ရှိ ကိစ္စရပ်များကို ကောင်းစွာ မှတ်တမ်းထားရှိပါသည်။ IBAHRI ၏ 2012 အစီရင်ခံစာသည် တရားစွဲဆိုခြင်းများတွင် လွတ်လပ်မှု ကင်းမဲ့ခြင်း အပါအဝင် ဖော်ပြထားသည့် စိုးရိမ်ရမှုများ၊ စီရင်ချက်ချမှတ်ရာတွင် တိကျသေချာစေရန် ဝန်ခံချက်များကို အသုံးပြုခြင်းနှင့် မပြည့်ဝသော တရားဥပဒေ ပညာရေးကို ဖော်ထုတ်ပေးခဲ့သည်။[31]တရားဥပဒေပညာရေးသည် ညံ့ဖျင်းနေဆဲဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားဖြင့် စာမေးပွဲစစ်ဆေးခြင်းနှင့် အလွတ်ကျက်၍ ဖြေဆိုခြင်းသည် ဘွဲ့ရများ၏ ဥပဒေကို အသုံးချနိုင်မှုအား လျော့ကျစေပါသည်။[32]2017 အစီရင်ခံစာတွင်၊ ရန်ကုန်တိုင်းဒေသကြီး၏ တရားရုံးများတွင် မျှတသော တရားစီရင်ခွင့်အား မြန်မာနိုင်ငံ၏ လေးစားလိုက်နာမှုကို အကဲဖြတ်ရန် ဖန်တီးထားသည့် သုံးနှစ်ကြာ စောင့်ကြည့်ရေး ပရောဂျက်မှ တွေ့ရှိချက်များကို ဒေသဆိုင်ရာ တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်း တရားမျှတမှု အခြေခံစနစ်က ဖော်ပြခဲ့သည်။ ၎င်းတွင် တရားစီရင်ရေးသည် လွတ်လပ်သော တရားစီရင်ရေးနှင့်ညီပြီး တရားခံ၏ ရပိုင်ခွင့်များကို ကာကွယ်ပေးခြင်း အပါအဝင် မျှတသော စစ်ဆေးစီရင်ခြင်းဖြစ်စေရန် လက်ရှိတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်ဟု ဖော်ပြထားသည်။[33]တရားဥပဒေ ကဏ္ဍ၏ တစ်ဦးချင်း အမြင်များသည် ဘက်လိုက်သော ထိန်းချုပ်မှုပုံစံ၊ ရှေ့နေများ၏ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုနည်းခြင်းနှင့် တရားဝင် အဖွဲ့အစည်းများအဝေးမှ သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန် စိတ်သန်ခြင်းတို့ဖြင့် အဆိုပါ စိုးရိမ်ပူပန်ရမှုများကို ဆက်စပ်တွေးတောမိစေပါသည်။[34]

---

25 မြင့်ဇံ၊ '1960 ခုနှစ်များမှစ၍ မြန်မာနိုင်ငံရှိ ဥပဒေပညာရေး' (2008) ဗမာ့လေ့လာရေး ဂျာနယ် 4၊ ပြင်ဆင်မထားသည့် အီလက်ထရွန်နစ်ဗားရှင်း ('ဥပဒေပညာရေး')။

26 *Ibid*၊14–18။

27 *Ibid*။

28 *Ibid*၊ 20။

29 IBAHRI၊ *မြန်မာနိုင်ငံ၏ ဥပဒေစိုးမိုးမှု- စိန်ခေါ်မှုများနှင့် အလားအလာများ*၊ 2012ခုနှစ်၊ဒီဇင်ဘာလ၊ pp 8၊ 63–64 ('2012 IBAHRI အစီရင်ခံစာ')။

30 *Ibid*၊21။

31 *Ibid*၊63–65။

32 နိုင်ငံတကာ ဥပဒေပညာရှင်များ ကော်မရှင်၊ 'မြန်မာနိုင်ငံ- ဥပဒေပညာရေး'၊ 2014ခုနှစ်၊မတ်လ 20 ရက်www.icj.org/cijlcountryprofiles/myanmar-introduction/legal-education 2019ခုနှစ်၊မေလ 13 ရက်တွင် ဝင်ကြည့်ခဲ့သည်။

33 တရားမျှတမှု အခြေခံ၊ 'မြန်မာနိုင်ငံတွင် စောင့်ကြည့်ခြင်း- မျှတသော စစ်ဆေးစီရင်ခွင့်များဖြင့် မြန်မာနိုင်ငံ၏ လေးစားလိုက်နာမှုအား ပိုင်းခြားစိတ်ဖြာချက် 2017 www. justicebase.org 2019ခုနှစ်၊မေလ13 ရက်တွင် ဝင်ကြည့်ခဲ့သည်။

34 MyJustice၊ 'ဥပဒေတွင် တရားမျှတမှုကို ရှာဖွေခြင်း- မြန်မာနိုင်ငံတွင် တရားမျှတမှုကို ရယူရန် နားလည်ခြင်း ဗြိတိသျှကောင်စီ၊ အင်္ဂလန် 2018၊ pp 25၊ 39 နှင့် 46 www.justicebase.org 2019ခုနှစ်၊မေလ13 ရက်တွင် ဝင်ကြည့်ခဲ့သည်။

## C. မြန်မာနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ်

မြန်မာနိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာ အမှုအမျိုးအစားများစွာ ရှိသည်။ ၎င်းတို့တွင်-

- အာမခံဖြင့်လွှတ်သော အမှုများ- ဖြစ်နိုင်သော ပြစ်ဒဏ်မှာ သုံးနှစ် သို့မဟုတ် ယင်းအောက်ဖြစ်ပြီး တရားသူကြီးက အာမခံကိုခွင့်ပြုချိန်၊

- အာမခံမရနိုင်သော အမှုများ- ဖြစ်နိုင်သော ပြစ်ဒဏ်မှာ သုံးနှစ် အထက်ဖြစ်သည်၊ တရားခံသည် ပြစ်မှုကို ကျူးလွန်ကြောင်း ယုံကြည်ရန် သင့်လျော်သော အကြောင်းရင်းများရှိသည့် ပြစ်မှုကြီးများမှလွဲ၍ ယင်းအမှုများတွင် တရားသူကြီးက အာမခံသတ်မှတ်ပေးနိုင်သည်၊[35]

- ရဲအရေးပိုင်သည့်အမှုများ- ရဲအရာရှိသည် ဝရမ်းမရှိဘဲ လူတစ်ဦးကို ဖမ်းဆီးနိုင်သည့် အမှုများဖြစ်ပြီး ရဲအရာရှိသည် အမှုအား ဥပဒေအရာရှိ (ဥပမာ၊ တရားလို) က တရားစွဲဆိုမှု ပြုလုပ်ရန် တရားရုံးသို့ လွှဲပြောင်းပေးပါမည်၊[36]

- ရဲအရေးမပိုင်သည့်အမှုများ- ရဲဖမ်းဆီးမှုအတွက် ဝရမ်းလိုသည့်အမှုများ၊ တိုင်ကြားချက်အား တရားရုံးသို့ ပေးပို့ပြီးနောက် တရားသူကြီးသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမှုအား ရဲထံသို့ ပြန်လည်ရည်ညွှန်းပါမည်၊[37]

- သမ္မန်မှုများ- ခြောက်လ သို့မဟုတ် ယင်းအောက်ဖြစ်သော ဖြစ်နိုင်ခြေရှိသည့် စီရင်ချက်များနှင့် ဆက်စပ်ပြီး တရားလိုက သက်သေအထောက်အထားများ မတင်ပြမီ အပြစ်ကို အသနားခံရန် ခွင့်ပြုသည်၊ ထို့အပြင်

- ဝရမ်းအမှုများ- တရားသူကြီးက တရားခံများကို အပြစ်ရှိကြောင်း ဝန်ခံရန် သို့မဟုတ် တရားခံရှေ့နေကို တင်ပြရန် မတောင်းဆိုမီ မေးမြန်းမှုအဆင့်တွင် တရားစွဲဆိုချက်အား ဘောင်ခတ်ရန် တရားလိုအနေဖြင့် လုံလောက်သော သက်သေကို တင်ပြဖို့ လိုအပ်ပါသည်။[38]

ဦးကိုနီအမှုသည် အောင်ဝင်းထွန်းအား စွဲဆိုချက်ဖြစ်သည့် အာမခံနိုင်သော စွဲချက်မှလွဲ၍ ရဲအရေးပိုင်သည့်၊ အာမခံမရနိုင်သော၊ ဝရမ်းအမှု ဖြစ်ပါသည်။

တရားလိုရှေ့နေများသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တရားလိုရှေ့နေဌာနအောက်တွင်ရှိပြီး အများပြည်သူနှင့် ရာဇဝတ်မှုများတွင် အစိုးရကိုယ်စား ထွက်ပေါ်လာရန် တာဝန်ရှိသည်။ နိုင်ငံတော် သို့မဟုတ် ဒေသန္တရအဆင့်ရှိ ရှေ့နေချုပ် 14 ဦး ရှိပါသည်။ ယင်းနောက်တွင် ၎င်းတို့အား ခရိုင်ဥပဒေရုံးများနှင့် မြို့နယ် ဥပဒေရုံးများအဖြစ်သို့ ခွဲခြားခဲ့သည်။ အဆိုပါရုံးခန်းများရှိ ဥပဒေအရာရှိများသည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများ ဆောင်ရွက်ပြီး ဥပဒေအရာရှိက စုံစမ်းရေး အဆင့်အတွင်း တရားစွဲဆိုခြင်းကို ထိန်းချုပ်ပါသည်။[39]

89 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ် စက်တင်ဘာလ 1 ရက်နှင့် 2017 ခုနှစ် အောက်တိုဘာလ 20 ရက် လေ့လာချက် အစီရင်ခံစာကို ကြည့်ပါ။ မြန်မာနိုင်ငံဥပဒေအရ၊ ရှာဖွေရန်နေရာအတွင်း မည်သူမဆိုသည် ဝရမ်းထုတ်မှုဖြင့် ဝင်ရောက်လာခြင်းကို ခွင့်ပြုရနိုင်ပါသည်။ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုဥပဒေ s 102 ကို ကြည့်ပါ။

90 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ နိုဝင်ဘာလ 30 ရက်နေ့ စုံစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

91 ကြားနာစစ်ဆေးပြီးနောက် 2018 ခုနှစ်၊ဖေဖော်ဝါရီလ 2 ရက်တွင် ထုတ်ပြန်ခဲ့သည့် ဧရာဝတီဆောင်းပါးတွင် ဤအချက်ကို ထပ်ဆောင်းပြောဆိုခဲ့သည့် ဦးကျော်ကျော်ထိုက်နှင့် တွေ့ဆုံမေးမြန်းမှုကို ထည့်သွင်းခဲ့သည်။'ရှေ့နေကတော့၊ ဦးကိုနီကိုသတ်ဖို့ သေနတ်သမားက ခြိမ်းခြောက် အကျပ်ကိုင်ခံခဲ့ရဟုဆို' ကို ကြည့်ပါ (ဧရာဝတီ၊ 2018ခုနှစ်၊ဖေဖော်ဝါရီလ2 ရက်) www.irrawaddy.com/news/gunman-blackmailed-killing-u-ko-ni-lawyer-says.html ဝင်ကြည့်ရက် 2019 ခုနှစ်၊ မေလ 13 ရက်။ IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ် ဒီဇင်ဘာလ 15 ရက်နှင့် 2018 ခုနှစ် ဖေဖော်ဝါရီလ 23 ရက် လေ့လာချက် အစီရင်ခံစာများကိုလည်း ကြည့်ပါ။

92 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ် မေလ 25 ရက်နှင့် 2019 ခုနှစ် ဇန်နဝါရီလ 17 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။ တင်ထက်ပိုင်၊ 'သံသယရှိသူ၏ ချမ်းသာမှုက ကိုနီအသတ်ခံရမှု စစ်ဆေးရာတွင် အဓိကအချက်ကို အတည်ပြုနိုင်ဟု ရှေ့နေကပြော' (ဧရာဝတီ၊ 2017 ခုနှစ်၊ ဒီဇင်ဘာလ 22 ရက်) www.irrawaddy.com/news/lawyer-says-suspects-wealth-prove-key-ko-ni-murder-trial.html ဝင်ကြည့်ရက် 2019 ခုနှစ်၊ မေလ 13 ရက်။

93 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ ဒီဇင်ဘာလ 15 ရက်နေ့ စုံစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

94 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 16 ရက်နေ့ စုံစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

ရဲများက သူ့အား ဖမ်းဆီးရက်၏ တရားဝင်ရက်ကို2017 ခုနှစ် ဖေဖော်ဝါရီလ 3 ရက် ဟု ချရေးပြီး သူ့အား ဖမ်းဆီးရန် ဝရမ်းကို 2017 ခုနှစ် ဖေဖော်ဝါရီလ 6 ရက်တွင်သာ တောင်းဆိုခဲ့သည်ဟု အောင်ဝင်းဇော်က ထွက်ဆိုခဲ့ပါသည်။[95]အောင်သပြေသို့ သူရောက်ရှိပြီးနောက် တစ်ပတ်အကြာမှ တရားသူကြီးကို တွေ့မြင်ရပြီး ယင်းမှာ မြန်မာနိုင်ငံ၏ဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု အောင်ဝင်းထွန်းကဆိုပါသည်။ အလားတူပင်၊ ဇေယျာဖြိုးသည်လည်း အောင်သပြေသို့ ခေါ်ဆောင်သွားခံရပြီး ဖမ်းဆီးပြီးနောက် သုံးရက်အကြာမှသာ ဝရမ်းကို တောင်းဆိုကြကာ ဖမ်းဆီးရာတွင် ဦးခေါင်းအဝတ်အနက်ပတ်၍ ခေါ်ဆောင်ခဲ့သည်ဟု ထွက်ဆိုခဲ့သည်။[96]လူသုံးဦးလုံးသည် နိုင်ငံတော်[97]နှင့် နိုင်ငံတကာ ဥပဒေများအရ တရားဝင်ကာလထက် ပိုကြာသည့် ထိန်းသိမ်းမှုအတွက် အတည်ပြုချက်မရှိဘဲ ထိန်းသိမ်းခံခဲ့ရပါသည်။ ယင်းအချိန်အတွင်း မေးခွန်းများ ပုံမှန်အမေးခံခဲ့ရသည်ဟု တရားခံများကဆိုပြီး ယင်းမှာ တရားခံများအား ဝန်ခံလာရန် အသုံးပြုသည့် တရားဝင်ခွင့်ပြုချက်မရှိသော ထိန်းချုပ်မှုအဖြစ် ယူဆရပါသည်။

ထို့အပြင်၊ နိုင်ငံတော်နှင့် နိုင်ငံတကာ ဥပဒေများ၏ ပြဋ္ဌာန်းချက်များအရ ထိန်းသိမ်းခြင်းအား ခြွင်းချက် အခြေအနေများတွင်သာ အသုံးပြုရန်ဖြစ်လင့်ကစား အောင်ဝင်းထွန်း တစ်ဦးတည်းသာ အာမခံ[98]ဖြင့် တရားစီရင်ခြင်းများအတွင်း လွှတ်ပေးခံရပြီး ယင်းမှာ သူ့အား တရားစွဲဆိုချက်ကို 2018 ခုနှစ်၊ ဖေဖော်ဝါရီလ22 ရက်တွင် အတည်ပြုပြီးနောက်တွင်သာ ဖြစ်ပါသည်။ လေ့လာသူ၏ သိနားလည်သမျှ၊ အောင်ဝင်းထွန်းသည် အာမခံချက်ပေးနိုင်သော ကျူးလွန်မှုကို အမြဲတမ်း အမှုလာရောက်ရင်ဆိုင်သော်လည်း ၎င်းမှာ တရားစီရင်ခြင်းများအတွင်း ပြုလုပ်သည့် တစ်ခုတည်းသော အာမခံကို အသုံးချမှုဖြစ်သည်။ ရဲဌာန၏ ထိန်းသိမ်းခံနေရသော အခြားသုံးဦးသည် ဥပဒေအရချမှတ်သည့် သေဒဏ် ဖြစ်စေလောက်သည့် အာမခံမရနိုင်သော ကျူးလွန်မှုဖြင့် တရားစွဲဆိုခံထားရသည်။ သို့သော်၊ တရားခံသည် တည်ရှိပြီးဖြစ်သည့် ပြစ်မှုကို ကျူးလွန်ကြောင်း 'ယုံကြည်ခြင်းအတွက် သင့်လျော်သော အခြေအမြစ်များ' ရှိသည့် သေဒဏ် အမှုများမှလွဲ၍ ပြစ်မှုကို မည်ကဲ့သို့ ခွဲခြားသည်ဖြစ်စေ အာမခံလျှောက်ထားခြင်းအား ပြုလုပ်နိုင်သည်။[99]တရားစီရင်ခြင်းများ၏ ရလဒ်များ ဆိုင်းငံ့နေချိန်တွင် ၎င်းတို့သည် နှစ်နှစ်ကျော်ကြာ ထိန်းသိမ်းထားခံခဲ့ရသည်။ ယင်းအချိန်အား ၎င်းတို့၏ ထောင်ဒဏ်တွင် အခြေခံအားဖြင့် ထည့်ပေါင်းခဲ့သည်။ အာဏာရှင်ဆန်မှု၊ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုသည် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်နိုင်ခြေကို တိုးလာစေပြီး တရားခံ၏ အပြစ်ကင်းစင်ကြောင်း ယူဆခံရပိုင်ခွင့်ကို ကဖျက်ယဖျက်လုပ်ရာ ရောက်ပါသည်။

*နိုင်ငံတကာ ဥပဒေ*

UDHR ၏ ပိုဒ်ခွဲ 3 တွင် ဖော်ပြချက်- 'လူတိုင်းတွင် ရှင်သန်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူတစ်ယောက်၏ လုံခြုံမှု ရှိပါသည်။' ပိုဒ်ခွဲ 9 သည် ထင်တိုင်းကြဲသော ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းမှုများကို တားမြစ်ပါသည်။[100]ဤအခွင့်အရေးများကို အသေးစိတ်ရှင်းပြရာတွင်၊ ICCPR ၏ ပိုဒ်ခွဲ 9 က ဖော်ပြသည်မှာ- 'မည်သူကမျှ ထင်တိုင်းကြဲသော ဖမ်းဆီးမှု သို့မဟုတ် ထိန်းသိမ်းမှုကို မခံရပါ သို့မဟုတ် ဥပဒေက ချမှတ်ထားသည့် ကျင့်ထုံးများနှင့်ညီသည့် ဖြစ်ရပ်မှလွဲ၍ သူ သို့မဟုတ် သူမ၏ လွတ်လပ်ခွင့်ကို ပိတ်ပင်မခံရသင့်ပါ။' အထူးသဖြင့်၊ ပိုဒ်ခွဲ 9(3) အရ၊ ထိန်းသိမ်းခြင်းသည် တရားစီရင်ချက် စောင့်ဆိုင်းနေသည့် လူများအတွက် အထွေထွေစည်းမျဉ်း မဟုတ်ရ[101]ဘဲ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုချက်များဖြင့် ဖမ်းဆီး သို့မဟုတ် ထိန်းသိမ်း ခံရသူတိုင်းအား တရားသူကြီး သို့မဟုတ် တရားစီရင်ခွင့် အာဏာရှိသည့် အခြား အရာရှိ မတိုင်မီ ချက်ချင်း ခေါ်ဆောင်လာပြီးသင့်လျော်သော အချိန်တွင်

95 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဩဂုတ်လ 2 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

96 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဇန်နဝါရီလ 25 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

97 ဖွဲ့စည်းပုံ၏ ပိုဒ်ခွဲ 21(ခ) အရ၊ တရားသူကြီးထံမှ အမိန့်မပါဘဲ မည်သူကိုမျှ 24 နာရီထက် ကြာအောင် ထိန်းသိမ်းခြင်း မပြုရပါ။

98 သူသည် မြန်မာကျပ်ငွေ သန်း 50 (£24,450) ပေးဆောင်ခဲ့ပြီး အာမခံပေးသူနှစ်ဦးရှိကာ နောက်ပိုင်း ကြားနာစစ်ဆေးမှုအားလုံးကို တက်ရောက်ရန် ကတိပေးခဲ့သည်။ ရည်ညွှန်း၊ 'ကိုနီ၏ လုပ်ကြံမှု စစ်ဆေးချက်တွင် ပူးတွဲပူးပေါင်းကြံစည်သူဟု ယူဆရသူ အာမခံဖြင့်လွတ်' (DVB၊ 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 22 ရက်) http://english.dvb.no/news/alleged-co-conspirator-ko-ni-assassination-granted-bail/79870 ဝင်ကြည့်ရက် 2019 ခုနှစ်၊ မေလ 14 ရက်။

99 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ၊ လုပ်ငန်းစဉ် II ကို ကြည့်ပါ။ s 201 သည် အာမခံနိုင်သော ပြစ်မှု ဖြစ်သော်လည်း၊ ဇေယျာဖြိုးသည် ဤပုဒ်မကို ချိုးဖောက်ခြင်းအတွက် တရားဝင် တရားစွဲဆိုခံရခြင်းမရှိခဲ့ဘဲ ဂျူရီအဖွဲ့၏ဆုံးဖြတ်ချက် ကြားနာချိန်တွင်သာ ယင်းပုဒ်မကို ချိုးဖောက်၍ အပြစ်ရှိကြောင်း သိရှိခဲ့ရသည်။ ကိုဥပဒေ ၏ S 497(1) အရ အာမခံမရနိုင်သော ပြစ်မှုဖြင့် စွပ်စွဲခံရသူသည် အာမခံဖြင့် လွတ်နိုင်သည်ဟု ဆိုပါသည်။

100 မည်သူကမျှ ထင်တိုင်းကြဲသော ဖမ်းဆီးမှု၊ ထိန်းသိမ်းမှုကို သို့မဟုတ် ပြည်နှင်ဒဏ်ပေးမှု မခံရပါ။

101 *Cagas et al နှင့် ဖိလစ်ပိုင်၊* ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် 788/1997၊ ကုလသမဂ္ဂ စာတမ်း CCPR/C/73/D/788/1997၊ စာပိုဒ် 7.4 (2001)၊ *Smanster v ဘီလာရုစ်၊* ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် 1178/2003၊ ကုလသမဂ္ဂ စာတမ်း CCPR/C/94/D/1178/2003၊ စာပိုဒ် 10.3 (2008) (စီရင်ချက်ကို စောင့်နေသူများသည် ထိန်းသိမ်းခြင့်မခံရပါဆိုသည့် အထွေထွေစည်းမျဉ်း ခြွင်းချက်ကို ရှင်းချက်ထုတ်ရန်၊ နိုင်ငံတော်အနေဖြင့် ဆက်လက်၍ ထိန်းသိမ်းမှုကို ရှင်ချက်ထုတ်မည့် စိုးရိမ်မှုများနှင့် အဆိုပါ စိုးရိမ်မှုများက အာမခံသတ်မှတ်ချက်များ သို့မဟုတ် အခြားလွှတ်ပေးရန် တင်းကျပ်သော သတ်မှတ်ချက်များကို ဖြေရှင်းမရနိုင်သည့် အကြောင်းရင်းအား လုံလောက်စွာ ဖော်ပြရပါမည်) ကိုကြည့်ပါ။

စစ်ဆေးရမည် သို့မဟုတ် လွှတ်ပေးရမည်။[102]စစ်ဆေးစီရင်ခြင်းမတိုင်မီ ထိန်းသိမ်းခြင်းအား တရားခံဟုစွပ်စွဲခံရသူသည် 'ထွက်ပြေးနိုင်သည့် သို့မဟုတ် သက်သေကို ဖျက်ဆီးနိုင်သည့်၊ သက်သေထွက်ဆိုများကို လွှမ်းမိုးနိုင် သို့မဟုတ် နိုင်ငံတော်ပါတီ၏ တရားစီရင်မှုနယ်မြေမှ ထွက်ပြေးနိုင်သည့်' အခြေအနေကဲ့သို့သော ခြွင်းချက် အခြေအနေများတွင်သာ အသုံးပြုရပါမည်။[103]အထူးသဖြင့်၊ စစ်ဆေးစီရင်မှုမတိုင်မီ ထိန်းသိမ်းခြင်းအတွက် အလားတူ အခြေအနေများ ရှိ မရှိကို တရားရုံးက စစ်ဆေးရပါမည်။[104]လွတ်လပ်ခွင့်ကို ပိတ်ပင်ခံထားရသည့် လူအားလုံးသည် လူသားဆန်မှုဖြင့် ပြုမူဆက်ဆံခံရမည်ဖြစ်ပြီး ၎င်းတို့၏ ရှိရင်းစွဲ ဂုဏ်သိက္ခာကို လေးစားခံရပါမည်။[105]

လွတ်လပ်ခွင့်ကို ထင်တိုင်းကြဲ အာဏာရှင်ဆန်စွာ ချိုးဖောက်ခြင်းသည် က တရားခံအတွက် မသေချာမှုကို ပိုဆိုးရွားစေသောကြောင့် 'အပြစ်ရှိကြောင်း အတည်မပြုမချင်း အပြစ်ကင်းစင်သည်ဟု ယူဆရန်' အခွင့်အရေးကို နောက်ထပ် ချိုးဖောက်ပါသည်၊[106]

*ပြည်တွင်းဥပဒေ*

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံသည်လည်း လွတ်လပ်ပိုင်ခွင့်ကို အသိအမှတ်ပြုပါသည်။[107]တရားသူကြီး၏ ခွင့်ပြုချက်မရှိဘဲ မည်သူကိုမျှ 24 နာရီထက်ပို၍ ထိန်းသိမ်းခြင်း မပြုရန်မှာ ရှင်းလင်းပါသည်။[108]ဖမ်းဆီးခြင်းနှင့် ဖမ်းဆီးခြင်းအတွက် အခြေအမြစ်များသည် ဥပဒေနှင့် ကိုက်ညီရပါမည်။[109]တရားခံသည် သူ သို့မဟုတ် သူမအနေဖြင့် ခုနစ်နှစ်အောက်လျော့သော ဖြစ်နိုင်ချေရှိသည့် ပြစ်ဒဏ်ကို ရင်ဆိုင်ရပါက 15 ရက်ကြာအောင်၊ သို့မဟုတ် ခုနစ်နှစ် သို့မဟုတ် ထို့ထက်ပိုသောနှစ်များဖြင့် အပြစ်ပေးခံရပါက ရက် 30 ကြာအောင် ရဲစုံစမ်းစစ်ဆေးမှုအတောအတွင်း အချုပ်ထဲတွင်သာ အမှုမစစ်ဆေးမီ ချုပ်ထားခံရမည်ဖြစ်ပါသည်။[110]စုံစမ်းစစ်ဆေးခြင်းအဆင့်အတွင်း အဆိုပါ ကာလများကို ကျော်လွန်၍ တရားခံ၏ ထိန်းသိမ်းခံရမှုအား 15 ရက် သို့မဟုတ် ရက် 30 ကာလ၏ အဆုံးတွင် တရားသူကြီးက ပြန်လည်စိစစ်ပြီး ဆုံးဖြတ်ရပါမည်။ တရားသူကြီးသည် တရားခံအား ထိန်းသိမ်းခြင်းအတွက် အမိန့်ထုတ်ရန် မလိုအပ်ဘဲတရားခံအတွက် လုံလောက်သာ သက်သေ 'မြင့်တက်လာ[သည့်] သံသယ' ရှိချိန်တွင်သာ ထိုသို့ ပြုလုပ်ရန် လိုအပ်ပြီး နောက်ဆက်တွဲ သက်သေပစ္စည်းများအား ထိန်းသိမ်းခြင်းဖြင့် ရယူသွားနိုင်သည်။[111]အာမခံဖြင့်လွတ်ရန်မှာအခွင့်အရေးဖြစ်သည်။[112]ဥပဒေအရာရှိများ သည် တရားခံ၏ ထိန်းသိမ်းခံရမှုအတွက် တောင်းဆိုချက်များကို စေ့စေ့စပ်စပ်ကြည့်ရှုရန် တာဝန်ရှိပါသည်။[113]မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စည်းမျဉ်းဥပဒေ အရ ထိန်းသိမ်းမှုသည် ဖမ်းဆီးခြင်းမခံရသင့်သူအား မလိုအပ်ဘဲ ထိန်းသိမ်းခြင်း သို့မဟုတ် မှန်ကန်သော အခွင့်အာဏာများမတိုင်မီ လူတစ်ဦးကို ခေါ်ဆောင်လာရန် ပျက်ကွက်ခြင်းသည် ပြစ်မှုတစ်ခုဖြစ်ပါသည်။[114]

---

102 ရှည်ကြာသော ထိန်းသိမ်းခြင်း၏ လိုအပ်ချက်အနေဖြင့် ရှင်းလင်းချက်မပေးဘဲ တရားဝင် ပံ့ပိုးပေးထားသည့် အချိန်ပိုဖြင့် လူတစ်ဦးကို ထိန်းသိမ်းချိန်တွင် ထင်တိုင်းကြဲသော ထိန်းသိမ်းမှုကို တားမြစ်ချက်အား ချိုးဖောက်ပါသည်။ *Bolanos နှင့် အီကွေဒေါ်*၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် 238/1987၊ ကုလသမဂ္ဂစာတမ်း CCPR/C/36/D/238/1987၊ စာပိုဒ် 8.3 နှင့် 9 (1989)။

103 Hill and Hill နှင့် စပိန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် 526/1993၊ ကုလသမဂ္ဂစာတမ်း CCPR/C/59/D/526/1993၊ စာပိုဒ် 12.3 (1997)၊ Kulov နှင့် ကာဂျစ္စတန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် 1369/2005၊ ကုလသမဂ္ဂစာတမ်းကိုလည်း ကြည့်ပါ CCPR/C/99/D/1369/2005၊ စာပိုဒ် 8.3 (2010) (လွတ်လပ်ခွင့်အရ ထိန်းသိမ်းရန် ချုပ်ခွင့်သည် တရားဝင်၊ ကျိုးကြောင်းဆီလျော်ပြီး ခိုက်ရန်ဖြစ်ပွားမှု၊ သက်သေကို နှောင့်ယှက်မှု သို့မဟုတ် ရာဇဝတ်မှု ထပ်တလဲလဲဖြစ်ခြင်းကို တားဆီးခြင်း ကဲ့သို့သော အခြေအနေအားလုံးတွင် လိုအပ်ချက်ဖြစ်ရန် လိုပါသည်)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ အထွေထွေ မှတ်ချက်အမှတ် 35၊ ပိုဒ်ခွဲ 9 – လွတ်လပ်ပိုင်ခွင့်နှင့် လူတစ်ဦး၏ လုံခြုံရေး၊ ကုလသမဂ္ဂစာတမ်း CCPR/C/GC/35၊ စာပိုဒ် 38 (2014) ('အထွေထွေ မှတ်ချက် အမှတ် 35')။

104 *Ibid*၊ အထွေထွေ မှတ်ချက် အမှတ် 35 ရှိ။

105 ICCPR၊ ပိုဒ်ခွဲ 10(1)။ ထိန်းသိမ်းမှု သို့မဟုတ် အကျဉ်းချမှုပုံစံအားလုံးမှ လူသားအားလုံးကို ကာကွယ်ခြင်းအတွက် နည်းဥပဒေများစုများ GA Res 43/173၊ 9 ရက် ဒီဇင်ဘာလ 1988 ကိုလည်း ကြည့်ပါ။

106 ICCPR၊ ပိုဒ်ခွဲ 14(2)၊ UDHR၊ n 64 အထက်ရှိ၊ ပိုဒ်ခွဲ 11(1)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ အထွေထွေ မှတ်ချက်အမှတ် 32- ပိုဒ်ခွဲ 14 – တရားရုံးနှင့် ခုံအဖွဲ့မတိုင်မီ တန်းတူညီစွာရှိခွင့်နှင့် မျှတသော စစ်ဆေးစီရင်ခွင့်၊ ကုလသမဂ္ဂစာတမ်း CCPR/C.GC/32၊ စာပိုဒ် 39 (2007) ('အထွေထွေ မှတ်ချက် အမှတ် 32')။

107 ပိုဒ်ခွဲ 21(ခ)၊ 353 နှင့် 376။

108 ပိုဒ်ခွဲs 21(ခ)၊ 376၊ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ss 61၊ 100 နှင့် 167။ ရဲလက်စွဲ၊ စာပိုဒ် 1353 နှင့် 1361 ကိုလည်း ကြည့်ပါ ('အကျင့်ပျက်ခြစားမှု သို့မဟုတ် လူတစ်ဦးအား သံသယရှိယုံဖြင့် ဖမ်းဆီးမှုသည် ဥပဒေချိုးဖောက်ရာရောက်ပါသည်')၊ ပြည်ထောင်စုရှေ့နေချုပ်၏ ရုံးခန်း၊ ဥပဒေအရာရှိများအတွက် မျှတသော စစ်ဆေးစီရင်ခြင်း လမ်းညွှန်စာအုပ်2018ခုနှစ်၊ဖေဖော်ဝါရီလ၊ စာပိုဒ် 22 (ယင်းမှာ 'အရေးကြီးသော အကာအကွယ်' ဖြစ်သည်) www.oag.gov.mm 2019 ခုနှစ်၊မေလ 28 ရက်တွင် ဝင်ကြည့်ခဲ့သည် ('မျှတသော စစ်ဆေးစီရင်ခြင်း လမ်းညွှန်စာအုပ်')။

109 ဗိုလ်စံလင်းနှင့် ရဲမင်းကြီးနှင့် တစ်ဦး (1948) BLR (SC) 372။

110 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ s 167(2)၊ တရားရုံးများလက်စွဲ စာပိုဒ် 410 (တရားမဝင် ထိန်းသိမ်းခြင်းသည် 'ထပ်တလဲလဲ' ဖြစ်နေပါသည်)။

111 *Ibid*၊ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ss 167(2) နှင့် 344။

112 ရဲလက်စွဲစာပိုဒ် 1785။

113 ပြည်ထောင်စုဥပဒေ၏ ရှေ့နေချုပ် 2010၊ s 36(ဆ)။

114 Ss 17(က) နှင့် (ဆ)။ ရဲလက်စွဲစာပိုဒ် 1380 (ဖမ်းဆီးထားစဉ် ဝရမ်းမရှိသေးသူများကို အကြမ်းဖက်သည့် အရာရှိသည် ထောင်ဒဏ်ကျခံရမည်ဖြစ်သည်၊ သို့ရာတွင် 'ခုခံနိုင်စွမ်းမရှိသော အကျဉ်းသားကို ရက်စက်စွာ ပြုမူဆက်ဆံခြင်းသည် မည်သည့်နည်းလမ်းဖြင့် လျှော့ချမရနိုင်သည့် ဂုဏ်သိက္ခာကင်းမဲ့သော လုပ်ရပ်ဖြစ်သည် ဟုလည်း ဖော်ပြထားသည့်') ကိုလည်း ကြည့်ပါ။

## B. ညှဉ်းပန်းနှိပ်စက်မှု၊ လူမဆန်မှုနှင့် သိက္ခာကျစေသော ဆက်ဆံပြောဆိုမှုကို တားမြစ်ခြင်း – ဆိုးရွားသော ဆက်ဆံမှု မြောက်သည့် ရဲများ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အဆိုပါ နည်းလမ်းများဖြင့် ရယူထားသည့် ထုတ်ပြန်ချက်များကို ဖယ်ချန်ရန် ပျက်ကွက်ခြင်း

ရဲတပ်ဖွဲ့သည့် တရားခံအားလုံးအား မေးမြန်းစစ်ဆေးရန်အတွက် ရန်ကုန်မြို့ရှိ နာမည်ဆိုးဖြင့်ကျော်ကြားသော စုံစမ်းမေးမြန်းရေး စင်တာဖြစ်သည့် အောင်သပြေသို့ ခေါ်ဆောင်သွားခဲ့ပါသည်။[115]စွပ်စွဲခံရသည့်တရားခံအားလုံးသည် နှိပ်စက်ခံခဲ့ရကြောင်း ထွက်ဆိုသော်လည်း တရားရုံးသို့ နောက်ဆက်တွဲ စာရွက်စာတမ်း မထုတ်ပေးခဲ့ပါ။[116]မျက်လုံးစည်းထားခံရပြီး အရပ်ဝတ်လူများ၏ မေးမြန်းမှုကိုခံခဲ့ရကာ သူ၏ မိသားစု သို့မဟုတ် ရှေ့နေနှင့် ဆွေးနွေးခဲ့ရခြင်းမရှိဘဲ ထိန်းသိမ်းထားခံခဲ့ရသည်ဟု အောင်ဝင်းထွန်းက ထွက်ဆိုခဲ့ပါသည်။[117]ဇေယျာဖြိုးသည် ခြေကျင်းဝတ်ဖြင့် ထိန်းသိမ်း ထားခံရပြီး၊ ကျန်းမာရေး စောင့်ရှောက်မှု မရှိခဲ့ကာ သူ၏ မိသားစုကပေးလိုက်သည့် အစာနှင့် ဆေးဝါးကိုထုတ်မပေးဘဲ ရဲကရေးသားထားသည့် ကြိုတင်ပြင်ဆင်ထားသည့် ထွက်ဆိုချက်ကို လက်မှတ်ထိုးရန် ဖိအားပေးခံခဲ့ရသည်။[118]ဦးခေါင်းတွင် အဝတ်နက်ကို အုပ်၍ ပထမဆုံးအကြိမ် တရားသူကြီးမတိုင်မီ တင်ပြခံခဲ့ရပြီး တရားသူကြီးက အဝတ်နက်ကို ဖယ်ရှားရန် အမိန့်ပေးမှသာ ရဲက ဖယ်ရှားပေးခဲ့ပါသည်။[119]

တရားစီရင်ခြင်းများအတွင်း တရားခံဟုဆိုသူများကို ပြုမူဆက်ဆံပုံသည် နှိပ်စက်မခံရရေးနှင့် ဂုဏ်သိက္ခာဖြင့် ဆက်ဆံခံရရေးဆိုသည့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ခြင်း မရှိခဲ့ပါ။ အားလုံးကို လက်ထိပ်ခပ်ခဲ့ပါသည်။[120]အချို့အခြေအနေများတွင်၊ တရားခံဟု စွပ်စွဲခံရသူများကို ခြေကျင်းရှည်များဖြင့် အတူတကွ ချည်နှောင်ခဲ့သည်။[121]ရှေ့နေနှစ်ဦးဖြစ်သူ ဦးကျော်ကျော်ထိုက်နှင့် ရောဘတ်ဆန်းအောင်တို့သည် ချုပ်နှောင်ခြင်းအား ကန့်ကွက်ခဲ့သော်လည်း၊ တရားသူကြီးသည် တရားခံဟုဆိုသူများသည် အန္တရာယ်ရှိသော ရာဇဝတ်သားများဖြစ်သောကြောင့် လုံခြုံရေးအကြောင်းရင်းများဖြင့် ချိန်းကြိုးချည်နှောင် သို့မဟုတ် လက်ထိပ်ခတ် ခံရမည်ဟု အခိုင်အမာဆိုသည့် ရဲများကို လိုက်လျောခဲ့ပါသည်။[122]တရားသူကြီးအဖွဲ့ဝင်တစ်ဦးက စည်းမျဉ်းများနှင့် မညီဘူးဆိုလျှင် ချုပ်နှောင်ခြင်းကို ဖယ်ရှားသင့်သည်ဟု ဆိုပါသည်။[123]တရားစီရင်ခြင်းများ၏ နောက်ဆုံးအဆင့်များအတွင်း၊ တရားခံဟုဆိုသူများအား လက်ထိပ်များဖြင့်သာ ခတ်ခဲ့ပါသည်။

တရားလိုအား ပံ့ပိုးရန် နေပြည်တော်ရှိ သက်သေများထံမှ ထွက်ဆိုချက်ရယူရန် နိုင်ထက်စီးနင်းပြုသော နည်းလမ်းများကို ရဲများက အသုံးပြုခဲ့သည်ဆိုသည့် စွပ်စွဲချက်များလည်း ရှိခဲ့ပါသည်။ ထွက်ဆိုချက်အား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းဖြင့် ပြုလုပ်ထား၍ တိကျခြင်းမရှိနိုင်ပါ။ ဇေယျာဖြိုး 'ခြံဝင်း' ရှိ သက်သေခံပစ္စည်းများကို မီးရှို့ခဲ့သည်ဟု ဆိုသည့် အောင်ဝင်းခိုင်၏ လုပ်ရပ်နှင့် ပတ်သက်၍ တရားသူကြီး၏ ရှေ့တွင် ထွက်ဆိုချက်ပေးရန် ရဲများက ၎င်းတို့အား ဖိအားပေးခဲ့သည်ဟု နေပြည်တော်ရှိ ဇေယျာဖြိုး၏ 'ခြံဝင်း' တွင် အလုပ်လုပ်သော ဝန်ထမ်းများက ထွက်ဆိုခဲ့ပါသည်။[124]စုံစမ်းစစ်ဆေးခြင်း အဆင့်အတွင်း ဒေသဆိုင်ရာ တရားသူကြီး၏ ရှေ့တွင် ထွက်ဆိုရန် ၎င်းတို့ကိုယ်တိုင် ရေးသားမထားသည့် ကြိုတင်ပြင်ဆင်ထားသော ထွက်ဆိုချက်ကို အသုံးပြုရန် ရဲများက ၎င်းတို့ကို ဖိအားပေးခဲ့သည်ဟု ထွက်ဆိုပါသည်။[125]ရဲများက ၎င်းကို သီးခြားငါးကြိမ် စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ခဲ့သည်ဟု နောက်ထပ်တစ်ဦးက ထွက်ဆိုပါသည်။[126]ရဲများကလည်း သက်သေများက ပြေပြစ်သော ထွက်ဆိုချက်များ ပြုလုပ်နိုင်စေရန် သက်သေများ၏ အဓိက အချက်များကို ရေးချထားရန်ဥပဒေအရာရှိက ပြောထား၍ လုပ်ရခြင်းဖြစ်ကြောင်း အခိုင်အမာဆိုပါသည်။[127]

---

115 IBAHRI ပါရှိသောဖိုင်ရှိ 2018ခုနှစ်၊ဇန်နဝါရီလ25 ရက်၊ 2018ခုနှစ်၊ဩဂုတ်လ 9ရက် နှင့် 2018ခုနှစ်၊စက်တင်ဘာလ 7 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။ အောင်သပြေအတွက်၊ ရှမ်းနိုင်၊ သူသူအောင်၊ 'အနက်ရောင်ခေါင်းစွပ်များ၊ ဒူးထောက်ခြင်း၊ အိပ်ခွင့်မပေးခြင်း' ကို ကြည့်ပါ- Reuters သတင်းထောက်ထံမှ မြန်မာနိုင်ငံ၏ အချုပ်အကြောင်း အသေးစိတ် ဖော်ပြချက်'၊ Reuters (လန်ဒန်၊ 2018ခုနှစ်၊ဇူလိုင်လ24 ရက်) www.reuters.com/article/us-myanmar-journalists/black-hoods-kneeling-no-sleep-reuters-reporter-details-myanmar-custody-idUSKBN1KE1PM ဝင်ကြည့်ရက် 2019ခုနှစ်၊မေလ 14 ရက်၊ Amnesty International၊ 'မြန်မာနိုင်ငံ လှုပ်ရှားသူများသည် ညှဉ်းပန်းနှိပ်စက်မှု ခံရနိုင်'၊ 2008ခုနှစ်၊စက်တင်ဘာလ16 ရက်http://www.amnesty.org/en/latest/news/2008/09/myanmar-activist-risk-torture-20080916ဝင်ကြည့်ရက် 2019ခုနှစ်၊မေလ 14 ရက် (အစိုးရဆန့်ကျင်ရေး လှုပ်ရှားသူအား ဖမ်းဆီးထားပြီး အောင်သပြေ ထိန်းသိမ်းရေး စင်တာသို့ ခေါ်ဆောင်သွားခြင်းကြောင့် ညှဉ်းပန်းနှိပ်စက်ခံရနိုင်)။.

116 *Ibid*၊ လေ့လာချက် အစီရင်ခံစာများ။ IBAHRI ပါရှိသောဖိုင်ရှိ 2018ခုနှစ်၊ဇူလိုင်လ12 ရက် လေ့လာချက် အစီရင်ခံစာများကိုလည်း ကြည့်ပါ။.

117 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ စက်တင်ဘာလ 7 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။ နောက်ပိုင်းတွင်တော့ အောင်ဝင်းထွန်းသည်လည်း စခန်းတွင် ကောင်းစွာ ဆက်ဆံခံခဲ့ရသည်ဟု ဆိုပါသည်။.

118 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ် ဇန်နဝါရီလ 25 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။.

119 *Ibid*။

120 တရားရုံးများလက်စွဲ စာပိုဒ် 477 သည် အကြမ်းဖက်မှု ဖြစ်နိုင်ခြေ သို့မဟုတ် တရားခံအား ကယ်တင်နိုင်သည့် အခြေအနေ မရှိသရွေ့ လက်ထိပ်များကို ဖယ်ရှားရန် အခိုင်အမာဆိုထားပါသည်။

121 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ နိုဝင်ဘာလ 24 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

122 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

123 *Ibid*။

124 *Ibid*။ IBAHRI ပါရှိသောဖိုင်ရှိ 2017ခုနှစ်၊အောက်တိုဘာလ 27 ရက် နှင့် 2017ခုနှစ်၊ဒီဇင်ဘာလ8 ရက်နှင့် 2018 ခုနှစ်၊ဩဂုတ်လ 24 ရက်လေ့လာချက် အစီရင်ခံစာများကိုလည်း ကြည့်ပါ။.

125 *Ibid*၊ 2017ခုနှစ်၊ဒီဇင်ဘာလ 1 ရက်။

126 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ ဒီဇင်ဘာလ 8 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

နေပြည်တော်ရှိ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာနသည် ၎င်းတို့၏ မူရင်း ထုတ်ပြန်ချက်များကို မှတ်တမ်းတင်ထားပြီး တရားရုံးက ဖိအားပေး ထားသည့် ထွက်ဆိုချက်များနှင့် ၎င်းတို့အား ပြန်လှန်စစ်ဆေးနိုင်ခဲ့ကြောင်း ရဲများက နောက်ထပ် ထွက်ဆိုပါသည်။ လေ့လာသူက ယင်းကဲ့သို့ ဖြစ်ခဲ့သည်ကို မမြင်တွေ့ခဲ့ပါ။ ထွက်ဆိုချက်များအား ခြိမ်းခြောက်အကျပ်ကိုင်မှုဖြင့် ပေးထားခြင်း ရှိမရှိနှင့် ပတ်သက်၍ လေ့လာသူတွင် အချက်အလက် မရှိသောကြောင့် ယင်းတို့အား မြန်မာနိုင်ငံဥပဒေအရ သက်သေခံပစ္စည်းများမှ ဖယ်ချန်ထားခြင်းဖြစ်နိုင်ပါသည်။

*နိုင်ငံတကာ ဥပဒေ*

UDHR ၏ ပိုဒ်ခွဲအရ 1 လူသားဂုဏ်သိက္ခာရှိပိုင်ခွင့်ကို ဖော်ပြထားပြီး ပိုဒ်ခွဲ 5 အရ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူသားမဆန်သော သိက္ခာကျဆင်းစေသော အပြုအမူ သို့မဟုတ် အပြစ်ပေးခြင်းအား တားမြစ်ထားသည်။ ဤတားမြစ်ချက်အား အခြား နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များတွင်လည်း ထပ်လောင်းပြောဆိုထားပါသည်။[128]ခေါင်းစွပ်စွပ်ခြင်း၊ ချုပ်နှောင်၍ လူအများကို တရားရုံးသို့ ခေါ်ဆောင်လာခြင်း သို့မဟုတ် တစ်နည်းအားဖြင့် ရာဇဝတ်ကောင်များဟု ယူဆစေသည့်ပုံစံဖြင့် ခေါ်ဆောင်လာခြင်းသည် ဤတားမြစ်ချက်ကို ချိုးဖောက်ရာရောက်ပါ သည်။[129]ထိန်းသိမ်းခံရသူများ သို့မဟုတ် အကျဉ်းသားများအား အနိမ့်ဆုံး ထိန်းချုပ်မှုကိုသာ အသုံးပြုရမည်ဖြစ်ပြီး တင်းကျပ်စွာ လိုအပ်ချိန် သို့မဟုတ် အကြမ်းမဖက်သော နည်းလမ်းများဖြင့် မလုံလောက်ကြောင်း ထင်ရှားပြီး မတတ်သာသော နောက်ဆုံး နည်းလမ်းဖြစ်ချိန်တွင်သာ အားသုံးခြင်းကို အသုံးပြုရမည်ဟု နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများတွင် ဖော်ပြထားသည်။[130]

ထို့အပြင်၊ လူ့အခွင့်အရေးကော်မတီသည် ဤအခွင့်အရေးအား လေးစားလိုက်နာပါက အကျပ်ကိုင်မှု အပါအဝင် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် နှိပ်စက်မှု ဖြင့် ရယူထားသည့် ထွက်ဆိုချက် မှန်သမျှအား ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းများတွင် သက်သေအဖြစ်မှ ဖယ်ရှားရမည်ဟု ဖော်ပြထားသည်။[131] ယင်းသည် တရားခံ သို့မဟုတ် သက်သေ ထွက်ဆိုချက်များဖြင့် ဖြောင့်ချက်ပေးခြင်းနှင့် သက်ဆိုင်ပါသည်။

*ပြည်တွင်းဥပဒေ*

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံသည် လူသားဂုဏ်သိက္ခာရှိခွင့်ကို အသိအမှတ်ပြုပြီး ညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်မှု၊ လူသားမဆန်မှု သို့မဟုတ် 'လူသားအားလုံး ၏ ဘဝနှင့် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ဆိုင်ရာ ထိခိုက်နစ်နာစေမှု' အားလုံးကို တားမြစ်ခြင်းဖြင့် ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများကို အကြွင်းမဲ့ တားမြစ်ပါသည်။[132]ခြိမ်းခြောက်၍ အချက်အလက်ယူခြင်း သို့မဟုတ် ဖြောင့်ချက်ပေးခြင်း ရည်ရွယ်ချက်အတွက် နောက်ထပ်လူတစ်ဦးကို ဆန္ဒ အလျောက် ထိခိုက်နာကျင်စေခြင်းမှာ မြန်မာနိုင်ငံတွင် ပြစ်မှုမြောက်ပါသည်။[133]မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စည်းကမ်းဥပဒေပြုပြင်ထိန်းသိမ်းမှုသည် ထောင်သား၊ အချုပ်ကျနေသူ သို့မဟုတ် ဖမ်းချုပ်ခံထားရသူကို ဆိုးရွားစွာဆက်ဆံခြင်းအား ပြစ်မှုအဖြစ် သတ်မှတ်ကာ ထိုပြစ်မှုအတွက် ထောင်ဒဏ် သုံးနှစ်အထိ ကျခံရနိုင်ကြောင်း ပြစ်ဒဏ်သတ်မှတ်ထား ပါသည်။[134]ဥပဒေဆိုင်ရာအဖွဲ့အစည်းများက လိုအပ်သော ဖိအားများကို အသုံးချရာတွင် 'ခြွင်းချက်ဖြစ်ပြီး လိုအပ်သော အနည်းဆုံး အတိုင်းအတာအထိ' သာ ဖြစ်ရပါမည်။[135]ရဲများက ခြိမ်းခြောက်ခြင်း သို့မဟုတ် တစ်နည်းအားဖြင့် မှားယွင်း သော ထွက်ဆိုချက်များပြုလုပ်ရန် သက်သေများကို ဆွဲဆောင်ခြင်း မပြုလုပ်နိုင်ပါ။[136]

---

127 IBAHRI ပါရှိသောဖိုင်ရှိ 2018ခုနှစ်မတ်လ 9 ရက် လေ့လာချက် အစီရင်ခံစာကို ကြည့်ပါ။

128 ICCPR၊ ပိုဒ်ခွဲ 7၊ CAT၊ n 61 အထက်ကို ကြည့်ပါ။

129 ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (HRC)၊ အထွေထွေ မှတ်ချက် အမှတ် 32၊ ပိုဒ်ခွဲ 14၊ တရားရုံးနှင့် ခုံအဖွဲ့မတိုင်မီ တန်းတူညီစွာရှိခွင့်နှင့် မျှတသော စစ်ဆေးစီရင်ခွင့်၊ စာပိုဒ် 30။

130 ပုံမှန် အနိမ့်ဆုံး စည်းမျဉ်းများ၊ n 63 အထက်၊ စည်းမျဉ်း 54၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက အာဏာနှင့် လက်နက်များကို အသုံးပြုမှုဆိုင်ရာ အခြေခံ စည်းမျဉ်းများ၊ 1990 ခုနှစ် ဩဂုတ်လ 27 ရက် – စက်တင်ဘာလ 7 ရက်၊ နည်းဥပဒေသများ 4၊ 5 နှင့် 15၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအတွက် ကျင့်ဝတ် စည်းကမ်း၊ ဒီဇင်ဘာလ 17 ရက် 1979၊ GA Res 34/169 ပိုဒ်ခွဲ 3။

131 အထွေထွေမှတ်ချက် နံပါတ် 32၊ n 129 ရှိ၊ စာပိုဒ် 6၊ 41၊ 60 ကို ကြည့်ပါ။

132 2008 ဖွဲ့စည်းပုံ ပိုဒ်ခွဲများ 44 နှင့် 353 ကို ကြည့်ပါ။

133 ရာဇသတ်ကြီးဥပဒေ ss 330—331။

134 S 17(ဆ)။ ရဲလက်စွဲစာပိုဒ် 1380 (ဖမ်းဆီးထားစဉ် ဝရမ်းမရှိသေးသူများကို အကြမ်းဖက်သည့် အရာရှိသည် ထောင်ဒဏ်ကျခံရမည်ဖြစ်သည်၊ သို့ရာတွင် 'ခုခံနိုင်စွမ်းမရှိသော အကျဉ်းသားကို ရက်စက်စွာ ပြုမူဆက်ဆံခြင်းသည် မည်သည့်နည်းလမ်းဖြင့် လျှော့ချမရနိုင်သည့် ဂုဏ်သိက္ခာကင်းမဲ့သော လုပ်ရပ်ဖြစ်သည် ဟုလည်း ဖော်ပြထားသည့်') ကိုလည်း ကြည့်ပါ။

135 ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိများအတွက် မျှတသော တရားစီရင်မှု လမ်းညွှန်၊2018ခုနှစ်၊ဖေဖော်ဝါရီလ၊ စာမျက်နှာ 18။

136 မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စည်းမျဉ်းဥပဒေဆိုင်ရာ ထိန်းသိမ်းရေး၊ ဥပဒေ အမှတ် 4/95၊ တန်ခူးလဆန်း 12 ရက်၊ 1357ME၊ 1995ခုနှစ်၊ဧပြီလ 26ရက်၊ s 13။

မည်သူကမျှ ဖြောင့်ချက် ပေးရန် မလိုအပ်ကြောင်း တရားသူကြီးက ရှင်းပြရမည်ဖြစ်ပြီး ဆန္ဒအလျောက် ဖြောင့်ချက်ပေးခြင်းဟု တရားသူကြီးက ယုံကြည်မှသာ အဆိုပါ ဖြောင့်ချက်များကို မှတ်တမ်းတင်ရမည်ဖြစ်သည်။[137]တရားခံ၏ ဆန္ဒအလျောက်မဟုတ်သည့် ဖြောင့်ချက်သည် 'သက်ဆိုင်မှုမရှိ' ဘဲ လက်ခံ၍မရနိုင်ပါ၊ ထို့အပြင် တရားခံ သို့မဟုတ် သက်သေတစ်ဦးဦးက ရဲအရာရှိထံ ထွက်ဆိုသည့် ဖြောင့်ချက်အား တရားခံကို ဆန့်ကျင်သော သက်သေခံပစ္စည်းအဖြစ် အသုံးမပြုရပါ။[138]'စီရင်ချက်ချခံရသူများနှင့် ထိန်းသိမ်းထားခံရသူများကို ဥပဒေနှင့်ညီသည့် ရပိုင်ခွင့်များ ခံစားရစေရန် အကျဉ်းထောင်များ၊ အကျဉ်းစခန်းများနှင့် ရဲစခန်းများအား ၎င်း၏ တရားစီရင်မှုများအတွင်း စစ်ဆေးမှုများကို' တရားသူကြီးက နောက်ထပ် ဆောင်ရွက်နိုင်သည်။[139]၎င်းတွင် ထိုလူများအား ညှဉ်းပန်းနှိပ်စက်သော၊ ရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများ မပြုလုပ်ကြောင်း သေချာစေခြင်း ပါဝင်ပါသည်။

နောက်ဆုံးအနေဖြင့်၊ 'အပြစ်ရှိကြောင်း မည်သည့် လက္ခဏာ' မျှ တရားခံဟုဆိုသူနှင့် မဆက်စပ်ရပါ၊ ယင်းတွင် လွှန်ကဲသော ချုပ်နှောင်မှုများ ပါဝင်ပါသည်။[140]

## C. တရားမစီရင်မီ အပြစ်ကင်းသည်ဟု ယူဆခြင်းနှင့် ဆိတ်ငြိမ်နေပိုင်ခွင့်

မြန်မာနိုင်ငံ၏ ဥပဒေအောက်တွင်၊ တရားခံသည် ၎င်းအား ကျမ်းသစ္စာဖြင့် ပြန်လှန်စစ်ဆေးခြင်း ခံရနိုင်စေသည့် 'သက်သေ' အဖြစ် သူ သို့မဟုတ် သူမ၏ ကိုယ်စား သက်သေခံပစ္စည်းများကို ပေးရန် သူ သို့မဟုတ် သူမ ဆန္ဒမရှိဟု ထုတ်ပြောခြင်း ပြုလုပ်လျှင်ပင် 'တရားခံ' တစ်ဦးအဖြစ် တရားသူကြီးက သူ သို့မဟုတ် သူမထံ မေးမြန်းသည့် မေးခွန်းများကို ဖြေဆိုရန် သက်သေခုံတန်းသို့လာရောက်ရန် ဆင့်ခေါ်ခံနိုင်ရပါသည်။[141]ဆိတ်ငြိမ်နေပိုင်ခွင့်တွင် လုံးဝမပြောပိုင်ခွင့် ပါဝင်ပြီး ၎င်းအား ပြည်တွင်းဥပဒေအောက်တွင် အတည်ပြုမထားပါ။ ကြည်လင်း တစ်ဦးတည်းသာလျှင် ပြန်လှန်စစ်ဆေးခြင်း ခံရမည့် သက်သေအဖြစ် ထွက်ဆိုရန် ငြင်းဆိုခဲ့သည်၊ ယင်းအစား အထူးခုံအဖွဲ့၏ မေးခွန်းများကို သူကိုယ်တိုင် ဖြေဆိုခဲ့သည်။ တခြား တရားခံသုံးဦးသည် ရက်သတ္တပတ်ပေါင်းများစွာတွင် သက်သေများအဖြစ် ထွက်ဆိုခဲ့ပါသည်။အမှုအားလုံးတွင်၊ အထူးခုံအဖွဲ့သည် ထွက်ဆိုချက်မတိုင်မီ ပုဒ်မ 342(1) နှင့်အညီ ပြည့်စုံသော သတိပေးချက်ကို ထုတ်ပြန်ရန် ပျက်ကွက်ခဲ့ခြင်းက တရားခံတစ်ဦးအဖြစ် ထွက်ဆိုရန် ကြည်လင်း၏ ဆုံးဖြတ်ချက် သို့မဟုတ် သက်သေများအဖြစ် ထွက်ဆိုရန် တခြား တရားခံများ၏ ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှုရှိခဲ့နိုင်ပါသည်။ ဤသတိပေးချက်တွင် တရားရုံးသည် သက်သေအဖြစ် ထွက်ဆိုရန် တရားခံ၏ ပျက်ကွက်မှုမှ အပျက်သဘောဆောင်သော ကောက်ချက်များ ရယူနိုင်ခြင်းနှင့် တရားရုံးက သက်သေအဖြစ် ထွက်ဆိုပါက၊ သူ သို့မဟုတ် သူမပြောသည့်အရာအားလုံးအား တရားခံ သို့မဟုတ် အခြား ပူးတွဲ တရားခံများနှင့် ဆန့်ကျင်၍ အသုံးပြုသွားနိုင်ကြောင်းတို့ ပါဝင်ပါသည်။[142]

*နိုင်ငံတကာ ဥပဒေ*

ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုဖြင့် တရားစွဲဆိုခံထားရသူတိုင်းသည် 'အပြစ်ရှိသည်ဟု အတည်မပြုရသေးခင်အထိ အပြစ်ကင်းစင်သည်ဟု ယူဆပိုင်ခွင့်ရှိသည်'။[143]ICCPR ၏ ပိုဒ်ခွဲ 14(3)(ဆ) အရ၊ ရာဇဝတ်မှု ကျူးလွန်သူဟု စွပ်စွဲခံရသူတိုင်းသည် 'သူ ကိုယ်တိုင် ထွက်ဆိုရန် သို့မဟုတ် အပြစ်ရှိကြောင်း ဝန်ခံရန် မဖြစ်မနေနိုင်းစေခြင်း မခံရန်' အခွင့်အရေးရှိပါသည်။[144]ဤအခွင့်အရေးအား အပြစ်ကင်းစင်သည်ဟု ယူဆပိုင်ခွင့်နှင့် ညှဉ်းပန်းနှိပ်စက်မှု မခံရရေးတို့နှင့် အခြေခံအားဖြင့် ချိတ်ဆက်ထားပါသည်။ ဝန်ခံလာရန် နိုင်ထက်စီးနင်းပြုခြင်း မခံရရေးပါဝင်ပြီး ဖြောင့်ချက်အားလုံးအား သက်သေခံများမှ ဖယ်ချန်ထားရမည်ဖြစ်သည်။[145]

---

137 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကျင့်ဥပဒေ s 164(3)၊ တရားရုံးများလက်စွဲ စာပိုဒ် 602။

138 သက်သေခံပစ္စည်း အက်ဥပဒေ ss 24–26။ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကျင့်ဥပဒေ s 163 ကိုလည်း ကြည့်ပါ။

139 ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ 2010၊ s 68။

140 *Ibid*၊ 15။

141 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကျင့်ဥပဒေ ss 256(2) နှင့် 342။

142 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကျင့်ဥပဒေ ss 256၊ 289(1) နှင့် 342။

143 ICCPR၊ ပိုဒ်ခွဲ 14(2)၊ UDHR၊ ပိုဒ်ခွဲ 11(1)၊ အထွေထွေမှတ်ချက် အမှတ် 32၊ စာပိုဒ် 39။

144 *Ibid*အထွေထွေမှတ်ချက် အမှတ် 32၊ စာပိုဒ် 41။

145 *Ibid*။ *Berry နှင့် ဂျမေကာ၊* ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ဆက်သွယ်ရေးအမှတ် 330/1988၊ ကုလသမဂ္ဂစာတမ်း CCPR/C/50/D/330/1988 (1994)၊ စာပိုဒ် 11.7။

*ပြည်တွင်းဥပဒေ*

အပြစ်ကင်းစင်သည်ဟု ယူဆခွင့် သို့မဟုတ် ဆိတ်ငြိမ်နေပိုင်ခွင့်ကို အတည်ပြုသည့် အကြွင်းမဲ့ ပြဋ္ဌာန်းချက် မြန်မာနိုင်ငံတွင်မရှိသော်လည်း၊ အချက်အလက်အားလုံးအတွက် ဖြစ်တည်မှုဆိုင်ရာ သက်သေ ဝန်ထုပ်ဝန်ပိုးသည် ၎င်း၏ တည်ရှိမှုကို သက်သေပြလိုသည့်ဘက်တွင် ရှိပါသည်။[146] ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ထုတ်ပြန်သည့် မကြာသေးမီက ထွက်ရှိလာသော မျှတသော စစ်ဆေးစီရင်ခြင်း လမ်းညွှန်စာအုပ်သည် အပြစ်ကင်းစင်ကြောင်း ယူဆခွင့်သည် 'မျှတသော စစ်ဆေးစီရင်ခြင်း၏ မရှိမဖြစ်လိုအပ်သော အချက်' ဖြစ်ကြောင်းနှင့် တရားလိုသည် 'လက်ခံနိုင်သော သက်သေကို ကျော်လွန်၍' အပြစ်ရှိကြောင်း သက်သေပြရမည်ဟု အတည်ပြုပါသည်။[147]

ယင်း လမ်းညွှန်စာအုပ်သည် စုံစမ်းစစ်ဆေးခြင်းအတွင်း ဆိတ်ငြိမ်နေရန်မှာ 'ကိုယ်တိုင် ပြစ်မှုကျူးလွန်ကြောင်း ထွက်ဆိုရန် အတင်းအကျပ် စေခိုင်းမခံရရေးအတွက် အရေးကြီးသော အခွင့်အရေး' ဖြစ်ကြောင်း ဖော်ပြပါသည်။[148]မြန်မာနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ပုဒ်မ 256(2) အရ၊ တရားသူကြီးသည် တရားခံအား သူ သို့မဟုတ် သူမကိုယ်တိုင် သက်သေထုတ်ပေးရန် ဆန္ဒရှိမရှိ မေးမြန်းရမည်ဖြစ်ပြီး တရားရုံးက ကိုယ်တိုင် သက်သေထုတ်လိုပါက သူ သို့မဟုတ် သူမအား စစ်ဆေးသွားမည်ဖြစ်ပြီး တရားခံ၏ ကိုယ်တိုင် ဆန္ဒအလျောက် ကျမ်းသစ္စာ ('သက်သေအဖြစ်') ဖြင့် ပြန်လှန်စစ်ဆေးသွားပါမည်။[149]တရားခံက ကိုယ်တိုင် သက်သေထုတ်ပေးရန် ဆန္ဒမရှိပါက၊ သူ သို့မဟုတ် သူမအား ပုဒ်မ 342(2) နှင့်အညီ တရားရုံးက 'လုပ်နည်းအတိုင်း' စစ်ဆေးသွားရပါမည်၊ သို့သော် တရားခံသည် ကျမ်းသစ္စာ မဆိုပါ။[150]တရားခံ၏ သက်သေထုတ်ပေးရန် ပျက်ကွက်မှုသည် ဥပဒေအရာရှိ၏ မှတ်ချက်တစ်ခုမျှ မဖြစ်ပေါ်စေရပါ၊ သို့သော် တရားရုံးက အပျက်သဘောဆောင်သော ကောက်နုတ်ချက်များ ရေးဆွဲရနိုင်သည်။[151]မြန်မာနိုင်ငံ၏ ဥပဒေသည် စုံစမ်းစစ်ဆေးခြင်းအဆင့်အတွင်း ဖြောင့်ချက်ပေးခြင်း၏ နောက်ဆက်တွဲများကို တရားသူကြီးက တရားခံအား ရှင်းပြပေးရန်နှင့် တရားသူကြီးက တရားခံအား သူ သို့မဟုတ် သူမ ထွက်ဆိုပါက တရားခံသည့် သက်သေအားလုံးအား သူ သို့မဟုတ် သူမ သို့မဟုတ် အခြား ပူးတွဲတရားခံနှင့် ယှဉ်၍ အသုံးပြုမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။[152]တရားသူကြီးများသည် တရားခံတစ်ဦး ဆိတ်ငြိမ်နေပါက၊ သူ သို့မဟုတ် သူမနှင့်အပြိုင် ဆန့်ကျင်သော ကောက်နုတ်ချက်ချနိုင်ကြောင်းကိုလည်း သတိပေးရပါမည်။[153]

## D. ထုချေခြင်းအတွက် လိုအပ်သော အာမခံချက်များ လုပ်ပိုင်ခွင့် – ထိရောက်သော တင်ပြဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ သက်သေနှင့် အမှုထားစရာကိစ္စများအတွက် တန်းတူညီသော အခွင့်အလမ်းပေးရန် ပျက်ကွက်ခြင်း

*တန်းတူညီသော သက်သေရယူခွင့်*

စစ်ဆေးစီရင်မှု တစ်လျှောက်၏ နောက်ထပ် ပြဿနာတစ်ခုမှာ တရားခံရှေ့နေ၏ သက်သေရယူခွင့်ဖြစ်ပါသည်။[154]တရားခံ လက်ခံရရှိသည်များမှာ မသဲကွဲဘဲ အကြိမ်များစွာ တရားခံ၏ ရှေ့နေများသည် တရားလိုက တင်ပြသည့် ပစ္စည်းများကြောင့် အံ့ဩပုံ ပေါက်ခံရပါသည်။ တရားရုံးက အဓိကကျသည့် CCTV ဗီဒီယိုကို ဖွင့်ချိန်တွင်၊ ပြဿနာများစွာ ရှိခဲ့သည်။ သူတို့က တရားခံ သို့မဟုတ် ၎င်းတို့၏ အကြံပေးရှေ့နေများ ကြည့်ရှုရန်အတွက် ကွန်ပျူတာ ဖန်သားပြင်များကို အစပိုင်းတွင် ဖွင့်မပေးခဲ့ပါ။[155]ဗီဒီယို၏ တစ်ချို့အပိုင်းများတွင် ကျော်သွားရန် တရားသူကြီး စာရေးကို ညွှန်ကြားပြီး ပုံအချို့ကို ပေါ်မလာခင် ပိတ်ခိုင်းပါသည်၊ ဗီဒီယိုကို လူတိုင်း ကြည့်ခွင့်ရှိရပါမည်။ ရှေ့နေများသည် မူရင်းဗီဒီယိုများမဟုတ်သည့် မိတ္တူများကိုသာ ရယူရန် ခွင့်ပြုခြင်းခံထားရသောကြောင့် ၎င်းမှာ ပြဿနာရှိနိုင်ပါသည်။[156]

---

146 သက်သေခံပစ္စည်း အက်ဥပဒေ ss 101–104။ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ss 253(1) (အမှုတစ်ခုကိုမျှ အပြီးမသတ်ပါက တရားခံကို လွှတ်ပေးရန်)၊ 245(1) (တရားသေလွှတ်ခြင်း)၊ 258 (တရားသေလွှတ်ခြင်း) ကို ကြည့်ပါ။

147 မျှတသော စစ်ဆေးစီရင်ခြင်း လမ်းညွှန်စာအုပ်၊ n 108၊ စာမျက်နှာ 14။

148 *Ibid*၊ဆိတ်ငြိမ်နေပိုင်ခွင့်၊ စာမျက်နှာ 29။

149 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ s 342(1)(က)၊ တရားရုံးများလက်စွဲ၊ စာပိုဒ် 454(1)။

150 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ss 289(2) နှင့် 342(2)(iii)။

151 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ s 342(1)(ဂ)၊ သက်သေခံပစ္စည်း အက်ဥပဒေ s 114 (ဖြေဆိုခြင်းမရှိသည့် တရားခံသည် ဖြေမည်ဆိုလျှင်ပင် ဖြေချင်သည့်အဖြေမရှိနိုင်ဟု တရားရုံးက ယူဆနိုင်သည်) ကို ကြည့်ပါ။

152 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ss 256 နှင့် 342။

153 ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိုဥပဒေ ss 289(1) နှင့် 342(1)(ခ)(ဂ)။

154 2017ခုနှစ်၊စက်တင်ဘာလ 1 ရက် ကြားနာစစ်ဆေးခြင်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ CCTV ဗီဒီယိုမှ ရိုက်ကူးထားသော ပုံများနှင့် 2017ခုနှစ်၊အောက်တိုဘာလ 20 ရက် ကြားနာစစ်ဆေးခြင်းတွင် ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း ဖေယျာဖြိုး၏ နေအိမ်နှင့် လုပ်ငန်းမှ သိမ်းဆည်းထားသည့် သက်သေများမှ ပုံများနှင့် စပ်လျဉ်းသော နမူနာ။

155 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ ဩဂုတ်လ 25 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

156 *Ibid*။

လေဆိပ်၏ CCTV ကင်မရာများမှ ပုံများကို ငြင်းဆိုရန် လုံလောက်သော အချိန်မရှိခဲ့ဟု တရားခံဘက်က ပြတ်ပြတ်သားသား ထွက်ဆိုပါသည်။[157] တရားခံရှေ့နေသည် သက်သေခံပစ္စည်းအဖြစ် ရှိနှင့်ပြီးဖြစ်သည့် ပြကွက်မိတ္တူများကို ပြသရန် ခုံအဖွဲ့အား ကြိမ်ဖန်များစွာ တောင်းဆိုခဲ့ပြီး ခုံအဖွဲ့က သက်သေခံအထောက်အထားများအဖြစ် စက္ကူစာအုပ်ကြီးများကို ထုတ်ပေးပြီး တရားခံဘက်သို့ လွှဲပေးပါမည်။ ရှေ့နေများသည် စာရွက်စာတမ်းများကို ဝင်ကြည့်ခွင့်ရှိခဲ့ပြီး တရားရုံးသို့ ယူဆောင်လာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဝင်ကြည့်ခွင့်မရှိခြင်းကြောင့် သက်သေခံအထောက်အထားများကို ကြည့်ရန် တောင်းဆိုခဲ့ရကြောင်း လေ့လာသူ သေချာမသိပါ။

တရားရုံးချုပ်ရှေ့နေက တောင်းဆိုသည့်နှစ်ရက်အစား တရားစွဲဆိုချက် အတည်ပြုမှု ကြားနာခြင်းမတိုင်မီ ငြင်းခုံမှုများကို ပြင်ဆင်ရန် တစ်ပတ် ခွင့်ပြုပေးခြင်း ကဲ့သို့သော ပြင်ဆင်ရန် တရားခံဘက်၏ အချိန်ကို စတေးစဉ် အမှုကို ရွှေ့ပြောင်းရန် တရားသူကြီးက ကြိမ်ဖန်များစွာ ကြိုးစားခဲ့သည်။[158] မည်ကဲ့သို့ နှောင့်နှေးမှုကိုမဆို အများပြည်သူက အတည်မပြုကြောင်း တရားသူကြီးက ဆိုပါသည်။

နှစ်ဖက်စလုံးက တရားရုံးတွင် ရုပ်ပိုင်းဆိုင်ရာ သက်သေကို မပြသခဲ့ပါ။ ရှာဖွေမှု ပုံစံများဖြင့် ဖော်ထုတ်ထားသည့် ပစ္စည်းအချို့ကို အတည်ပြုရန် သက်သေများကို မေးမြန်းသောအခါ၊ ရှေ့နေများက သက်သေများအား ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများမဟုတ်သည့် ပစ္စည်း၏ ပုံစံများ သို့မဟုတ် ရုပ်ပုံများ ကိုသာ ပြသခဲ့သည်။[159]အကြိမ်ရေများစွာ၊ မည်သည့်စာရွက်ကိုမျှ မပြဘဲ ပစ္စည်းစာရင်းကို အတည်ပြုရန် သက်သေများကို တောင်းဆိုခဲ့သည်။[160] ကြားနာစစ်ဆေးမှု တစ်ကြိမ်တွင်၊ ဦးကျော်ကျော်ထိုက်သည် လူသတ်သမား၏ လက်နက်နှင့် သက်ဆိုင်ရာ ကျည်ဆံများအား တရားရုံးသို့ ယူဆောင်လာရန် ပျက်ကွက်မှုကို ကန့်ကွက်ခဲ့ပြီး၊ အဆိုပါ ပစ္စည်းများအရ ပြန်လှန်စစ်ဆေးရန် တရားခံဘက်၏ အခွင့်အရေးနှင့် မဆိုင်ဘဲ အဆိုပါ ပစ္စည်းများကို တရားရုံးတွင် ပြသရပါမည်။[161]ပစ္စည်းများသည် အန္တရာယ်များသောကြောင့် မတင်ပြခဲ့ခြင်းဟု တရားသူကြီးက ထုတ်ပြောပြီး ယင်းပစ္စည်းများမှာ တရား စီရင်ခြင်းများအတွက် 'အလွန်အရေးပါခြင်း' မရှိသောကြောင့် သက်သေ၏ ထွက်ဆိုချက်မှာ လုံလောက်ပါသည်ဟု ဆိုပါသည်။[162]သီးခြား ကြားနာ စစ်ဆေးမှုတွင်၊ သက်သေခံပစ္စည်းများစွာအား ဥပဒေအရာရှိက တင်ပြခဲ့ပါသည် - ၎င်းတွင် တရားခံများ၏ အတူတကွရိုက်ထားသော Facebook ဓာတ်ပုံများနှင့် ဖေယျာဖြိုး၏ မြေအတွင်း မီးရှို့ထားသည့် သက်သေခံပစ္စည်းများဟု ယူဆရသည့် ဓာတ်ပုံများပါဝင်သော်လည်း အဆိုပါ သက်သေများ အား တရားရုံးက သက်သေခံပစ္စည်းများအဖြစ် လက်မခံခင် သက်သေ၊ တရားသူကြီး သို့မဟုတ် အတိုက်အခံ တရားရုံးချုပ်ရှေ့နေအား မပြသခဲ့ပါ။[163]

*တရားရုံးချုပ်ရှေ့နေ မရနိုင်ခြင်း*

တရားသူကြီးက ထိန်းသိမ်းခြင်းအား ခွင့်မပြုခင် ထိန်းသိမ်းထားသည့် တရားခံအတွက် ကုန်ဆုံးသွားသော အချိန်ကာလသည် အရေးကြီးဆုံးသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ရဲအချုပ်ခန်းတွင်းရှိနေစဉ် သုံးရက်အတွင်း ရှေ့နေခေါ်ပေးရန် တောင်းဆိုမှုအား ငြင်းဆိုခံခဲ့ရကြောင်း အောင်ဝင်းထွန်းက ထွက်ဆိုခဲ့ပြီး၊ ယင်းမှာတရားခံအား နိုင်ထက်စီးနင်းပြုပြီး ခြိမ်းခြောက်အကျပ်ကိုင်ကာ ဝန်ခံလာရန် တိုက်တွန်းခြင်းဖြစ်စေသည့် အဓိကအချက်ဖြစ် သည်။[164]အခြား တရားခံများသည်လည်း တိကျသော ခွင့်ပြုချက်မရှိဘဲ အလားတူ အချုပ်ခန်းထဲတွင် ထိန်းသိမ်းခံခဲ့ရပြီး ယင်းအချိန်တွင် တရားရုံးချုပ် ရှေ့နေနှင့် တွေ့ခွင့်မရှိခဲ့ကြောင်းကိုလည်း လေ့လာသူက နားလည်ပါသည်။

157 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊မေလ25 ရက်လေ့လာချက် အစီရင်ခံစာကို ကြည့်ပါ။
158 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 2 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။
159 IBAHRI ပါရှိသောဖိုင်ရှိ2017 ခုနှစ်၊ဩဂုတ်လ 11 ရက်နှင့် 2017ခုနှစ်၊စက်တင်ဘာလ8 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။
160 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ စက်တင်ဘာလ 22 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။
161 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ်၊ ဒီဇင်ဘာလ 15 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။
162 *Ibid*။
163 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ် ဇန်နဝါရီလ 19 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။
164 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ စက်တင်ဘာလ 7 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

ထို့အပြင်၊ အာဏာပိုင်များက ပြည့်စုံလုံလောက်စွာ ဖြေရှင်းပေးခြင်းမရှိခဲ့သည့် စစ်ဆေးစီရင်မှုအတွင်း တရားခံရှေ့နေများကို ခြိမ်းခြောက်ခြင်း ကိစ္စရပ်များရှိခဲ့ကြောင်း အစီရင်ခံခဲ့သည်။ အမှုတွင် ပါဝင်မှုကြောင့် သတ်ပစ်မည်ဟု ပုံမှန် ခြိမ်းခြောက်မှုများ ခံခဲ့ရကြောင်း ရှေ့နေများက လေ့လာသူထံ ဖွင့်ဟပြောဆိုခဲ့ပါသည်။[165]

ဇန်နဝါရီလ 2018 တွင်၊ ကြည်လင်းသည် ရဲအရာရှိများက ၎င်းကို တရားခွင်ကနေ ခေါ်ထုတ်လာစဉ် အနီးနားရှိ တရားလိုရှေ့နေနှင့် သတင်းသမားများကို မင်းတို့ ထမင်းဝအောင်စားထားဟု ခြိမ်းခြောက်ခဲ့သည်။[166]တစ်ဦးတစ်ယောက်အား မသတ်ခင် ကျွေးမွေးသည်ဆိုသည့် မြန်မာနိုင်ငံတွင် ဖြစ်လေ့ရှိသော ခြိမ်းခြောက်မှု ဖြစ်သည်။ တရားလိုရှေ့နေများက ယင်းအချက်အား ခုံအဖွဲ့များနှင့် ပြောဆိုရာတွင် တိုက်ရိုက် ဖွင့်ပြောသော်လည်း၊ တရားသူကြီးများက ခြိမ်းခြောက်မှုလုပ်ခဲ့ကြောင်းကို မသိအမှတ်မပြုခဲ့ဘဲ၊ ခုံအဖွဲ့က အငြင်းပွားမှုများတွင် မပါဝင်လိုခဲ့ဘဲ ၎င်းတို့က ဥပဒေနှင့်အညီ မျှတစွာ တာဝန်ယူသွားရန် အကောင်းဆုံး ကြိုးစားနေပါသည်ဟုသာ ပြောသွားခဲ့သည်။ ခြေခြေမြစ်မြစ်ရှိသော တရားစွဲဆိုမှုများအတိုင်း ဤခြိမ်းခြောက်မှုကို တရားသူကြီးများက သတိမမူမိဟု ဆိုလိုရန် ဖြစ်ကြောင်း လေ့လာသူကနားလည်ပြီး ယင်းမှာ တရားခွင်ပြင်ပတွင် ပါတီများက ဖြေရှင်းရန်လိုသည့် ပြင်ပပြဿနာတစ်ရပ်ဖြစ်သည်ဟု ခံစားခဲ့ရသည်။

ယင်းကြားနာမှုတွင်၊ မျိုးချစ်အဖွဲ့အုပ်စုက အလားတူ ခြိမ်းခြောက်မှုဖြင့် ရုပ်အင်္ကျီဝတ်ဆင်ထားသည့် တရားရုံးဝင်းရှိထဲ တရားခွင်ပြင်ပတွင် – 'ထမင်းဝအောင်စား'၊ ဘာသာပြန်သော် 'မသေခင်စားထား' ဟုဖြစ်ပြီး – ယင်းမှာ ကြည်လင်း ပြောခဲ့သည့်စကားအတိုင်းဖြစ်သည်။[167]တရားလိုရှေ့နေတစ်ဦးသည် နောက်ဆက်တွဲ ကန့်ကွက်သူများနှင့် သမာသမတ်မကျမှု ပြဿနာများကို ရှောင်ကြဉ်ရန်ဗုာ ကြားနာစစ်ဆေးမှု တည်နေရာအား ခရိုင်တရားရုံးနောက်ထပ်တစ်ခု သို့မဟုတ် အင်းစိန်အကျဉ်းထောင်သို့ ပြောင်းပေးရန် တောင်းဆိုစာအား ရန်ကုန်တရားရုံးချုပ်၊ နိုင်ငံတော် အကြံပေး၏ ရုံးခန်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အခြားဌာနများသို့ပေးပို့ခဲ့သည်ဆိုသည့် အချက်အလက်ကို လေ့လာသူ ကြားသိခဲ့ရသည်။ ၎င်းမှာ သတင်းပေးပို့ချက်အရ အကြောင်းပြန်မှု ပြန်မရရှိခဲ့ဟု သိရပါသည်။

ရှေ့နေများ အဖွဲ့အစည်းတစ်ခုက အမျိုးသားရေးစိတ်ဓာတ် လုပ်ရပ်များသည် 'တရားမျှတမှု၏ လွတ်လပ်ခွင့်ကို တမင်သက်သက် နှောင့်ယှက်[ခဲ့သော]ကြောင့်' ၎င်းတို့အား 2008 ဖွဲ့စည်းပုံ၏ ပုဒ်မ 19(ခ) ကို ချိုးဖောက်ခြင်းအဖြစ် ရှုတ်ချခဲ့သည်။[168]2018 ခုနှစ်၊ ဖေဖော်ဝါရီလ 6 ရက်တွင်၊ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးမင်းသည် ရာဇသတ်ကြီးဥပဒေ 505(ခ) နှင့် 189 တို့အရ တရားစွဲဆိုချက်များဖြင့် အင်းစိန်မြို့နယ်တွင်း အမျိုးသားရေး လှုပ်ရှားသူ လေးဦးကို အမှုဖွင့်ခဲ့ပါသည်။[169]

---

165 IBAHRI နှင့်အတူ အမှုတွဲထားသည့် 2017ခုနှစ်၊အောက်တိုဘာလ 12 ရက်နှင့် 2018ခုနှစ်၊ဇန်နဝါရီလ15 ရက် အစည်းအဝေး အစီရင်ခံစာများကို ကြည့်ပါ။

166 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ် ဇန်နဝါရီလ 19 ရက် လေ့လာချက် အစီရင်ခံစာများကို ကြည့်ပါ။ တရားခွင်၏ စာရွက်စာတမ်းပေါ်၌ ဖေယျာဖြိုး လက်မှတ်ရေးထိုးခြင်းကို တရားလိုရှေ့နေများက ကန့်ကွက်ခြင်းကြောင်း ယင်းကဲ့သို့ ဖြစ်ခဲ့ပါသည်။ ထွန်းထွန်း၊ 'Legal Action to be Taken Against Nationalist Supporters at U Ko Ni Trial' (ဧရာဝတီ၊ 2018ခုနှစ်၊ဖေဖော်ဝါရီလ9 ရက်) www.irrawaddy.com/news/legal-action-taken-nationalist-supporters-u-ko-ni-trial.html ဝင်ကြည့်ရက် 2019ခုနှစ်၊မေလ14 ရက်၊ ဇာနည်မန်း 'Legal Groups Fear Intimidation at U Ko Ni Trial' (ဧရာဝတီ၊ 2018ခုနှစ်၊ဖေဖော်ဝါရီလ5 ရက်) www.irrawaddy.com/news/burma/lawyers-u-ko-ni-trial-demand-action-taken-nationalists-threatening-t-shirts.html ဝင်ကြည့်ရက် 2019ခုနှစ်၊မေလ14 ရက်။

167 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 2 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။.

168 ဘာသာပြန်ထားသည့် စာရွက်စာတမ်းအား IBAHRI နှင့်အတူ ဖိုင်တွင် ပူးတွဲပါဝင်သည်။ 'Legal Groups fear intimidation at U Ko Ni trial', (ဧရာဝတီ၊ 2018ခုနှစ်၊ဖေဖော်ဝါရီလ5 ရက်) ကိုလည်း ကြည့်ပါwww.irrawaddy.com/news/burma/lawyers-u-ko-ni-trial-demand-action-taken-nationalists-threatening-t-shirts.html ဝင်ကြည့်ရက် 2019ခုနှစ်၊မေလ14 ရက်။

169 ရဲမွန်၊ 'Trial against alleged assassin of lawyer Ko Ni and co-conspirators will continue' (DVB၊ 2018ခုနှစ်၊ဖေဖော်ဝါရီလ 10 ရက်) http://english.dvb.no/news/trial-alleged-assassin-prominent-lawyer-ko-ni-co-conspirators-will-continue/79677 ဝင်ကြည့်ရက် 2019ခုနှစ်၊မေလ14 ရက်၊ ထွန်းထွန်း၊ 'Legal action to be taken against nationalist supporters at U Ko Ni trial' (ဧရာဝတီ၊ 2018ခုနှစ်၊ဖေဖော်ဝါရီလ9 ရက်)www.irrawaddy.com/news/legal-action-taken-nationalist-supporters-u-ko-ni-trial.html ဝင်ကြည့်ရက် 2019 ခုနှစ်၊မေလ 14 ရက်S 505(ခ) အရအများပြည်သူ သို့မဟုတ် အများပြည်သူ၏ ကဏ္ဍတစ်ခုခုကို ထိတ်လန့်စေရန်၊ ကြောက်ရွံ့စေရန် သို့မဟုတ် သတိပေးရန် ထုတ်ပြန်ချက်၊ ကောလာဟလ သို့မဟုတ် အစီရင်ခံစာ တစ်ခုခုကို ပြုလုပ်ခြင်းသည် နိုင်ငံတော် သို့မဟုတ် အများပြည်သူ ငြိမ်ချမ်းမှုကို ဆန့်ကျင်သည့် ပြစ်မှုမြောက်ပြီး နှစ်နှစ် သို့မဟုတ် ဒဏ်ငွေဖြင့် သို့မဟုတ် နှစ်ခုလုံးအထိ ပြစ်ဒဏ်ကျခံရနိုင်ပါသည်။ ပုဒ်မ 189 က ဖော်ပြသည်မှာ- 'ပြည်သူ့ဝန်ထမ်းအား ရည်ရွယ်ချက်ဖြင့် တိုက်တွန်းရန် သို့မဟုတ် အဆိုပါဝန်ထမ်း၏ လုပ်ဆောင်ချက်တစ်ခုခုနှင့် သက်ဆိုင်သော လုပ်ရပ်တစ်ခုခုလုပ်ရာတွင် နှောင့်နှေးစေရန် သို့မဟုတ် အောင့်အည်းစေရန် ရည်ရွယ်ချက်ဖြင့် ပြည်သူ့ဝန်ထမ်း သို့မဟုတ် ပြည်သူ့ဝန်ထမ်း ဖြစ်ရန် စိတ်ဝင်စားသည့် မည်သူကိုမဆို ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှု ပြုလုပ်သူတိုင်းသည် ထောင်ဒဏ်နှစ်နှစ် သို့မဟုတ် ဒဏ်ငွေဖြင့် သို့မဟုတ် နှစ်ခုလုံးအထိ ပြစ်ဒဏ်ကျခံရနိုင်ပါသည်။'

*ထိရောက်သော တင်ပြဆွေးနွေးခြင်း*

စစ်ဆေးစီရင်မှုတစ်လျှောက်လုံးတွင်၊ အောင်ဝင်းဇော်နှင့် အောင်ဝင်းထွန်းတို့အား ၎င်းတို့ငှားရမ်းခဲ့သည့် သီးခြား ရှေ့နေ ဦးအောင်ခိုင်က ကိုယ်စားပြုခဲ့သည်။ အောင်ဝင်းထွန်းသည် သူ၏ ညီဖြစ်သူကို ပုန်းအောင်းခွင့်ပေးခြင်းအတွက်သာ တရားစွဲခံထားရပြီး လူသတ်မှုစက်ကွင်းတွင် မငြိစွန်းခဲ့ပါ။ အောင်ဝင်းထွန်း၏ ကိုယ်စား သက်သေများကို ခေါ်ဆိုခဲ့သော်လည်း၊ အောင်ဝင်းဇော်၏ တရားခံဘက်တွင် ပို၍ကြီးမားသော အလေးသာမှု ထားရှိခဲ့ကြောင်းကို မှတ်ထားရန် အရေးကြီးပါသည် (စီရင်ချက်ချမှတ်ခံရပါက သေဒဏ်ကျခံရမည် ဖြစ်သော်လည်း)။ အောင်ဝင်းထွန်းအပေါ် တရားစွဲဆိုချက်များအား အတည်ပြုခဲ့ပြီး အမှုစတင်သည့်အချိန်မှ တစ်နှစ်ခန့်နှင့် သူ၏ ကနဦး ထိန်းချုပ်မှုကို စတင်ပြီးနောက် တစ်နှစ်ကျော်သည်အထိ သူ့အတွက် အာမခံချက်ကို ဦးအောင်ခိုင်က လျှောက်ရာတွင် မအောင်မြင်ခဲ့ပါ။ လေ့လာသူ၏ သိနားလည်သမျှ၊ ဦးအောင်ခိုင်သည်လည်း အောင်ဝင်းထွန်းအား သူ၏ နောက်ဆုံး နှုတ်ဖြင့် ထုချေမှုတွင် သို့မဟုတ် တရားစွဲဆိုချက်များ အတည်ပြုမှုအပေါ် သူမ၏ နှုတ်ဖြင့် ငြင်းခုံမှုများတွင် ရည်ညွှန်းမသွားခဲ့ပါ။ တရားခွင်အတွင်း ဦးအောင်ခိုင်သည် အောင်ဝင်းထွန်းနှင့် ပြန်လှန်ပြောဆိုသည်များကို လေ့လာသူက မြင်ရခြင်း သိပ်မရှိခဲ့ပါ၊ ယင်းအစား သူက တခြား တရားခံများနှင့် တိုက်ရိုက် ပြောဆိုလေ့ရှိပါသည်။

တရားစွဲဆိုခြင်းသည် လုပ်နိုင်စွမ်း သို့မဟုတ် ဆန္ဒ ကင်းမဲ့ခြင်းကနေ ဖြစ်ပေါ်လာခြင်း ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံ ကျင့်ထုံးများအရ၊ ဦးကိုနီ၏ မိသားစုများကဲ့သို့သော တရားလိုများသည် ဥပဒေအရာရှိ၏ ကြီးကြပ်မှုအောက်တွင် ရာဇဝတ်မှုများဖြင့် ၎င်းတို့ကို ကိုယ်စားပြုရန် သီးသန့် ရှေ့နေတစ်ဦး ခေါ်ယူနိုင်သည်။[170]တရားလိုရှေ့နေများသည် တခြား တရားခံများအပေါ် တရားစွဲဆိုချက်များထပ်ထည့်ရန်၊ နောက်ဆက်တွဲ သက်သေများ အမည်ဖော်ပြရန်၊ လူသတ်လက်နက်ဆိုင်ရာ ပိုင်ဆိုင်မှု ကွင်းစက်ကို လိုက်လံကြည့်ရန်နှင့် သက်သေအချို့အား မေးခွန်းများမေးရန် ကြိုးပမ်းခဲ့သော်လည်း ဥပဒေအရာရှိက ကန့်ကွက်ခဲ့သည်။[171]ကြားနာစစ်ဆေးမှု များစွာတွင်၊ လေ့လာသူသည် တရားလိုရှေ့နေများက ဥပဒေအရာရှိ၏ သက်သေများကို စစ်ဆေးမှုပြုလုပ်စဉ်အတွင်း ၎င်းထံ မှတ်ချက်များ လွှဲပေးသည်ကို လေ့လာသူက မြင်တွေ့ခဲ့သည်။ အခြားအခြေအနေများတွင်၊ မေးခွန်းများမေးရန် သို့မဟုတ် ကန့်ကွက်ရန် တရားလိုရှေ့နေများမတ်တပ်ထရပ်ချိန်တွင်၊ တရားခံရှေ့နေက ကန့်ကွက်ခဲ့သည် သို့မဟုတ် တရားသူကြီးက ၎င်းတို့ကို ရပ်တန့်ရန် ပြောသည်။[172]ယင်းလုပ်ရပ်များသည် အရေးကြီးသော စစ်ဆေးမှုနှင့် တင်ပြထားသည့် သက်သေများကို မေးခွန်းထုတ်ခြင်းအပြင် အမှုတွင် မပါလာသည့် ဖြစ်နိုင်ခြေသက်သေများနှင့် ဆက်စပ်၍ နစ်ဖက်ကြားတွင် တန်းတူညီမှုကို ချိုးဖောက်ခြင်းဖြစ်နိုင်သည်။

*နိုင်ငံတကာ ဥပဒေ*

UDHR ၏ ပိုဒ်ခွဲ 11 အရ တရားခံသည် သူ သို့မဟုတ် သူမ၏ ထုချေမှုအတွက် လိုအပ်သော အာမခံချက်များ ရှိရန်လိုပါသည်။ အဆိုပါ အာမခံမှုများတွင် တရားဝင်ကိုယ်စားပြုခြင်းရပိုင်ခွင့်၊ ခုခံမှုကိုပြင်ဆင်ရန်နှင့် ရှေ့နေနှင့်ဆက်သွယ်ရန် လုံလောက်သောအချိန်တို့ ပါဝင်ပါသည်။[173]တရားခံအားလုံးသည် ရဲဘက်မှမေးခွန်းမေးမြန်းစဉ်အတောအတွင်း အပါအဝင် အစပိုင်းမှနေ၍ ဥပဒေအရကိုယ်စားပြုသူနှင့် ၎င်းတို့၏ရပိုင်ခွင့်များနှင့်ပတ်သက်၍ ပြောကြားထားနိုင်ရမည်ဖြစ်ပါသည်။ နစ်ဖက်စလုံးသည် ပစ္စည်းသက်သေကိုကြည့်ရန်၊ လုံလောက်သောပြင်ဆင်ချိန်၊ နှင့် မျက်မြင်သက်သေများကို ခေါ်ယူပိုင်ခွင့်တို့တွင် ညီမျှသောရပိုင်ခွင့်ရှိကြောင်း သေချာစေခြင်းကြောင့် လက်နက်များ၏တူညီပိုင်ခွင့်သည် ခုခံသူအတွက် အခြေခံကျသော ရပိုင်ခွင့်ရှုထောင့်ဖြစ်ပါသည်။[174]သူ သို့မဟုတ် သူမအား ပထမအကြိမ်မေးမြန်းစဉ်မှနေ၍ တရားခံအား ရှေ့နေနှင့်တွေ့ဆုံခွင့်ပေးမထားသည့်အမှုများတွင် ၎င်းသည် ချိုးဖောက်ခြင်းဖြစ်မည်ဖြစ်ကာတရားခံ၏ရှေ့နေ ပျက်ကွက်သည့်အချိန် သို့မဟုတ် တရားခံတွင် အပြစ်မှကင်းလွတ်နိုင်သည့်သက်သေကို

---

170 ရာဇဝတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းကိုဥပဒေ s 493။ ပြည်ထောင်စုဥပဒေ တရားသူကြီးချုပ်၏ သဘောတူညီချက် (2010) အရ၊ ဥပဒေအရာရှိသည် တိုင်ကြားသူ၏ရှေ့နေ့အား 'ကြီးကြပ်ခြင်း' အတွက် တာဝန်ရှိပါသည်။ s 36(၃) ကို ကြည့်ပါ။ တရားရုံးများလက်စွဲ၏ အပိုဒ် 117 ကိုလည်း ကြည့်ပါ- 'ရောက်ရှိလာခြင်း၊ အသုံးချခြင်းနှင့် ပြုမူခြင်းများ ပြုလုပ်သူများအား အမိန့် III၊ စည်းမျဉ်း 2 တွင် သတ်မှတ်ထားသည့် တရားမမှုအတွက် အဖွဲ့များ၏ "အသိအမှတ်ပြုထားသည့် ကိုယ်စားလှယ်" အဖြစ် ပြုလုပ်နိုင်သည်။' အမိန့် III၊ စည်းမျဉ်း 2 သည် ကိုယ်စားလှယ်လွှဲပြောင်းစာအား လက်ဝယ်ရှိသူများကို တရားဝင် ကိုယ်စားလှယ်များဟု ယူဆပါသည်။

171 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ် အောက်တိုဘာလ 12 ရက်နေ့ တွေ့ဆုံခြင်းမှတ်စုများကို ကြည့်ပါ။ တိုင်ကြားသူများမှ အမည်တင်ပြထားသည့် အချို့သော မျက်မြင်သက်သေများအား 2017 ခုနှစ် ဇူလိုင်လ 28 ရက်နေ့တွင် ကြားနာခဲ့ပါသည်။ IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ် ဩဂုတ်လ 25 ရက်နေ့နှင့် 2017 ခုနှစ် နိုဝင်ဘာလ 10 ရက်နေ့ စူးစမ်းလေ့လာမှု အစီရင်ခံစာများကိုလည်း ကြည့်ပါ။

172 IBAHRI ပါရှိသောဖိုင်ရှိ 2017 ခုနှစ် ဖွန်လ 23 ရက်နေ့ (တရားသူကြီးများမှ)၊ 2017 ခုနှစ် ဖွန်လ 30 ရက်နေ့ (တရားသူကြီးများမှ)၊ 2017 ခုနှစ် ဩဂုတ်လ 25 ရက်နေ့ (တရားခံရှေ့နေမှ) နှင့် 2018 ခုနှစ် ဇန်နဝါရီလ 25 ရက်နေ့မှ စူးစမ်းလေ့လာခြင်းအစီရင်ခံစာများကို ကြည့်ပါ။

173 ပိုဒ်ခွဲ 14(3)(က) နှင့် (ဃ)။

174 အထွေထွေမှတ်ချက် နံပါတ် 32၊ စာပိုဒ် 13၊ 32–33 နှင့် 39။

ကြည့်ခွင့်မရှိပါက ရှေ့ဆိုင်းမှုကို ခွင့်မပြုထားပါ။[175]

အထူးခုံအဖွဲ့တွင် အရည်အချင်းရှိသူမှ အမြဲရှိမနေဘဲ အချို့သောအဖြစ်အပျက်များတွင် တရားခွင်ကိုထိန်းချုပ်၍မရနိုင်ခြင်း၊ မျက်မြင်သက်သေ သက်သေခံမှုကိုစီမံအုပ်ချုပ်ခြင်း သို့မဟုတ် မကောင်းသောဆက်ဆံမှု သို့မဟုတ် အကျပ်ကိုင်မှုမှတစ်ဆင့် ရရှိထားသောသက်သေကို ပယ်ဖျက်ခြင်း။ ၎င်းသည် တရားခံများ၏ တိတ်ဆိတ်နေခွင့်ကိုထိခိုက်နိုင်သောကြောင့် ၎င်းတို့၏သက်သေခံမှုမထင်ရှားမီတွင် တရားခံတစ်ဦးချင်းစီအား ပြည့်စုံသော သတိပေးမှုကို ပြောပြထားရန် ပျက်ကွက်မှု။ ထို့အတူ အရေးကြီးသည်မှာ ကြည်လင်နှင့် အောင်ဝင်းဇော်ကို မဖြစ်မနေသေဒဏ်ချမှတ်ခြင်းဖြစ်ပါသည်။ တရားခံအား အချုပ်ထဲတွင် ဝန်ခံရန်အတွက်တွန်းအားပေးရန် လွဲမှားစွာဆက်ဆံခြင်းပါအဝင် အကြိုတရားခွင်စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်သော စိတ်ပူပန်မှုများ၊ နှင့် ဖေယျာဖြိုး၏ဝန်ထမ်းများထံမှရရှိထားသော တွန်းအားပေးထားသည့် သက်သေခံချက်များသည် မျှတသောတရားခွင်ရပိုင်ခွင့် များကို ချိုးဖောက်နေခြင်းဖြစ်ပါသည်။

---

250 ICCPR၊ ပိုဒ်ခွဲ 14(1)၊ လူ့အခွင့်အရေးဆိုင်ရာ UN ကော်မရှင်ကိုလည်း ကြည့်ပါ၊ 'အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များပေါ်ရှိ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်မှ ပြဋ္ဌာန်းချက်များကို ကန့်သတ်ခြင်းနှင့် အခွင့်အရေးရုတ်သိမ်းခြင်းပေါ်ရှိ Siracusa စည်းမျဉ်းများ'၊ 1984 ခုနှစ်၊ စက်တင်ဘာလ 28 ရက်နေ့၊ E/ CN.4/ 1985/ 4၊ စာပိုဒ် 38(က)၊ နှင့် အထွေထွေမှတ်ချက် နံပါတ် 32၊ စာပိုဒ် 29။

251 2008 ဖွဲ့စည်းပုံ ပိုဒ်ခွဲ 19(ခ)၊ ရာဇဝတ်သားလုပ်ငန်းစဉ်စည်းမျဉ်း s 352၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ 2010 s 3(ခ)၊ *Maung Kyaw Aye v Union of Burma* (1953) BLR 114၊ နှင့် တရားရုံးများလက်စွဲ ပိုဒ်ခွဲ 48(1) ကိုကြည့်ပါ။ ခြွင်းချက်များ- ကလေးဥပဒေ 1993 s 42(ခ)၊ တရားဝင်လျှို့ဝှက်ချက်အက်ဥပဒေ 1923 s 14 (စွဲချက်တင်ခြင်း၏တောင်းဆိုချက်ပေါ်မူတည်သည်)။

252 တရားရုံးများလက်စွဲစာပိုဒ် 48(1)။

253 တရားရုံးများလက်စွဲ စာပိုဒ် 616၊ 602(1) နှင့် 652။

254 မျှတသောတရားခွင် လမ်းညွှန်စာအုပ်၊ တရားခွင်အဆင့်တွင် သက်ဆိုင်သောစံနှုန်းများ၊ IIIB။

သို့ရာတွင် အထူးခုံအဖွဲ့သည် မြန်မာနိုင်ငံ၏တရားရုံးစနစ်တွင် မကြားခဲ့ဖူးသော တစ်ပတ်နစ်ကြိမ်ကြားနာခြင်းများပြုလုပ်ခြင်းမှာလည်း မည်သို့မျှ အဓိပ္ပါယ်မရှိပါ။ ၎င်းသည် အမှု၏သိသာထင်ရှားမှုနှင့် တရားသူကြီးများ၏ စိတ်ပါဝင်စားမှုကို ထင်ဟပ်စေပါသည်။ ထို့အပြင် တရားခံရှေ့နေဖြစ်ပြီး နိုင်ငံအရမဟုတ်သောကြောင့် ဆက်လက်လုပ်ဆောင်မှုများအတွင်း အချို့သောစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။ ထိုအချိန်များတွင်၊ တရားခံသည် ၎င်းတို့၏ကိုယ်ပိုင်သက်သေခံချက်နှင့် မျက်မြင်သက်သေတက်ရောမှုကိုထိန်းချုပ်ထားနိုင်မှုအား ပျက်ကွက်သောကြောင့် ဆက်လက်လုပ်ဆောင်မှုများမှာ နှောင့်နှေးပုံပေါ်လာခဲ့ပါသည်။ ဥပဒေရေးရာအငြင်းအခုံ၊ အစဉ်အလာအတိုင်းဖြစ်သည့် ပုံမှန်ကိုးကားဖော်ပြချက်၊ နှင့် ဤအမှုတွင်တွေ့ရှိသော သက်သေတင်ပြမှုများကို ကန့်ကွက်ခြင်းများနှင့် ရင်ဆိုင်ခြင်းများ၏ အပြောင်းအလဲမရှိသောအဆင့်မှာ မှတ်သားဖွယ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဥပဒေနယ်ပယ်ရှိ အခြားအရာများတွင် အသုံးဝင်ကာ လုပ်ပိုင်ခွင့်ရှိသောဥပမာအဖြစ် စဉ်းစားမည်ဖြစ်ပါသည်။

သို့ရာတွင် စူးစမ်းလေ့လာခြင်းသည် ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ တရားစီရင်ရေးဆိုင်ရာ စီမံဆောင်ရွက်မှုနှင့်ပတ်သက်သော လေးနက်သည့် ပူပန်မှုများအတွက် သက်သေကို ဖော်ထုတ်ပေးပါသည်။ ဤအမှုရှိရဲများကို မေးခွန်းထုတ်နိုင်သောနည်းလမ်းများမှတစ်ဆင့် သက်သေရယူကာ တင်ပြရန်နှင့် တရားခံအား ပြစ်ဒဏ်မှကင်းလွတ်စေခြင်းဖြင့် ဥပဒေနှင့်မညီစွာ အချိန်ဆွဲထားရန် ခွင့်ပြုပေးထားပါသည်။ ရှေ့နေများနှင့် တရားသူကြီးများသည် အပြည်ပြည်ဆိုင်ရာနှင့် ဆက်လက်လုပ်ဆောင်မှုများရှိ မျှတသောကြားနာမှုအတွက် ပြည်တွင်း လူ့အခွင့်အရေးစံနှုန်းများကိုပင် အသုံးချရန် လုပ်နိုင်ခြင်း သို့မဟုတ် ဆန္ဒရှိခြင်းမရှိပါ။ အပြည်ပြည်ဆိုင်ရာစိစစ်ခြင်းများစွာဖြင့် ဆက်လက်လုပ်ဆောင်မှုများတွင်၊ အနည်းဆုံး မျှတအောင်ပြုလုပ်ရန် ကြိုးစားခဲ့မှုများ၌ ပျက်ကွက်မှုများမှာ သိသာထင်ရှားလျက်ရှိပါသည်။ ရှင်းလင်းသည့်အရာမှာ ရှေ့နေများနှင့် တရားသူကြီးများအပါအဝင် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၏ ကိုယ်စားလှယ်များကိုသေချာစေရန် လုပ်ဆောင်သောအဆင့်များအတွက် လိုအပ်ချက်ရှိနေပြီး ပြစ်မှုဆိုင်ရာတရားစီရင်ရေးဆောင်ရွက်မှုတွင် မျှတသောတရားခွင်ရပိုင်ခွင့်များကို အသုံးချကာ ကာကွယ်ရန် လိုအပ်ချက်များရှိနေပါသည်။

## VII. ထောက်ခံချက်များ

အဆိုပါတွေ့ရှိမှုများတွင်၊ IBAHRI သည် ဖော်ပြပါထောက်ခံချက်များကို ပြုလုပ်ပါသည်။

**နိုင်ငံတော် ရှေ့နေချုပ်ရုံးနှင့် လွှတ်တော် (မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်) အနေဖြင့်လုပ်ဆောင်သင့်သည်မှာ-**

- မဖြစ်မနေချမှတ်ရသော အမြင့်မားဆုံးသော ပြစ်ဒဏ် အပါအဝင် ဥပဒေအားလုံးမှ သေဒဏ်ကို ဖယ်ရှားရပါမည်၊

- အပြစ်ကင်းသည်ဟု ယူဆခံရပိုင်ခွင့်နှင့် အခြား မျှတသော စမ်းသပ်စစ်ဆေးခွင့်များကို အတည်ပြုပေးသည့် သီးခြား ပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်းရန် ဖွဲ့စည်းပုံနှင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးကို ပြင်ဆင်ရမည်၊ ၎င်းတွင် စစ်ဆေးစီရင်စဉ်အတွင်း တိတ်ဆိတ်နေခွင့်နှင့် တရားခံ၏ ဆိတ်ငြိမ်မှုမှ ဖြစ်လာသည့် ဆန့်ကျင်ဘက် အနှောင့်အယှက်တစ်စုံတစ်ရာကို တားမြစ်ခြင်း ပါဝင်ရပါမည်၊

- ICCPR နှင့် CAT အပါအဝင် ကတိကဝတ် အပါအဝင် မြန်မာနိုင်ငံက မပါဝင်သေးသည့် နိုင်ငံအချင်းချင်း သဘောတူစာချုပ်များကို လက်မှတ်ထိုး၊ အတည်ပြုပြီး အကောင်အထည်ဖော်လုပ်ဆောင်သွားရန်နှင့် ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ နှစ်မျိုးလုံးကို သတ်မှတ်ထားကြောင်း သေချာလုပ်ဆောင်ရပါမည်၊ ထို့အပြင်

- နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်များကို ထိခိုက်သောအခါ ထိခိုက်နစ်နာသူများ၏ အမြင်များနှင့် စိုးရိမ်ရမှုများကို ထည့်သွင်းစဉ်းစားခြင်း အပါအဝင် 'တာဝန်များကို တရားမျှတစွာ၊ စဉ်ဆက်မပြတ် ထိရောက်မြန်ဆန်စွာ လုပ်ဆောင်ခြင်း' ဆိုသည့် ၎င်းတို့၏ တာဝန်ကို ဥပဒေအရာရှိများက သတိပြုမိကြောင်း သေချာလုပ်ဆောင်ရပါမည်။

**မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပါဝင်သော ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လုပ်ဆောင်သင့်သည်မှာ-**

- ရန်ကုန်မြို့ရှိ အောင်သပြေ စစ်ဆေးမေးမြန်းရေးစင်တာတွင် မရေရာသော၊ နိုင်ထက်စီးနင်းပြုသော စိစစ်မေးမြန်းမှုများကို ပြုလုပ်ခြင်းအား ရပ်တန့်ရန်၊

- ဖြောင့်ချက်ပေးရန် တရားရုံးသို့ ခေါ်ဆောင်လာသည့်လူတိုင်းသည် ဆန္ဒအလျောက် ထိုသို့ပြုလုပ်နေခြင်းဖြစ်ပြီး ၎င်း၏ အကျိုးဆက်များကို အပြည့်အဝ သိနားလည်ကြောင်း သေချာစေရန်၊

- ရဲနှင့် အကျဉ်းထောင် အာဏာပိုင်အားလုံးသည် နိုင်ငံတကာနှင့် အမျိုးသား လူ့အခွင့်အရေး စံနှုန်းများအပြင် ယင်းတို့အား လေးစားလိုက်နာပြီး ကာကွယ်သွားရမည့် ၎င်းတို့၏ တာဝန်ဝတ္တရားကို လေးစားလိုက်နာမှုနှင့် ပတ်သက်ပြီး သိနားလည်ကြောင်း သေချာစေရန်၊

- နိုင်ထက်စီးနင်းမပြုသော စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်သည့်ပုံစံနှင့် ပတ်သက်၍ သင့်လျော်သော သင်တန်းများ ပို့ချရန်၊ လုံလောက်ပြီး သင့်လျော်သော လမ်းညွှန်ချက်များ မရှိပါက၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်သူများ၏ အထောက်အပံ့နှင့် အကြံဉာဏ်နှင့်အတူ ဖန်တီးရန် သို့မဟုတ် ပြင်ဆင်ရန်၊

- စွပ်စွဲခံရသည့် လူများအား ၎င်းတို့ ဖမ်းဆီးခံရပြီးနောက် ပထမဆုံး အခွင့်အလမ်းတွင် ရှေ့နေများနှင့် ၎င်းတို့၏ မိသားစုများနှင့် ချက်ချင်း၊ လျှို့ဝှက် တွေ့ဆုံခွင့်ပြုရန်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အခြားလိုအပ်သော အကူအညီများ အပါအဝင် လျှို့ဝှက် ရယူခွင့်များ ဆက်လက်ခွင့်ပြုရန်၊ အပြင်

- ရဲနှင့် အကျဉ်းထောင် အရာရှိများက စွပ်စွဲထားသည့် အမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်ဟု သိထားသူများက စည်းကမ်းဥပဒေအရနှင့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲမှုများဖြင့် တာဝန်ယူကြောင်း သေချာစေရန်တို့ဖြစ်သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေဖြင့် လုပ်ဆောင်သင့်သည်မှာ-**

- တစ်ဦးတစ်ယောက်အား အပြစ်ကျူးလွန်ကြောင်းထွက်ဆိုခြင်း မပြုပိုင်ခွင့်အား ကာကွယ်ခြင်း ဖြစ်စေသည့် သင့်လျော်ပြီး သက်ဆိုင်သော တရားဥပဒေ အသွင်ပြောင်းလဲမှုကို ဆိုင်းငံ့ခြင်း၊ ၎င်းတို့ကိုယ်တိုင် ထွက်ဆိုကြသည့် တရားခံအားလုံးအတွက် သင့်လျော်ပြီး ပြည့်စုံလုံလောက်သည့် သတိပေးချက်များ ထုတ်ပေးရန်နည်းလမ်းအတွက် တရားသူကြီးများကို လေ့ကျင့်ပေးရန်၊

- တရားသူကြီးများသည် နိုင်ငံတော် တရားရုံးချုပ် 2017 တရားရေးရာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ပြုမူကြောင်း သေချာစေရန်၊

- စစ်ဆေးစီရင်မှုများကို လွန်လွန်ကဲကဲ နောက်ကျခြင်း မရှိစေရန်အလို့ငှာ ပုံမှံအကြောင်းရင်းဖြင့် အစီအစဉ်တကျ ကြားနာစစ်ဆေးမှုများကို ပြုလုပ်ကြောင်းသေချာစေရန်၊

- တရားရုံးတွင် အတင်းအဓမ္မလုပ်ဝန်ခံစေခြင်း၊ မှားယွင်းသော ထွက်ဆိုမှု ပြုလုပ်စေခြင်း ပြဿနာများနှင့် လက်မခံနိုင်သော သို့မဟုတ် မှန်ကန်စွာ ရယူမထားသော သက်သေများကို ဖယ်ချန်ခြင်း အပါအဝင် လေ့ကျင့်မှုနှင့် အပြန်အလှန် ဆွေးနွေးမှုဖြင့် တရားသူကြီးများအား တရားရုံး စီမံခန့်ခွဲမှု လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့်အာဏာပေးရန်၊

- တရားသူကြီးများသည် အပြည့်အစုံထားရှိပြီး တရားခံ၊ သက်သေ သို့မဟုတ် အခြား လူတစ်ဦးချင်းက အရာရှိများကို တိုက်ရိုက် အမှုဖွင့်ပြီး တရားရုံး စစ်ဆေးခြင်းများအတွင်း လာရောက်ရာတွင် ၎င်းတို့၏ အထက်လူကြီးထံ ပြဿနာများကို တိုင်ကြားခြင်းကြောင့် ၎င်းတို့အား ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် နာကျင်စေခြင်းအတွက် ရဲများတွင် တာဝန်ရှိကြောင်းသေချာစေရန်၊

- ဥပဒေအရ ခွင့်ပြုထားသည့်ပမာဏကို ဖော်ပြသော ပြေစာနှင့်အတူ တောင်းဆိုမှုပြုလုပ်ပြီးနောက် 24 နာရီအတွင်း အပြစ်မရှိကြောင်းပြောသည့် သက်သေအားလုံးနှင့် ရဲအရာရှိများအတွက် ပြုလုပ်ပေးသည့် ထွက်ဆိုချက်များ အပါအဝင် အမှုဖိုင်တစ်ခုလုံးအတွက် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများက တန်းတူညီသော အကြံဉာဏ်ရယူခွင့်ပေးကြောင်း သေချာစေရန်တို့ ဖြစ်သည်။

**ရှေ့နေများအသင်း၊ ILAM နှင့်နိုင်ငံရှိအခြားသောရှေ့နေများအသင်းများအနေဖြင့်လုပ်ဆောင်သင့်သည်မှာ-**

- တာဝန်ရှိသူများကို တရားစီရင်မှုသို့ ခေါ်ဆောင်လာကြောင်း သေချာစေရန် ထင်မြင်ချက်နှင့်တူ သက်ဆိုင်ရာ အာဏာပိုင် ရောက်မလာမီ တရားဥပဒေပညာရှင်၏ လုပ်ဆောင်ချက်များကို ကြိမ်းဝါးခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် မမှန်ကန်သော အဟန့်အတားများ ဖြစ်စေခြင်းတို့ အပါအဝင် နိုင်ငံတွင်းရှိ ရှေ့နေများကို ပံ့ပိုးပေးကြောင်း သေချာစေရမည်၊

- ပြစ်မှုဆိုင်ရာ တရားစွဲခြင်းများ ပြုလုပ်စဉ် ရှေ့နေများအနေဖြင့် ၎င်းတို့၏ အမှုသည်များ၏ ရပိုင်ခွင့်များကို ချိုးဖောက်ခြင်းအား ဖော်ထုတ်ပြီး စောဒကတက်ကြောင်း သေချာစေမည်၊

- ရှေ့နေများသည် သက်မွေးဝမ်းကျောင်းအတွက် ကျင့်ဝတ်စံနှုန်းများနှင့်အညီ ပြုမူရန် လိုအပ်ကြောင်း သတိပြုမိစေရန်၊ ယင်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ပြည်တွင်း ရှေ့နေများအပြင် ရှေ့နေများနှင့် ဆက်စပ်သော အဖွဲ့အစည်းများနှင့်အတူ ကျယ်ပြန့်သော ဆွေးနွေးမှုတို့ဖြင့် ILAM က ဖန်တီးရေးသားထားသည့် ကျင့်ဝတ်စည်းမျဉ်းများအား ဤကျင့်ဝတ်စံနှုန်းများကို အခြေခံနားလည်မှုအဖြစ် အသုံးချနိုင်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတကာ အဖွဲ့အစည်း၊ ဒေသဆိုင်ရာ ပြည်သူ့အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် ဆောင်ရွက်ရန်မှာ-**

- လက်တွေ့ကျသော ဖြေရှင်းနည်းများကို စူးစမ်းရှာဖွေခြင်းနှင့် တစ်ဦးချင်းအား ၎င်းတို့၏ သင့်လျော်သော အခန်းကဏ္ဍများတွင် လုပ်ပိုင်ခွင့်အာဏာ ပေးခြင်းအပေါ် အသားပေး၍ တရားခံရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများနှင့် ရဲအရာရှိများအား တရားမျှတသော စစ်ဆေးစီရင်ခွင့် များအတွက် လေ့ကျင့်ပေးရန်၊ တရားစီရင်မှု ကဏ္ဍ ဆောင်ရွက်သူအားလုံးပါဝင်သည့် လေ့ကျင့်မှုသည် ရိုးသားသော ဆွေးနွေးမှုအတွက် အခွင့်အလမ်းများ ဖြစ်စေပြီး ညှိနှိုင်းထားသည့် သတင်းပေးခြင်းကို သေချာစေပါသည်၊
- နိုင်ငံထက်စီးနင်းမပြုသော စုံစမ်းစစ်ဆေးခြင်း နည်းလမ်းများကို အသုံးပြုရာတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကူအညီနှင့် ရဲဌာနလုပ်ထုံးလုပ်နည်း များတွင် ကူညီပေးရန်နှင့်
- နိုင်ငံတွင်းရှိ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှု စနစ်၏ တိုးတက်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အကူအညီ ပေးရန်တို့ ဖြစ်သည်။

# နောက်ဆက်တွဲ 1- တရားခံ

*ကြည်လင်း*

စီရင်ချက်ချထားသော သေနတ်သမား။ ယခင်က 1985 ခုနှစ်တွင် ဘုရားဆင်းတုတော်များခိုးယူခြင်းကြောင့် စီရင်ချက်ချခြင်းခံရကာ ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခံရသည်။[255]2003 ခုနှစ်တွင် သူသည် အောင်ဝင်းဇော်နှင့်အတူ ဘုရားဆင်းတုတော်များနှင့် ရှေးဟောင်းပစ္စည်းများကို ခိုးယူခြင်းအတွက် စီရင်ချက်ချမှတ်ခံရကာ မန္တလေးရှိ အိုးဘိုထောင်တွင် ထောင်ဒဏ် 27 နှစ် ချမှတ်ခံခဲ့ရသည်။ သူသည် သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ကိုရရှိပြီးနောက် 2014 ခုနှစ်တွင် လွတ်လာခဲ့သည်။ ကြည်လင်းနှင့် အောင်ဝင်းဇော်သည် ထောင်ထဲတွင် အခန်းဖော်များဖြစ်ပါသည်။

*အောင်ဝင်းဇော်*

အောင်ဝင်းခိုင်၏အစ်ကို၊ အောင်ဝင်းထွန်း၏ညီ။ 1989-1993 စစ်တက္ကသိုလ် အပတ်စဉ် 34 မှ ဗိုလ်ဖြစ်ကာ နောက်ပိုင်းတွင် ဗိုလ်ကြီးဖြစ်လာသော်လည်း 1996 ခုနှစ်၌ စစ်တပ်တွင်တာဝန်ထမ်းဆောင်စဉ်တွင် ထောင်ဒဏ်ချမှတ်ခံခဲ့ရပါသည်။ သူသည် ကြည်လင်းနှင့်အတူ ဘုရားဆင်းတုတော်များကို ခိုးယူခြင်းအတွက် ထောင်ဒဏ် 27 နှစ် ချမှတ်ခံရကာ သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးနောက် 2014 တွင် အလားတူ လွတ်မြောက်လာခဲ့ပါသည်။ သူသည် 2002 ခုနှစ်ခန့်တွင် မုံရွာ၌ ကြည်လင်းနှင့်တွေ့ဆုံခဲ့သည်ဟု အစစ်ခံခဲ့ပါသည်။[256]သူသည် 2003-2009 ခုနှစ်တွင် မန္တလေးရှိအိုးဘိုထောင်၌ ကြည်လင်းနှင့်အတူ ခြောက်နှစ်ကြာအတူရှိခဲ့ပြီး ထိုအချိန်ကာလတွင် သူသည် ကြည်လင်း၏ အခန်းဖော်ဖြစ်ခဲ့ပါသည်။[257]သူသည် ဦးကိုနီအား လုပ်ကြံရန်စီစဉ်မှုနောက်ကွယ်တွင် သူ၏အစ်ကိုဖြစ်သူ အောင်ဝင်းခိုင်ရှိနေသည်ဟု အဆိုအရဝန်ခံခဲ့ပါသည်။

*ဇေယျာဖြိုး*

စစ်တက္ကသိုလ် အပတ်စဉ် 38 ၏ဗိုလ်လောင်းဖြစ်ခဲ့ပြီး 2004 ခုနှစ်တွင် မနုတ်ထွက်မီအထိ ဗဟိုသတင်းထောက်လှမ်းရေးဌာနတွင် စစ်ဘက်ဆိုင်ရာ ဗိုလ်ကြီးနှင့် ညွှန်ကြားသူဖြစ်ခဲ့ပါသည်။ သူသည် AIS ကုမ္ပဏီ၊ 38-Group၊ ရွှေဝါဖြိုးကုမ္ပဏီနှင့် ၎င်း၏ပင်မကုမ္ပဏီဖြစ်သော ဆောက်လုပ်ရေးပိုင်းတွင် အစိုးရတင်ဒါများကို ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဇေယျာဖြိုးကုမ္ပဏီတို့အပါအဝင် ကုမ္ပဏီများစွာကို တည်ထောင်ခဲ့ပါသည်။ ၎င်းတို့ စစ်တက္ကသိုလ် တက်နေစဉ်တွင် သူသည် အောင်ဝင်းခိုင်နှင့်တွေ့ဆုံခဲ့ပြီး ဇေယျာဖြိုး၏လုပ်ငန်းများနှင့် ဆက်စပ်မှုမရှိသော ရောင်ဝါဖြိုးဟုခေါ်သည့်လုပ်ငန်းကို တည်ထောင်ရန် အောင်ဝင်းခိုင်အား ကူညီပေးခဲ့ပါသည်။ သမ္မတရုံး၏ 2017 ခုနှစ်၊ ဖေဖော်ဝါရီလ 23 ရက်နေ့တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲအရ၊ ဇေယျာဖြိုးသည် မန်နေးဂျင်းဒါရိုက်တာအဖြစ် အောင်ဝင်းခိုင်နှင့်အတူ 2016 ခုနှစ်တွင် ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ပါသည်။

*အောင်ဝင်းထွန်း*

အောင်ဝင်းခိုင်နှင့် အောင်ဝင်းဇော်တို့၏ အစ်ကို။ သူသည် အောင်ဝင်းဇော်ကို ခိုလှုံခွင့်ပေးကာ သူ၏ကားဖြင့် ၎င်းအား ဘားအံသို့ထွက်ပြေးရန်အတွက် ကားမောင်းပို့ကာ ကူညီရန်ကြိုးစားခဲ့သည်ဟု စွပ်စွဲခံထားရပါသည်။

*အောင်ဝင်းခိုင်*

အောင်ဝင်းဇော်နှင့် အောင်ဝင်းထွန်းတို့၏ ညီ။ သူသည် စစ်တက္ကသိုလ် အပတ်စဉ် 36 မှသင်တန်းဆင်းခဲ့ပြီး ဒုဗိုလ်မှူးကြီးအဖြစ် အနားယူခဲ့သည်။ သူသည် ဇေယျာဖြိုးနှင့်အတူ စစ်တက္ကသိုလ်တက်ခဲ့ကာ လုပ်ငန်းဖော်လည်းဖြစ်ပါသည်။

---

255 သမ္မတရုံး၏သတင်းထုတ်ပြန်မှု၊ 82 နှင့်အထက်ကိုကြည့်ပါ။

256 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဩဂုတ်လ 2 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

257 IBAHRI ပါရှိသောဖိုင်ရှိ 2018 ခုနှစ်၊ ဇူလိုင်လ 12 ရက်နေ့ စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို ကြည့်ပါ။

# နောက်ဆက်တွဲ 2- လေ့လာချက် ရက်စွဲများအပါအဝင် ဖြစ်မှုကြာချိန်

| နေ့စွဲ | ဖြစ်စဉ် |
|---|---|
| 2017 ခုနှစ်၊ ဇန်နဝါရီလ 29 ရက်နေ့ | ဦးကိုနီသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြည်လင်း၏ ပစ်သတ်ခြင်းကို ခံခဲ့ရပါသည်။ တက္ကစီယာဉ်မောင်း ကိုနေဝင်း ပစ်သတ်ခံခဲ့ရပါသည်။ ကြည်လင်းအဖမ်းခံခဲ့ရပါသည်။ ဦးကိုနီနှင့် ဦးနေဝင်းအသတ်ခံရခြင်းအတွက် ကြည်လင်းအား ဒုရဲမှူးမိုးနိုင်က တိုင်ကြားခဲ့ပါသည်။ |
| 2017 ခုနှစ်၊ ဖေဖော်ဝါရီလ 2 ရက်နေ့ | ရဲဘက်မှ မြင့်ဆွေကို ဖမ်းဆီးခဲ့သည်ဟု အစီရင်ခံပါသည်။ |
| 2017 ခုနှစ်၊ ဖေဖော်ဝါရီလ 10 ရက်နေ့ | အောင်ဝင်းခိုင်အား နေပြည်တော်ရှိ ဇေယျာဖြိုး၏ကုမ္ပဏီဝင်းတွင် နောက်ဆုံးမြင်ခဲ့ရသည်ဟု တိုင်ကြားပါသည်။ |
| 2017 ခုနှစ်၊ ဖေဖော်ဝါရီလ 15 ရက်နေ့ | ရဲဘက်မှ အောင်ဝင်းခိုင်အားဖမ်းဆီးရန် အမိန့်ထုတ်သော်လည်း ထိုအမိန့်အား ရန်ကုန်ရှိ ရဲစခန်းခြောက်ခုထံသို့သာ ပေးပို့ခဲ့ပါသည်။ |
| 2017 ခုနှစ်၊ ဖေဖော်ဝါရီလ 25 ရက်နေ့ | ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေမှ စစ်ဘက်စုံစမ်းစစ်ဆေးရေး၏သုံးသပ်ချက်ကို အကျဉ်းချုံးကာ သတင်းစာရှင်းလင်းပွဲလုပ်ခဲ့ပါသည်။ 'အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်မှု' နှင့် 'ကိုယ်ရေးကိုယ်တာမကျေနပ်ချက်' ကြောင့် အားပေးခြင်းဟု စွပ်စွဲခဲ့ပါသည်။ |
| 2017 ခုနှစ်၊ မတ်လ 1 ရက်နေ့ | စစ်ဘက်ဆိုင်ရာ ညီလာခံရှင်းလင်းပွဲ (ဗိုလ်ချုပ်ကြီးမြင့်ဦး) သည် ပစ်ခတ်မှု၌ စစ်ဘက်မှတစ်စုံတစ်ရာပါဝင်သည်ဆိုခြင်းကို ငြင်းဆိုခဲ့ပါသည်။ |
| 2017 ခုနှစ် မတ်လ 3 ရက်နေ့ | ၎င်း၏အိမ်လိပ်စာမှာ ဒေါပုံမြို့နယ်တွင်သာရှိသည်ဟု ဖုံးကွယ်ထားသော အောင်ဝင်းခိုင်အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ဖမ်းဝရမ်းထုတ်ခဲ့ပါသည်။ |
| 2017 ခုနှစ် မတ်လ 3 ရက်နေ့ | အမှုတင်ပြချက်အား မြောက်ပိုင်းခရိုင်တရားရုံးမှ လက်ခံရရှိခဲ့ပါသည်။ အကြိုတရားခွင်လုပ်ဆောင်ခြင်းများကို စတင်ခဲ့ပါသည်။ စွပ်စွဲခံရသူလေးဦးအား တရားသူကြီးများမှ ၎င်းတို့နှင့်သက်ဆိုင်သည့်စွဲချက်များကို ရှင်းပြကာ ရမန်ယူရန်အမိန့်များကို အတည်ပြုခြင်းဖြင့် တရားရုံးထံ ခေါ်ဆောင်လာပါသည်။ |
| 2017 ခုနှစ် မတ်လ 7 ရက်နေ့ | ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ခေါင်းဆောင်တရားသူကြီးမှ ဥက္ကဋ္ဌအဖြစ် ခရိုင်တရားသူကြီး ဦးတင်ထွေး၊ သဘာပတိအဖြစ် ဒုတိယခရိုင်တရားသူကြီး ဦးတင်မောင်မြင့် (အဖွဲ့ဝင်) နှင့် ဒုတိယခရိုင်တရားသူကြီး ဦးအုန်းခိုင် (အဖွဲ့ဝင်) တို့ဖြင့် အမှုကိုကြားနာရန်အတွက် အထူးတရားခွင်ကိုဖွဲ့စည်းရန် မြောက်ပိုင်းခရိုင်တရားရုံးအား မူလအမိန့်နံပါတ် 39/2017 ဖြင့် ညွှန်ကြားပါသည်။ |
| 2017 ခုနှစ် မတ်လ 14 ရက်နေ့ | အမိန့်နံပါတ် 39/2017 အား အမိန့် 44/2017 ဖြင့်အစားထိုးကာ ခရိုင်တရားသူကြီး ဦးထွေး (ဥက္ကဋ္ဌ)၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တွဲဖက်တရားသူကြီး ဦးဇော်ထူး (အဖွဲ့ဝင်) နှင့် မြောက်ပိုင်းခရိုင် ဒုတိယတရားသူကြီး ဦးအုန်းခိုင် (အဖွဲ့ဝင်) တို့ဖြင့် အထူးတရားခွင်ကိုဖွဲ့စည်းရန် မြောက်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားခြင်း။ |
| 2017 ခုနှစ် မတ်လ 16 ရက်နေ့ | စွပ်စွဲခံရသူများ စာရင်းသွင်းရန်ရောက်ရှိလာခြင်းနှင့်အတူ မြောက်ပိုင်းခရိုင်တရားရုံးတွင် စုံစမ်းမေးမြန်းသည်။ |
| 2017 ခုနှစ် မတ်လ 17 ရက်နေ့ | မြောက်ပိုင်းခရိုင်တရားရုံးမှ နေပြည်တော်တွင် ဖမ်းဝရမ်းထုတ်ပေးရန် တိုင်ကြားချက်ကို တောင်းဆိုသည်။ |
| 2017 ခုနှစ်၊ မတ်လ 18 ရက်နေ့ | အမှုလိုက်ရှေ့နေသည် အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးအတွက် ရှေ့နေအာဏာကို တင်ပြပါသည်။ ဦးနေလ၊ ဦးခင်မောင်ဌေးနှင့် ဦးမင်းမင်းဇော်တို့သည် ကိုဦးနီ၏မိသားစုကို ကိုယ်စားပြုရန် ရှေ့နေအာဏာကို တင်ပြပါသည်။ |
| 2017 ခုနှစ်၊ မတ်လ 24 ရက်နေ့ | ဦးကျော်ကျော်ထိုက်နှင့် ဦးသန့်ဇင်ဦးတို့သည် ကြည်လင်းအတွက် ရှေ့နေအာဏာကို တင်ပြပါသည်။ ဦးအောင်ခိုင်သည် အောင်ဝင်းဇော်နှင့်အတူ အောင်ဝင်းထွန်းကို ကိုယ်စားပြုရန် ရှေ့နေအာဏာကို တင်ပြပါသည်။ |
| 2017 ခုနှစ်၊ မတ်လ 24 ရက်နေ့ | အမှုနံပါတ် 46 ကို ကနဦးတင်ပြခဲ့သူ ရဲဘက်မှ တာဝန်ရှိသူ မိုင်ထွန်းကျော်မှတစ်ဆင့် တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း စွဲချက်များဖြင့် စစ်ဆေးခြင်း။ |
| 2017 ခုနှစ်၊ မတ်လ 31 ရက်နေ့ | အမှုနံပါတ် 45 ကို ကနဦးတင်ပြခဲ့သူ ဒုရဲမှူးမိုးနိုင်မှ စစ်ဆေးခြင်း။ |
| 2017 ခုနှစ်၊ ဧပြီလအစောပိုင်း | ဗိုလ်ချုပ်ဇော်ဝင်းသည် နေပြည်တော်တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး ရဲဘက်မှ အောင်ဝင်းခိုင်အား နေပြည်တော်ရှိ မြို့နယ်နှင့် ကျေးရွာအားလုံးတွင် ရှာဖွေထားသည်ဟု ပြောကြားပါသည်။ |
| 2017 ခုနှစ်၊ ဧပြီလ 28 ရက်နေ့ | တရားလိုရှေ့နေများသည် အောင်ဝင်းခိုင်အတွက် နေပြည်တော်တွင် တရားရုံးမှ ဖမ်းဆီးမိန့်ထုတ်ပြန်ခြင်းကို တောင်းဆိုခြင်းဖြင့် ရန်ကုန်တိုင်းအထက်တရားရုံးထံ ရာဇဝတ်သားပြန်လည်ပြင်ဆင်ရေး အသနားခံစာကို တင်ပြပါသည်။ |
| 2017 ခုနှစ်၊ မေလ 22 ရက်နေ့ | အထက်တရားရုံးသည် မြောက်ပိုင်းခရိုင်တရားရုံးအား အောင်ဝင်းခိုင်ကိုရှာဖွေခြင်းနှင့်စပ်လျဉ်းသည့် နောက်ထပ်လမ်းညွှန်ချက်များကို ထုတ်ပြန်အတည်ပြုရန် ညွှန်ကြားပါသည်။ |
| 2017 ခုနှစ်၊ မေလ 26 ရက်နေ့ | မြောက်ပိုင်းခရိုင်တရားရုံးသည် အောင်ဝင်းခိုင်အား ပိုမိုနှံ့စပ်စွာရှာဖွေရန် ညွှန်ကြားပါသည်။ |
| 2017 ခုနှစ်၊ ဇွန်လ 9 ရက်နေ့ | ရဲဘက်မှ အောင်ဝင်းခိုင်ကိုရှာဖွေရန် သဲလွန်စအသစ်များမရှိကြောင်း တရားရုံးကိုပြောကြားပါသည်။ |
| **2017 ခုနှစ်၊ ဇွန်လ 16 ရက်နေ့** | **IBAHRI တရားခွင်စူးစမ်းလေ့လာခြင်း စတင်သည်။** |
| 2017 ခုနှစ်၊ ဇွန်လ 23 ရက်နေ့ | မြောက်ပိုင်းခရိုင်တရားရုံးသည် ရဲဘက်မှ အောင်ဝင်းခိုင်ကိုရှာတွေ့ရန် လုပ်ဆောင်နိုင်သည့်အရာအားလုံးကို လုပ်ထားပြီး ၎င်းအား ဆက်လက်ရှာဖွေရမည်ဟု စည်းကမ်းချမှတ်ပါသည်။ ၎င်းကိုမရှာနိုင်ခြင်းကြောင့် ဆက်လက်လုပ်ဆောင်မှုများကို သူမပါဘဲ ဆက်လုပ်ရမည်ဖြစ်ပါသည်။ |
| 2017 ခုနှစ်၊ ဇွန်လ 30 ရက်နေ့ | တည်ရှိသောဆက်လက်လုပ်ဆောင်ခြင်းများကို စတင်ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ CCTV မှတ်တမ်းနှင့်ပတ်သက်၍ ရဲအရာရှိထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 7 ရက်နေ့ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ကျနေခဲ့သော ရဲအရာရှိနှစ်ဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 14 ရက်နေ့ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ကျနေခဲ့သော ရဲအရာရှိနှစ်ဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 21 ရက်နေ့ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်လုပ်သော မျက်မြင်သက်သေနှစ်ဦးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ကျနေသော ရဲအရာရှိတစ်ဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 28 ရက်နေ့ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်လုပ်သော မျက်မြင်သက်သေသုံးဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 4 ရက်နေ့ | တက္ကစီယာဉ်မောင်းများဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ရှိနေခဲ့သော မျက်မြင်သက်သေသုံးဦးထံမှ ကြားသိရသောသက်သေ။ |

| | |
|---|---|
| 2017 ခုနှစ်၊ ဩဂုတ်လ 11 ရက်နေ့ | သက်သေဖမ်းဆီးခြင်းတွင် ပါဝင်ခဲ့သော ရဲအရာရှိတစ်ဦး၊ သက်သေဖမ်းဆီးခြင်းတွင်ပါဝင်ခဲ့သော မျက်မြင်သက်သေနှစ်ဦး၊ တက္ကစီယာဉ်မောင်းတစ်ဦးဖြစ်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှိနေခဲ့သော မျက်မြင်သက်သေတစ်ဦး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်လုပ်ကာ အခင်းဖြစ်ချိန်တွင် ထိုနေရာ၌ရှိနေခဲ့သော မျက်မြင်သက်သေတစ်ဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 18 ရက်နေ့ | ဦးကိုနီ၏သမီး၊ ဒေါက်တာရင်နွယ်ခိုင်၊ ဘုန်းတော်ကြီးတစ်ပါး၊ ရဲအရာရှိတစ်ဦးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်သော နယ်မြေစီမံခန့်ခွဲသူတို့ထံမှ ကြားသိရသောသက်သေ၊ ကြည်လင်း၏နေထိုင်မှုအခြေအနေနှင့် ၎င်းနေထိုင်သောဘုန်းကြီးကျောင်းမှ အဖမ်းခံရပုံ။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 25 ရက်နေ့ | မျက်မြင်သက်သေသုံးဦး၊ ရဲအရာရှိတစ်ဦးနှင့် လုံခြုံရေးတစ်ဦးထံမှ ကြားသိရသောသက်သေ။ လေဆိပ် CCTV မှတ်တမ်းကိုဖွင့်ခဲ့သည်။ |
| 2017 ခုနှစ်၊ စက်တင်ဘာလ 1 ရက်နေ့ | ရန်ကုန်ပုဂ္ဂလိကလေယာဉ်ကွင်းကုမ္ပဏီ လုံခြုံရေးအမှုထမ်းအဖွဲ့ဝင်တစ်ဦး၏ ပြန်လှန်စစ်မေးခြင်းကိုဆက်လုပ်ကာ ရဲအရာရှိတစ်ဦးနှင့် နယ်မြေစီမံခန့်ခွဲသူတစ်ဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ စက်တင်ဘာလ 8 ရက်နေ့ | မျက်မြင်သက်သေသုံးဦးထံမှ ကြားသိရသောသက်သေ။ |
| 2017 ခုနှစ်၊ စက်တင်ဘာလ 15 ရက်နေ့ | ကြည်လင်းရှေ့နေ၏ပျက်ကွက်မှုအရ ရွှေ့ဆိုင်းခဲ့သည်။ |
| 2017 ခုနှစ်၊ စက်တင်ဘာလ 22 ရက်နေ့ | မျက်မြင်သက်သေ ရဲအရာရှိသုံးဦးနှင့် မျက်မြင်သက်သေနှစ်ဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ စက်တင်ဘာလ 29 ရက်နေ့ | မျက်မြင်သက်သေ ရဲအရာရှိတစ်ဦးနှင့် မျက်မြင်သက်သေသုံးဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ အောက်တိုဘာလ 13 ရက်နေ့ | မျက်မြင်သက်သေ ရဲအရာရှိတစ်ဦးနှင့် မျက်မြင်သက်သေလေးဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ အောက်တိုဘာလ 20 ရက်နေ့ | မျက်မြင်သက်သေရဲအရာရှိတစ်ဦးနှင့် မျက်မြင်သက်သေနှစ်ဦးထံမှ သက်သေခံချက်၊ ဇေယျာဖြိုး၏အိမ်ကို ရှာဖွေမှုနှင့်စပ်လျဉ်းသောအရာအားလုံး။ |
| 2017 ခုနှစ်၊ အောက်တိုဘာလ 27 ရက်နေ့ | ဇေယျာဖြိုး၏လုပ်ငန်းအတွက် အသုံးပြုသောအိမ်ကိုရှာဖွေမှုနှင့်စပ်လျဉ်းသည် မျက်မြင်သက်သေနှစ်ဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ နိုဝင်ဘာလ 10 ရက်နေ့ | အလောင်းများကိုစစ်ဆေးခဲ့သော ဆရာဝန်နှစ်ဦးနှင့် Facebook အကောင့်မှ ဓာတ်ပုံများရရှိခြင်းနှင့်စပ်လျဉ်းသည့် မျက်မြင်သက်သေတစ်ဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ နိုဝင်ဘာလ 17 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ |
| 2017 ခုနှစ်၊ နိုဝင်ဘာလ 24 ရက်နေ့ | ဇေယျာဖြိုးနှင့်ဆက်စပ်၍ ရဲ၏ရှာဖွေမှုများတွင် မျက်မြင်သက်သေဖြစ်သော အင်းစိန်မြို့နယ်မှ 100-ရာအိမ်မှူးနှစ်ဦးဖြစ်သော မျက်မြင်သက်သေနှစ်ဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်နေ့ | သက်သေကိုမီးရှို့ဖျက်ဆီးခြင်းနှင့်စပ်လျဉ်းသော တစ်ဦးချင်းစီ၏ဝန်ခံမှုများကို ကြီးကြပ်သော နေပြည်တော်ရှိ မြို့နယ်တရားသူကြီးနှစ်ဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ ဒီဇင်ဘာလ 8 ရက်နေ့ | နေပြည်တော်ရှိ ဇေယျာဖြိုး၏လုပ်ငန်းဝန်းမှ ဖျက်ဆီးလိုက်သောသက်သေနှင့်စပ်လျဉ်းသည့် နောက်ဆုံးရက်သတ္တပတ်ကြားနာခြင်းထံမှ မြို့နယ်တရားသူကြီးနှစ်ဦးထံ ကနဦးထုတ်ပြန်ချက်များတင်ပြခဲ့သော ဝန်ထမ်းအဖွဲ့ဝင်သုံးဦးထံမှ သက်သေခံချက်။ |
| 2017 ခုနှစ်၊ ဒီဇင်ဘာလ 15 ရက်နေ့ | ပစ်ခတ်မှုသက်သေနှင့်စပ်လျဉ်းသော ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန (CID) ၏အဖွဲ့ဝင်များထံမှ သက်သေခံချက်၊ အောင်ဝင်းခိုင်၊ အောင်ဝင်းဇော်နှင့် ကြည်လင်းတို့၏ 2017 ခုနှစ်၊ ဇန်နဝါရီလ 29 ရက်နေ့မှ CCTV ပုံရိပ်များနှင့် တယ်လီဖုန်းမှတ်တမ်းများ၊ နှင့် CID ၏နည်းပညာဌာနမှစစ်ဆေးခဲ့သော ဇေယျာဖြိုးနှင့် ကြည်လင်းတို့မှရရှိသည့်ပစ္စည်းများ။ |
| | 2017 ခုနှစ်တွင် နောက်ထပ် IBAHRI စူးစမ်းလေ့လာမှုများ မရှိပါ။ |
| **2018** | |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 12 ရက်နေ့ | ကြည်လင်းနှင့် အောင်ဝင်းဇော်တို့အား လက်နက်ဆိုင်ရာအက်ဥပဒေ၏ ပုဒ်မ 19(ဃ) နှင့် (စ) အောက်တွင် တရားစွဲဆိုမှုများနှင့်စပ်လျဉ်း၍ လေဆိပ်တွင်တာဝန်ကျနေခဲ့သော ရဲအရာရှိတစ်ဦးထံမှ သက်သေခံချက်။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 19 ရက်နေ့ | စွပ်စွဲခံထားရသူများကိုစွဲဆိုထားသည်များအားလုံးနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအရာရှိထံမှ သက်သေခံချက်။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 25 ရက်နေ့ | တရားခံရှေ့နေအားလုံးမှ စုံစမ်းစစ်ဆေးရေးအရာရှိအား ပြန်လှန်စစ်မေးခြင်း။ |
| 2018 ခုနှစ် ဖေဖော်ဝါရီလ 2 ရက်နေ့ | နောက်တစ်ပတ်၏ တရားစွဲဆိုမှုအတည်ပြုခြင်း ကြားနာစစ်ဆေးချက်မတိုင်မီ ဥပဒေအရာရှိနှင့် တရားခံရှေ့နေအားလုံးမှ အမှုနှင့်ဆိုင်သည့်သက်သေပေါ်တွင် ငြင်းခုံမှုများကို ပိတ်သိမ်းခြင်း။ |
| 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 9 ရက်နေ့ | စွပ်စွဲခံထားရသူများအပေါ်တရားစွဲဆိုထားသည်များအား အတည်ပြုသည်။ ကြည်လင်းအား ရာဇသတ်ကြီးပုဒ်မ 302(1)(ခ) နှင့် 302(2) နှင့် လက်နက်အက်ဥပဒေ၏ ပုဒ်မ 19(ဃ) နှင့် (စ) အောက်တွင် တရားစွဲဆိုသည်။ အောင်ဝင်းဇော်အား ရာဇသတ်ကြီးပုဒ်မ 302(1)(ခ) နှင့် လက်နက်အက်ဥပဒေ၏ ပုဒ်မ 19(ဃ) နှင့် (စ) အောက်တွင် တရားစွဲဆိုသည်။ ဇေယျာဖြိုးအား ရာဇသတ်ကြီးပုဒ်မ 302(1)(ခ) အောက်တွင် တရားစွဲဆိုသည်။ အောင်ဝင်းထွန်းအား ရာဇသတ်ကြီးပုဒ်မ 212 အောက်တွင် တရားစွဲဆိုသည်။ အောင်ဝင်းခိုင်အား ရာဇသတ်ကြီးပုဒ်မ 302(1)(ခ) အောက်တွင် ၎င်း၏ပျက်ကွက်မှုအတိုင်း တရားစွဲဆိုသည်။ |
| 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 16 ရက်နေ့ | တရားခံရှေ့နေများသည် ၎င်းတို့၏ပထမစွဲချက်တင်သည့်သက်သေများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အခင်းဖြစ်ပွားသည့်နေ့အား ယခင်ကစစ်မေးခံခဲ့သော ရဲအရာရှိအားလုံးကို ပြန်လည်ခေါ်ယူသည်။ ဦးအောင်ခိုင်သည် အောင်ဝင်းထွန်းအတွက် အာမခံတောင်းဆိုသည်။ |
| 2018 ခုနှစ် ဖေဖော်ဝါရီလ 22 ရက်နေ့ | တရားရုံးမှ အောင်ဝင်းထွန်းအား အာမခံပေးသည်။ အာမခံသူနှစ်ဦးသည် မြန်မာကျပ်ငွေ သိန်း 500 (£28,400 နှင့်ညီမျှသည်) ကိုပေးရမည်ဖြစ်ကာ နောင်လာမည့်ကြားနာစစ်ဆေးခြင်းများတွင် ၎င်းရှိနေမည်ဆိုသည်ကို အာမခံသည်။ |
| 2018 ခုနှစ်၊ ဖေဖော်ဝါရီလ 23 ရက်နေ့ | တရားခံရှေ့နေသည် အခင်းဖြစ်သည့်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှိနေသော တက္ကစီယာဉ်မောင်းများနှင့် စုံစမ်းစစ်ဆေးရေး ရဲအရာရှိများအပါအဝင် စွဲချက်တင်သည့်သက်သေငါးဦးကို ပြန်လည်ခေါ်ယူသည်။ |
| 2018 ခုနှစ်၊ မတ်လ 8 ရက်နေ့ | 2018 ခုနှစ်၊ မတ်လ 6 ရက်နေ့တွင် တရားသူကြီးချုပ်အငြိမ်းစားယူသည့်ရလဒ်အဖြစ် တရားသူကြီးအသစ်တစ်ဦးမှ ကြားနာစစ်ဆေးခြင်းကို သဘာပတိအဖြစ်ဆောင်ရွက်ပါသည်။ 2018 ခုနှစ်၊ ဇန်နဝါရီလတွင် သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သောတရားသူကြီးမှာ ယခု တရားသူကြီးချုပ်ဖြစ်ပါသည်။ တရားခံရှေ့နေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ CCTV ကင်မရာအော်ပရေတာများအပါအဝင် စွဲချက်တင်သည့်မျက်မြင်သက်သေငါးဦးကို ပြန်လည်ခေါ်ယူပါသည်။ |
| 2018 ခုနှစ်၊ မတ်လ 9 ရက်နေ့ | တရားခံရှေ့နေသည် ဦးကိုနီ၏သမီး၊ 2017 ခုနှစ်၊ ဇန်နဝါရီလအတွင်း ကြည်လင်းနေထိုင်ခဲ့သည့် ဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီးတစ်ပါးနှင့် အမှုကိုစုံစမ်းစစ်ဆေးခဲ့သော ရဲအရာရှိများအပါအဝင် စွဲချက်တင်သည့် မျက်မြင်သက်သေငါးဦးကို ပြန်လည်ခေါ်ယူသည်။ |
| 2018 ခုနှစ်၊ မတ်လ 15 ရက်နေ့ | တရားခံရှေ့နေသည် စုံစမ်းစစ်ဆေးရေးအရာရှိနှင့် ဇေယျာဖြိုး၏ ကုမ္ပဏီနှင့်အိမ်ကို ရှာဖွေရာတွင် ပါဝင်ခဲ့သူများအပါအဝင် စွဲချက်တင်သည့်မျက်မြင်သက်သေခုနစ်ဦးကို ပြန်လည်ခေါ်ယူသည်။ |
| 2018 ခုနှစ်၊ မတ်လ 16 ရက်နေ့ | အထက်တရားရုံးသည် ဦးကျော်ကျော်ထိုက်နှင့် ဒေါ်ပပဝင်း၏လက်ထောက်တို့တင်ပြသော ပြန်လည်ပြင်ဆင်ခြင်းအသနားခံစာ၏ ဝင်ခွင့်နှင့်ပတ်သက်၍ ဆွေးနွေးမှုကို နားထောင်ပါသည်။ |

| | |
|---|---|
| 2018 ခုနှစ်၊ မတ်လ 22 ရက်နေ့ | ခေါင်းဆောင်တရားသူကြီးမှ အထက်တရားရုံးတွင် စဉ်းစားနေမှုမတိုင်မီ ပြန်လည်ပြင်ဆင်ရန်အသနားခံစာများကို အတည်ပြုခြင်းဖြင့် 2018 ခုနှစ်၊ ဧပြီလ 5 ရက်နေ့မတိုင်မီအထိ ရွှေ့ဆိုင်းလိုက်ပါသည်။ တရားခံထံမှ သက်သေခံချက်နှင့် ၎င်းတို့ပြောကြားထားသောမျက်မြင်သက်သေများသည် ၎င်းတို့အားမဆုံးဖြတ်ရသေးမချင်း ဆက်လုပ်၍မရနိုင်ပါ။ တရားခံအားလုံးသည် အကြမ်းဖက်မှုဆန့်ကျင်ရေးအက်ဥပဒေကို ချိုးဖောက်သောကြောင့် အထက်တရားရုံးတွင်စွပ်စွဲခြင်း၌ ရောဘတ်စန်းအောင်မှ အသနားခံစာတင်ပြခဲ့သည်ဟုလည်း နားလည်ထားပါသည်။ |
| 2018 ခုနှစ်၊ ဧပြီလ 5 ရက်နေ့ | ခေါင်းဆောင်တရားသူကြီးသည် အထက်တရားရုံးမှ ပြန်လည်ပြင်ဆင်မှုအသနားခံစာများကို မဆုံးဖြတ်ရသေးသောကြောင့် 2018 ခုနှစ်၊ ဧပြီလ 19 ရက်နေ့အထိ ဆက်လက်ဆောင်ရွက်ခြင်းများကို ရွှေ့ဆိုင်းပါသည်။ |
| 2018 ခုနှစ်၊ ဧပြီလ 19 ရက်နေ့ | ခေါင်းဆောင်တရားသူကြီးသည် ဆက်လက်လုပ်ဆောင်ခြင်းများကို ရွှေ့ဆိုင်းပါသည်။ |
| 2018 ခုနှစ်၊ မေလ 25 ရက်နေ့ | အထက်တရားရုံးသည် ပြန်လည်ပြင်ဆင်ခြင်းအသနားခံစာများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများကို နားထောင်ပါသည်။ |
| 2018 ခုနှစ်၊ ဇွန်လ 18 ရက်နေ့ | အထက်တရားရုံးသည် ပြန်လည်ပြင်ဆင်ခြင်းအသနားခံစာများအတွက် ဆုံးဖြတ်ချက်ကို ခွဲခြားကာ တန်ပြန်အကြမ်းဖက်မှုစွဲချက်များကိုထပ်ထည့်ရန် ငြင်းဆိုခဲ့ပါသည်၊ အောင်ဝင်းဇော်နှင့်စပ်လျဉ်းသော လက်နက် တင်သွင်းခြင်း၊ တင်ပို့ခြင်းနှင့် လက်ဝယ်ထားရှိခြင်းနှင့်သက်ဆိုင်သည့် လက်နက်အက်ဥပဒေစွဲချက်များကို ပလပ်ပြီး၊ ပြစ်မှုကျူးလွန်သူကို ကူညီခြင်းနှင့် အားပေးကူညီခြင်းတွင်သတ်မှုကျူးလွန်ရန်လုပ်ဆောင်ခြင်းပေါ်လွှင်မှုအရ ဇေယျာဖြိုးအပေါ်စွဲချက်များကို ပြင်ဆင်ချက်ထုတ်ပါသည် (ရာဇသတ်ကြီးပုဒ်မ 302(1)(ခ) နှင့် ရာဇသတ်ကြီးဥပဒေ၏ 109)။ |
| 2018 ခုနှစ်၊ ဇွန်လ 28 ရက်နေ့ | တရားခံသည် ပြင်ဆင်ထားသောစွဲချက်အားလုံးတွင် ဝန်ခံကတိပြုကာ မျက်မြင်သက်သေစာရင်းများကို တင်ပြပါသည်။ |
| 2018 ခုနှစ်၊ ဇူလိုင်လ 5 ရက်နေ့ | တရားခံသည် ၎င်းတို့၏မျက်မြင်သက်သေများအတွက် လိပ်စာများကို တရားရုံးထံ တင်ပြပါသည်။ ကြည်လင်းသည် တရားခံအဖြစ်စစ်မေးခံရန် သဘောတူပါသည်။ |
| 2018 ခုနှစ်၊ ဇူလိုင်လ 12 ရက်နေ့ | ကြည်လင်းသည် တရားခံအဖြစ် စစ်မေးခံပါသည်။ |
| 2018 ခုနှစ်၊ ဇူလိုင်လ 13 ရက်နေ့ | အောင်ဝင်းဇော်သည် မျက်မြင်သက်သေအဖြစ် စစ်မေးခံပါသည်။ |
| 2018 ခုနှစ်၊ ဇူလိုင်လ 20 ရက်နေ့ | အောင်ဝင်းဇော်သည် ၎င်း၏သက်သေခံချက်ကို ဆက်ပြောပါသည်။ |
| 2018 ခုနှစ်၊ ဇူလိုင်လ 26 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ အောင်ဝင်းဇော်သည် ဆက်လက်၍ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ ဇူလိုင်လ 27 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ ဦးနေလသည် အောင်ဝင်းဇော်ကို တန်ပြန်စစ်မေးပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 2 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ ဦးနေလသည် အောင်ဝင်းဇော်ကို တန်ပြန်စစ်မေးပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 3 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ ဦးနေလသည် အောင်ဝင်းဇော်ကို တန်ပြန်စစ်မေးပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 9 ရက်နေ့ | ဦးကျော်ကျော်ထိုက်နှင့် ဒေါ်ပပဝင်းတို့သည် အောင်ဝင်းဇော်ကို စစ်မေးပါသည်။ ဦးအောင်ခိုင်သည် အောင်ဝင်းဇော်ကို ပြန်ညွှန်ပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 10 ရက်နေ့ | ဇေယျာဖြိုးသည် မျက်မြင်သက်သေအဖြစ် သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 16 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ ဇေယျာဖြိုးသည် မျက်မြင်သက်သေအဖြစ် သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 17 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ ဇေယျာဖြိုးသည် မျက်မြင်သက်သေအဖြစ် သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 23 ရက်နေ့ | ဦးနေလသည် ဇေယျာဖြိုးကို တန်ပြန်စစ်မေးပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 24 ရက်နေ့ | ဦးနေလသည် ဇေယျာဖြိုးကို တန်ပြန်စစ်မေးပါသည် |
| 2018 ခုနှစ်၊ ဩဂုတ်လ 30 ရက်နေ့ | တရားရုံးသည် ကြည်လင်း၊ အောင်ဝင်းဇော်နှင့် အောင်ဝင်းထွန်းတို့အတွက် အမှုလိုက်ရှေ့နေတက်ရောက်မှုမရှိခြင်းအရ ရွှေ့ဆိုင်းပါသည်။ |
| 2018 ခုနှစ်၊ ဩဂုတ်လ 31 ရက်နေ့ | ဦးနေလသည် ဇေယျာဖြိုးကို တန်ပြန်စစ်မေးပါသည်။ ဦးအောင်ခိုင်နှင့် ဦးကျော်ကျော်ထိုက်တို့သည် ဇေယျာဖြိုးကို တန်ပြန်စစ်မေးပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 6 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ အောင်ဝင်းထွန်း၏ သက်သေခံချက်ပထမရက်နေ့။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 7 ရက်နေ့ | အောင်ဝင်းထွန်းမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 13 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ အောင်ဝင်းထွန်းမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 14 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ အောင်ဝင်းထွန်းမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 20 ရက်နေ့ | ကြည်လင်းမှ ၎င်း၏ ပထမဆုံး တရားခံမျက်မြင်သက်သေများကို ခေါ်ပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 21 ရက်နေ့ | အောင်ဝင်းဇော်သည် ၎င်း၏ ပထမဆုံး တရားခံသက်သေများကို ခေါ်ပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 27 ရက်နေ့။ | အောင်ဝင်းထွန်းကိုယ်စား တရားခံမျက်မြင်သက်သေသုံးဦးမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 4 ရက်နေ့ | အောင်ဝင်းဇော်နှင့် အောင်ဝင်းထွန်းကိုယ်စား တရားခံမျက်မြင်သက်သေများမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 5 ရက်နေ့ | အောင်ဝင်းထွန်းကိုယ်စား တရားခံမျက်မြင်သက်သေသုံးဦးမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 11 ရက်နေ့ | အောင်ဝင်းဇော်၏ဇနီး ဒေါ်မင်းမင်းထိုက်မှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 12 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 18 ရက်နေ့ | အောင်ဝင်းထွန်းကိုယ်စား တရားခံမျက်မြင်သက်သေနှစ်ဦးမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 19 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 1 ရက်နေ့ | ဇေယျာဖြိုးကိုယ်စား တရားခံမျက်မြင်သက်သေများမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 2 ရက်နေ့ | ဇေယျာဖြိုးကိုယ်စား တရားခံမျက်မြင်သက်သေများမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 15 ရက်နေ့ | အောင်ဝင်းထွန်းကိုယ်စား တရားခံမျက်မြင်သက်သေနှစ်ဦးမှ သက်သေခံပါသည်။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 16 ရက်နေ့ | တရားခံမျက်မြင်သက်သေနှစ်ဦးမှာ စာရင်းမှဖယ်ရှားခံရပြီး တရားခံမျက်မြင်သက်သေအသစ် သုံးဦးကို ထပ်ထည့်ပါသည်။ ကြားနာစစ်ဆေးမှုမရှိပါ။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 29 ရက်နေ့ | IBAHRI စူးစမ်းလေ့လာခြင်းမရှိပါ။ ဇေယျာဖြိုး၏ကုမ္ပဏီအတွက် အလုပ်လုပ်သောဝန်ထမ်း၏ သက်သေခံချက်။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 30 ရက်နေ့ | ဇေယျာဖြိုးကိုယ်စား တရားခံမျက်မြင်သက်သေနှစ်ဦးမှ သက်သေခံသည်။ |
| 2018 ခုနှစ်၊ ဒီဇင်ဘာလ | မြန်မာနိုင်ငံရှိ IBAHRI စူးစမ်းလေ့လာသူ၏ပျက်ကွက်မှုကြောင့် 2018 ခုနှစ်၊ ဒီဇင်ဘာလတွင် ကြားနာစစ်ဆေးမှုများကို စူးစမ်းလေ့လာခြင်းမရှိပါ။ |

| 2019 | |
|---|---|
| 2019 ခုနှစ်၊ ဇန်နဝါရီလ 10 ရက်နေ့ | တရားခံရှေ့နေမှ ၎င်းတို့တွင် ခေါ်ယူရန် မျက်မြင်သက်သေ၀ါးဦးကျန်ရှိသည်ဟု ထုတ်ပြန်ပါသည်။ မည်သူမှတက်ရောက်ခြင်းမရှိဘဲ တရားရုံးမှ ရွှေ့ဆိုင်းပါသည်။ |
| 2019 ခုနှစ်၊ ဇန်နဝါရီလ 11 ရက်နေ့ | တရားခံရှေ့နေမှ တရားရုံးသို့လာရန်စီစဉ်ထားသည့် မျက်မြင်သက်သေသုံးဦးကို စွန့်လွှတ်မည်ဖြစ်ကာ ခေါ်ယူရန် မျက်မြင်သက်သေနှစ်ဦး ကျန်ရှိသည်ဟု ထုတ်ပြန်ပြောကြားပါသည်။ မည်သူမှတက်ရောက်ခြင်းမရှိဘဲ တရားရုံးမှ ရွှေ့ဆိုင်းပါသည်။ |
| 2019 ခုနှစ်၊ ဇန်နဝါရီလ 17 ရက်နေ့ | ဇေယျာဖြိုး၏ဇနီးဖြစ်သူ သီတာလွင်မှ သက်သေခံပါသည်။ |
| 2019 ခုနှစ်၊ ဇန်နဝါရီလ 18 ရက်နေ့ | ဇေယျာဖြိုး၏ကိုယ်စား တရားခံမျက်မြင်သက်သေမှ သက်သေခံပါသည်။ |
| 2019 ခုနှစ်၊ ဖေဖော်ဝါရီလ 1 ရက်နေ့ | နောက်ဆုံး တရားခံရှေ့နေ၏ ပြင်းဆိုမှုများ။ ဦးအောင်ခိုင် လာရောက်ခြင်းမရှိပါ။ |
| 2019 ခုနှစ်၊ ဖေဖော်ဝါရီလ 15 ရက်နေ့ | အားလုံးအပြစ်ရှိသည်ဟု စီရင်ချက်ချပါသည်။ |

# နောက်ဆက်တွဲ 3- တောင်းဆိုချက်များနှင့် အစည်းအဝေး ရက်စွဲများ

| နေ့စွဲ | အစည်းအဝေးအသေးစိတ်အချက်များ |
|---|---|
| 2017 ခုနှစ်၊ ဇွန်လ 23 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်တို့သည် ဦးနေလနှင့် တွေ့ဆုံပါသည်။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 7 ရက်နေ့ | အမှုလိုက်ရှေ့နေအားလုံး၏ အဆက်အသွယ်အသေးစိတ်ကိုရရှိရန် ၎င်းတို့ထံ ချဉ်းကပ်ပါသည်။ ဥပဒေအရာရှိမှ ပယ်ချခဲ့သော်လည်း တရားရုံး၏ မီဒီယာအရာရှိနှင့် စကားပြောရန် အကြံပြုပါသည်။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 7 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်တို့သည် မြောက်ပိုင်းခရိုင်တရားရုံး၏ ဒုတိယခရိုင်တရားသူကြီးနှင့် ရုံး၏သတင်းအချက်အလက်ဌာနခွဲခေါင်းဆောင်ဖြစ်သော တရားရုံး၏ မီဒီယာအရာရှိနှင့် တွေ့ဆုံပါသည်။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 21 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်တို့သည် ဦးကျော်ကျော်ထိုက်အား တွေ့ဆုံမှုထံဖိတ်ကြားရန် ချဉ်းကပ်ပါသည်။ |
| 2017 ခုနှစ်၊ ဇူလိုင်လ 28 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်တို့သည် ဦးအောင်ခိုင်အား တွေ့ဆုံမှုထံဖိတ်ကြားရန် ချဉ်းကပ်ပါသည်။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 11 ရက်နေ့ | ဦးကျော်ကျော်ထိုက်မှ စုံစမ်းလေ့လာသူထံချဉ်းကပ်ကာ သူမထံမှစာကို ရရှိကြောင်းနှင့် တွေ့ဆုံမှုကိုစီစဉ်သတ်မှတ်လိုကြောင်း ပြောကြားပါသည်။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 17 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်တို့သည် အမှုလိုက်ရှေ့နေအားလုံးကို ဖုန်းခေါ်ဆိုပါသည်။ ရောဘတ်စန်းအောင်သည် ဩဂုတ်လ 23 ရက်နေ့တွင် တွေ့ဆုံရန် သဘောတူပါသည်။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 18 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်တို့သည် တရားရုံးတွင် တရားခံရှေ့နေနှင့် စကားပြောဆိုပါသည်။ ဦးညွန့်ရွှေသည် အခြားစွပ်စွဲမှုများနှင့်ပတ်သက်သည့် အချို့သောသက်သေများကို တင်ပြသည်အထိ စောင့်ဆိုင်းလိုကြောင်း ပြောကြားပါသည်။ ဒေါ်ပပဝင်းမှ သူမသည် တွေ့ဆုံမှုကိုစီစဉ်ရန်အတွက် ၎င်းတို့အားဆက်သွယ်မည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဦးကျော်ကျော်ထိုက်သည် ဩဂုတ်လ 23 ရက်နေ့တွင် တွေ့ဆုံရန် သဘောတူပါသည်။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 23 ရက်နေ့ | ဦးကျော်ကျော်ထိုက်၊ ရောဘတ်စန်းအောင်တို့နှင့် တွေ့ဆုံခြင်း။ |
| 2017 ခုနှစ်၊ ဩဂုတ်လ 25 ရက်နေ့ | စုံစမ်းလေ့လာသူသည် ဦးနေလနှင့်စကားပြောဆိုကာ တွေ့ဆုံမှုကိုစီစဉ်ရန်အတွက် ၎င်းထံဖုန်းခေါ်ရန် စီစဉ်ပါသည်။ |
| 2017 ခုနှစ်၊ အောက်တိုဘာလ 12 ရက်နေ့ | ဦးနေလနှင့်တွေ့ဆုံခြင်း |
| 2017 ခုနှစ်၊ ဒီဇင်ဘာလ 15 ရက်နေ့ | စကားပြန်သည် တွေ့ဆုံရန်အတွက်တောင်းဆိုရန် ဒေါ်ပပဝင်းကို ချဉ်းကပ်ပါသည်၊ သူမသည် သူမထံဖုန်းခေါ်ဆိုခြင်းဖြင့် တွေ့ဆုံရန်နှင့် စီစဉ်ရန် နှစ်သက်ကြောင်းကို ပြောကြားပါသည်။<br>စုံစမ်းလေ့လာသူနှင့် စကားပြန်သည် တရားရုံး၏နေ့လည်စာနားချိန်အတွင်း ဦးနေလနှင့် လက်ဖက်ရည်သောက်ပါသည်။ ရောဘတ်စန်းအောင်သည် စုံစမ်းလေ့လာသူကိုချဉ်းကပ်ကာ ၎င်းအနေဖြင့် တွေ့ဆုံရန် စီစဉ်လိုကြောင်း ပြောပါသည်။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 12 ရက်နေ့ | စကားပြန်သည် တွေ့ဆုံမှုအတွက် ရောဘတ်စန်းအောင်ကို ချဉ်းကပ်ကာ၊ တွေ့ဆုံမှုတစ်ခုကို ဇန်နဝါရီလ 15 ရက်နေ့အတွက် စီစဉ်လိုက်ပါသည်။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 15 ရက်နေ့ | ရောဘတ်စန်းအောင်နှင့်တွေ့ဆုံခြင်း။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 19 ရက်နေ့ | ဦးနေလသည် ကြားနာစစ်ဆေးခြင်းမစမီတွင် တရားရုံးလက်ဖက်ရည်ဆိုင်နားတစ်ဝိုက်တွင် စုံစမ်းလေ့လာသူနှင့် စကားပြန်တို့နှင့်အတူ ကော်ဖီသောက်ရန် ပြောကြားပါသည်။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 20-21 ရက်နေ့ | စကားပြန်သည် တွေ့ဆုံရန်အတွက်တောင်းဆိုရန် တရားခံရှေ့နေအားလုံးထံ ဖုန်းခေါ်ဆိုပါသည်။ ၎င်းတို့အားလုံးမှ နောက်ပိုင်းနေ့စွဲတစ်ခုတွင် တွေ့ဆုံမှုများကိုစီစဉ်မည်ဖြစ်ကြောင်း အကြောင်းပြန်ပါသည်။ |
| 2018 ခုနှစ်၊ ဇန်နဝါရီလ 25 ရက်နေ့ | တရားရုံး၏ ထမင်းစားနားချိန်အတွင်း၊ စုံစမ်းလေ့လာသူနှင့် စကားပြန်သည် ဦးညွန့်ရွှေ၏လက်ထောက်ရှေ့နေအား တွေ့ဆုံရန် ပြောကြားပါသည်။ ၎င်းမှ တရားစွဲဆိုမှုကိုအတည်ပြုသည့် ကြားနာစစ်ဆေးခြင်းပြီးသည်အထိ ၎င်းတို့အား စောင့်ဆိုင်းစေလိုပါသည်။ |
| 2018 ခုနှစ်၊ မတ်လ 8 ရက်နေ့ | စုံစမ်းလေ့လာသူသည် ဦးနေလကို တွေ့ဆုံရန်ပြောကြားပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 21 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်သည် အင်တာဗျူးများကိုစီစဉ်ရန်အတွက် ဦးအောင်ခိုင်နှင့် ဒေါ်ပပတို့နှင့် စကားပြောဆိုပါသည်။ ဦးအောင်ခိုင်မှ 2018 ခုနှစ်၊ စက်တင်ဘာလ 27 ရက်နေ့တွင်လုပ်မည့် လာမည့်အပတ်၏ကြားနာစစ်ဆေးခြင်းပြီးသည့်နောက် စကားပြောနိုင်သည်ဟု ပြောပါသည်။ ဒေါ်ပပဝင်းမှနေ၍ သူမသည် သူမ၏အမှုသည်ဖြစ်သူ ဖေယျာဖြိုးနှင့် ဦးစွာစကားပြောဆိုရန် ၎င်းတို့အားခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြောကြားပါသည်။ |
| 2018 ခုနှစ်၊ စက်တင်ဘာလ 27 ရက်နေ့ | စုံစမ်းလေ့လာသူနှင့် စကားပြန်သည် နေ့စွဲများ ရှာနေပြီး ၎င်းတို့နှင့် လာမည့်ရက်သတ္တပတ် 2018 ခုနှစ်၊ အောက်တိုဘာလ 4 ရက်နေ့တွင်တွေ့ဆုံနိုင်ကြောင်း ပြောကြားသည့် ဦးအောင်ခိုင်နှင့် စကားပြောဆိုပါသည်။ |
| 2018 ခုနှစ်၊ အောက်တိုဘာလ 4 ရက်နေ့ | တရားရုံးရှိလက်ဖက်ရည်ဆိုင်တွင် ဦးအောင်ခိုင်နှင့် တွေ့ဆုံခြင်း။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 15 ရက်နေ့ | တရားခွင်တွင်ထိုင်နေစဉ်၊ ဖေယျာဖြိုးသည် သူ၏ဇနီး သီတာလွင်ထံမှတစ်ဆင့် အမှန်တရားကိုရင်ဆိုင်ကာ အမှန်တရားပေါ်ပေါက်ရန်အတွက် တောင်းဆိုရန် ၎င်းတို့မှ ကူညီနိုင်ခြင်း ရှိ မရှိ စုံစမ်းလေ့လာသူနှင့် စကားပြန်အား မေးမြန်းပါသည်။ ဤတရားခွင်ပြီးဆုံးရန်စောင့်ဆိုင်းနေရခြင်းအတွက် ၎င်းတွင် ဆုံးရှုံးမှုအများအပြားရှိခြင်းကြောင့် ၎င်းတို့နှင့်စကားပြောဆိုရန် ပျော်ရွှင်မိသည်ဟု ၎င်းမှ ပြောကြားပါသည်။ ၎င်းတို့မှာ တစ်နှစ်ကျော်အောင် တက်ရောက်နေခဲ့ကြသည်ကို သတိထားမိသည်ဟု ၎င်းက ပြောကြားပါသည်။ ၎င်းတို့သည် သတင်းထောက်များမဟုတ်ဘဲ မျှတသောတရားခွင် ရပိုင်ခွင့်ချိုးဖောက်မှုတစ်စုံတစ်ရာအတွက် ဆက်လက်လုပ်ဆောင်နေမှုများကို စောင့်ကြည့်နေသော IBAHRI အတွက် ကြားနေစုံစမ်းလေ့လာသူများသာဖြစ်ပါသည်ဟု စုံစမ်းလေ့လာသူမှ ရှင်းပြခဲ့ပါသည်။ သီတာလွင်နှင့် ဖေယျာဖြိုးတို့သည် တရားသူကြီးများအနေဖြင့် ပုံမှန်လုပ်ဆောင်သည်ထက်ပိုကာ မျှတစွာဆောင်ရွက်မည်ဟု တွေးမိသောကြောင့် လူများမှ ၎င်းတို့၏တရားခွင်ကို စောင့်ကြည့်နေကြခြင်းအပေါ် ပျော်ရွှင်မိပါသည်ဟု ပြောကြားပါသည်။ စုံစမ်းလေ့လာသူသည် ၎င်း၏ရှေ့နေနှင့် စကားပြောဆိုနိုင်သည်ဟု ဖေယျာဖြိုးမှပြောကြားကာ စုံစမ်းလေ့လာသူက သူမနေဖြင့် တွေ့ဆုံရန် စီစဉ်မည်ဖြစ်ကြောင်း ပြောကြားပါသည်။ |
| 2018 ခုနှစ်၊ နိုဝင်ဘာလ 30 ရက်နေ့ | ဆက်လက်လုပ်ဆောင်ခြင်းမပြုမီတွင် ရောဘတ်စန်းအောင်သည် တရားရုံးရှိလက်ဖက်ရည်ဆိုင်တွင် စုံစမ်းလေ့လာသူနှင့်အတူ ထိုင်နေပါသည်။ |
| 2019 ခုနှစ်၊ ဇန်နဝါရီလ 10 ရက်နေ့ | အစွပ်စွဲခံရသူခုံနေရာတွင်ထိုင်နေသော ဖေယျာဖြိုးသည် အမှုကို မြန်မြန်ဆောင်ရွက်သည်ကို တွေ့မြင်လိုသောကြောင့် စုံစမ်းလေ့လာသူနှင့် ရှိနေသူများဘက်သို့ မျက်နှာကိုလှည့်လိုက်ပြီး၊ မျက်မြင်သက်သေများကို မျက်မြင်သက်သေစာရင်းမှပယ်ရှားရန် ကြိုးစားခဲ့ပါသည်။ ၎င်း၏မိသားစုသည် မျက်မြင်သက်သေများကိုပိုမိုခေါ်ယူရန် ၎င်းကို တိုက်တွန်းအားပေးခဲ့သော်လည်း ၎င်းသည် ရာဇဝတ်သားတစ်ဦးမဟုတ်သောကြောင့် နောက်ထပ်သက်သေများကို ခေါ်ယူလိုခြင်းမရှိပါဟု ၎င်းက ပြောကြားပါသည်။ |
| 2019 ခုနှစ်၊ မတ်လ 11 ရက်နေ့ | ရောဘတ်စန်းအောင်နှင့်တွေ့ဆုံခြင်း။ |

Human Rights Institute

**International Bar Association**

4th Floor, 10 St Bride Street

London EC4A 4AD, United Kingdom

တယ်လီဖုန်း- +44(0)2078420090

ဖက်စ်- +44(0)2078420091

**www.ibanet.org**

© International Bar Association 2019